# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၁၉ ခုနှစ်၊ သြဂုတ် ၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၃၀၈)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကြည့်ရှုလေ့လာ

# ယဉ်ကျေးမှုအမွေအနှစ်များ၊ ဗိသုကာလက်ရာများ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ရန်မှာကြား




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

**ညောင်ဦး သြဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းရေးတို့အတွက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ သူရဦးအောင်ကို၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းမောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်


*စာမျက်နှာ ၃ ကော်လံ ၁* ❖





# သားသမီးနှင့်မိခင် နှစ်ဦးနှစ်ဝအကျိုးရှိရာ

ယခုဩဂုတ်လသည် မိခင်များနှင့်ကလေးလူငယ်များ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည့်လ ဖြစ်သည်။ ဩဂုတ်လပထမပတ်မှ စတုတ္ထပတ်အထိ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ကာ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးနှင့် လူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့မှုကြောင့်ဖြစ်ပွားသောရောဂါများ ပပျောက်ရေးနှင့် အစာတွင် အဏုအာဟာရဖြည့်စွက်ရေး ရက်သတ္တပတ်အဖြစ် မြန်မာတစ်နိုင်ငံလုံးတွင် လွှမ်းခြုံဆောင်ရွက်သွားမှာ ဖြစ်သည်။ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထု၏ အာဟာရဆိုင်ရာ အသိသုတများမြင့်မားလာပြီး စားသောက်နေထိုင်မှုအမူအကျင့်များ ပိုမိုတိုးတက်လာသည်နှင့်အမျှ မိခင်များနှင့်ကလေးများ အာဟာရပြည့်ဝကျန်းမာခြင်းဟူသော ရလဒ်ကောင်းများ ရရှိလာနိုင်မည်လည်း ဖြစ်သည်။

ဩဂုတ်လ၏ ပထမအပတ်သည် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဖြစ်သည့်အလျောက် မိခင်နို့တိုက်ကျွေးခြင်းအားဖြင့် ကလေးနှင့်အတူ မိခင်အတွက်ပါ အကျိုးဖြစ်ထွန်းစေကြောင်း အသိသုတတို့ မျှဝေလိုသည်။ မြန်မာနိုင်ငံတွင် မွေးကင်းစမှ ခြောက်လအထိအရွယ် ကလေးငယ်လေးဦးလျှင် တစ်ဦးသာမိခင်နို့ သောက်သုံးခွင့်ရသည်ဟူသော သုတေသနစစ်တမ်းတွေ့ရှိချက်ကလည်း အသိပညာပေးမှုများ အရှိန်မြှင့်ဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟု ဆိုနေသည့်သဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်များ ကျင်းပကာ မွေးကင်းစမှ ခြောက်လအထိကလေးများကို မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန် နှစ်စဉ်ပညာပေးလာခဲ့သည်မှာ ယခုနှစ်အပါအဝင် ၂၈ နှစ်ပင် ရှိခဲ့ပြီ။ မိခင်နို့တိုက်ကျွေးရေးပညာပေးရက်သတ္တပတ်များ စတင်ကျင်းပခဲ့သည့် အစောပိုင်းနှစ်များက မွေးဖွားခဲ့သော သမီးငယ်များသည်ပင် မိခင်များ၊ မိခင်လောင်းများ ဖြစ်လာကြပြီ။ နို့တိုက်မိခင်များမှာ မိမိကိုယ်တိုင်အာဟာရပြည့်ဝကာ စားသောက်တတ်ရမည်ဖြစ်သည်။

မိခင်နို့သည် မွေးခါစကလေးအတွက် အကောင်းဆုံးအာဟာရဖြစ်သည်။ မွေးဖွားပြီးစ နာရီဝက်အတွင်း မိခင်နို့ကို စတင်တိုက်ရမည်။ မီးဖွားပြီး တစ်ရက်၊ နှစ်ရက်အတွင်း ထွက်သည့်နို့ရည်ကြည် (နို့ဦးရည်) သည် ကလေးကို မဖြစ်မနေတိုက်ကျွေးရမည့် သက်စောင့်ဓာတ်ဖြစ်သည်။ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ရန်၊ ရေအပါအဝင် မည်သည့်အရည်အဖတ်မျှ မတိုက်မကျွေးရန်လည်း တိုက်တွန်းထားသည်။ မိခင်နို့ကို ကလေးအသက်တစ်နှစ်ခွဲ၊ နှစ်နှစ်အရွယ်အထိ တိုက်နိုင်သည်။

မွေးကင်းစကလေးများ အသားဝါခြင်းတွင် မိခင်နို့ကိုသေချာစွာတိုက်ကျွေးခြင်းက အဓိကကုသမှုပင်ဖြစ်သည်။ နို့ရည်မှရသော အာဟာရဓာတ်က ကလေးကို ဆီး၊ ဝမ်းများ သွားစေပြီး အသားဝါဓာတ်ကို လျော့ကျသွားစေနိုင်သည်။ နို့မှုန့်နှင့် အခြားဖြည့်စွက်စာကို အားထားနေကြရသည့် ကလေးများမှာမူ ဝမ်းပျက်ဝမ်းလျှော၊ အဆုတ်ရောင်၊ အဝလွန်၊ ဆီးချိုသွေးချို၊ ပန်းနာရင်ကျပ်တို့ ဖြစ်နိုင်သည်။

မိခင်နို့ တိုက်ကျွေးခြင်းက ကလေးကိုသာမက ကလေးမိခင်ကိုပါ အကျိုးဖြစ်ထွန်းနိုင်သည်။ ကလေးကို နို့တိုက်ကျွေးရာတွင် ထွက်လာသော ဟော်မုန်းက မိခင်၏ သားအိမ်ကို ကျုံ့စေပြီး သားအိမ်မှသွေးသွန်ခြင်းကို သက်သာစေသည်။ သားအိမ်ကို ချုပ်စေသည်။ နို့တိုက်မိခင်တစ်ဦး အသက်ကြီးလာချိန်တွင် နှလုံးရောဂါဖြစ်နိုင်ချေကို ပိုနည်းစေသည်။ မိခင်နို့တိုက်သည့်ကာလကြာလေ နှလုံးရောဂါအန္တရာယ် ပိုနည်းလေဖြစ်သည်ဟု သုတေသနတစ်ရပ်က ဆိုသည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် ကိုယ်အလေးချိန် ထိန်းသိမ်းမှုကို အထောက်အကူပြုနိုင်ပြီး သွေးအတွင်း သကြားဓာတ်ကို ထိန်းညှိပေးနိုင်သည့်အတွက် ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ချေကို လျော့နည်းစေနိုင်သည်။

နို့စို့အရွယ်ကလေးများ အာဟာရဖွံ့ဖြိုးခြင်းက ၎င်း၏ဘဝတာအတွက် အရေးပါသည်။ အာဟာရပြည့်ဝ ကျန်းမာသည်နှင့်အမျှ ကြံ့ခိုင်သန်စွမ်းခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်း ရလဒ်များနှင့်အတူ ကာယဗလ၊ ဉာဏဗလတို့ဖွံ့ဖြိုးကာ နိုင်ငံအတွက်လည်း အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာနိုင်မည်။ အာဟာရချို့တဲ့ အားနည်းကာ ပိန်လှီချည့်နဲ့၍ နိုင်ငံအတွက် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးများ ဖြစ်မလာစေရန်မှာ အာဟာရဖွံ့ဖြိုးရေးသည် အဓိကဖြစ်ပါကြောင်း။ ။

# ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲအတွက် ပညာရှင်များနှင့် စာတမ်းရှင်များဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၃**

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာအလုပ်ရုံဆွေးနွေးပွဲ (Workshop on Gold Gilding Technology for Shwedagon Pagoda, Myanmar) ကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သပ္ပာယ်စွာ အရှည်တည်တံ့ခိုင်မြဲစေရန်နှင့် စေတီတော်ကြီးတွင် ကပ်လှူထားသော ရွှေသင်္ကန်းတော်များဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စေတီတော်မြတ်ကြီးအား နှစ်ပရိစ္ဆေဒကြာမြင့်စွာ အရှည်တည်တံ့ခိုင်မြဲစေရန်တို့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးစီး၍ ပညာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကာ ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာစာတမ်းများ တင်သွင်းနိုင်ရန်နှင့် ပညာရှင်များကိုယ်တိုင်ဝင်ရောက်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရွှေသင်္ကန်းတော် ကပ်လှူခြင်းဆိုင်ရာ နည်းပညာနယ်ပယ်များအနေဖြင့် ရွှေလွှာတင်ခြင်းနည်းပညာ၊ လျှပ်စစ်သုံးရွှေလွှာတင်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေကပ်ခြင်းနည်းပညာ၊ ရွှေစင်ပြားနှင့် မျက်ပါးရွှေထုတ်လုပ်ခြင်းနည်းပညာနှင့် ရွှေပြားကပ်သည့်နေရာ၌ အသုံးပြုသောပစ္စည်းများအပေါ်တွင် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုတို့ဖြစ်ပြီး ပညာရှင်များနှင့် စာတမ်းရှင်များကို ဖိတ်ခေါ်ထားကြောင်း Email: wggtshwedagon@ytu.edu.mm နှင့် wggtshwedagon@ gmail.com၊ Website: www.ytu.edu.mm/WGGT2019၊ Facebook Page: www.facebook.com/WGGT2019 နှင့် ဖုန်း ၀၁-၉၆၆၃၂၉၁၊ ၀၉-၈၇၉၄၄၇၀၀၇ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**မောင်လူမော်**

# အမျိုးသားအဆင့် အညွှန်းမှုဘောင် အဆိုပြုရေးဆွဲရေး အမျိုးသားမူဝါဒ နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

ပညာရေးအရည်အသွေး မြင့်မားရန်အတွက် ဆရာများ၏ အရည်အသွေးသည် အရေးကြီးကြောင်း၊ ဆရာများကို အရည်အသွေးမြင့်ရန်အတွက် ဆရာများ၏ ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းများ ပေးရန် အဓိကလိုအပ်ကြောင်း ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြောကြားသည်။



အမျိုးသားအဆင့် အညွှန်းမှုဘောင် အဆိုပြုရေးဆွဲရေး အမျိုးသားမူဝါဒ နှီးနှောဖလှယ်ပွဲကျင်းပစဉ်။

ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်ပင်လုံခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံရှိ ကျောင်းအုပ်ကြီးများနှင့် လုပ်ငန်းခွင်မှ ဆရာများ၏ တန်းတူညီမျှသော အရည်အသွေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားအဆင့်အညွှန်းမှုဘောင် အဆိုပြုရေးဆွဲရေး အမျိုးသားမူဝါဒနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) တွင် ထိုသို့ပြောကြားခြင်းဖြစ်သည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kunugi က နှုတ်ခွန်းဆက်စကား ပြောကြားပြီး UNICEF မှ လုပ်ငန်းခွင်ဆရာ ဆရာမများ၏ စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင်ရေးအစီအစဉ် (CPD) ၏ နိုင်ငံတကာအတိုင်ပင်ခံ James Jennings က နိုင်ငံတကာတွင် ဆရာများ၏ အရည်အသွေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှု CPD ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) ဒေါက်တာ တင်မောင်ဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာ အောင်မင်းတို့က CPD နှင့်စပ်လျဉ်း၍ အနှစ်ချုပ်ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်များမှ ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များမှ ဆရာ ဆရာမများ၊ Teacher Task Force မှ အငြိမ်းစားဆရာ ဆရာမကြီးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အဆင့် မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများမှ ဆရာ ဆရာမများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အခြေခံပညာမူလတန်းကျောင်းများရှိ သင်တန်းမရှိသေးသော ဆရာများအတွက် စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင်ရေးအစီအစဉ်၊ မူလတန်းအဆင့် ကျောင်းများရှိ ဆရာများ အားလုံးအတွက် စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင်ရေးအစီအစဉ်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းများရှိ ဆရာများအတွက် စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင်ရေး အစီအစဉ်၊ အခြေခံပညာ ကျောင်းအုပ်ကြီးများအတွက် စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင်ရေး အစီအစဉ်များ ခေါင်းစဉ်များဖြင့် အဖွဲ့လိုက်ဆွေးနွေးကြသည်။

**ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**

# ကြော်ငြာအသံချဲ့စက်ကြောင့် ပြည်သူများစိတ်အနှောင့်အယှက်ဖြစ်

*ထင်သာမြင်သာပြုပြင်စရာ*

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ စိန်တည်းခိုခန်းတွင် ဖွင့်လှစ်ထားသော မျက်စိမျက်မှန် စမ်းသပ်ပြုလုပ်ပေးသည့် အဖွဲ့တစ်ခုက ပြည်သူ့ဆေးရုံ၊ ဘုရားကျောင်းကန်များရှိ တရားစခန်းနှင့် ရပ်ကွက်များအတွင်းသို့ အသံချဲ့စက် အားကုန်ဖွင့်လျက် အကြိမ်ကြိမ်လှည့်လည်ကာ အော်ဟစ်ကြော်ငြာနေသဖြင့် တရားရှုဖတ်နေကြသော ယောဂီသူတော်စင်များ၊ လူနာဝေဒနာရှင်များနှင့် ရပ်ကွက်နေပြည်သူများမှာ နားမခံသာနိုင်အောင် စိတ်အနှောင့်အယှက်ဖြစ်နေကြရသည်။

သို့ဖြစ်၍ သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် ပြည်သူများကလိုလားလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မုတ်သုံလေ ဆက်လက်အားကောင်းမည်

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**မိုး/၉လ**







ဓမ္မရံကြီးဘုရား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ စွယ်တော်မြတ်လေးဆူဖြစ်သည့် ရွှေစည်းခုံစေတီ၊ တန့်ကြည့်တောင်စေတီ၊ လောကနန္ဒာစေတီ၊ တုရင်တောင်စေတီနှင့် အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရားနှင့် သဗ္ဗညုဘုရားတို့အား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြား**

ထို့နောက် နိုင်ငံတော်သမ္မတသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကာ ပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုလေ့လာပြီး ပုဂံဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဗိသုကာလက်ရာများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

**ပြန်လည်ရောက်ရှိ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညောင်ဦးမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

# ပြည်သူများနှင့် နိုင်ငံတော်၏အကျိုးရှေးရှု၍ မြန်မာ့ကျောက်မျက်ရတနာများကို သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ရေး တာဝန်ရှိသူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

**တတိယအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အသင်းတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးရေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၇ ခုနှစ်မှစတင်၍ ဩဂုတ်လ ၃ ရက်ကို ကျောက်မျက်ရတနာကဏ္ဍ၏ နေ့ထူးနေ့မြတ်၊ မြန်မာ့ကျောက်မျက်ရတနာနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း စတင်တည်ထောင်ခွင့်ရရှိသည့် အချိန်မှစ၍ မြန်မာနိုင်ငံအတွင်း ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းခွဲများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အပြင် ဒေသခံတိုင်းရင်းသားများ၏ ကျောက်မျက်ရတနာလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**နိုင်ငံ၏ စီးပွားရေး အထောက်ကူပြု**

မြန်မာ့ကျောက်မျက်ရတနာများသည် နိုင်ငံအတွက် နိုင်ငံခြားငွေ ရှာဖွေပေးနိုင်သကဲ့သို့ အခွန်ဘဏ္ဍာများစွာ ရရှိပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အထောက်အကူပြုလျက်ရှိပါကြောင်း၊ ကျောက်မျက်ရတနာကဏ္ဍသည် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနေသည့် စီးပွားရေးကဏ္ဍတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာကဏ္ဍ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ ရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်စေရန်နှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကိုရှေးရှု၍ မြန်မာ့ကျောက်မျက်ရတနာများကို သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ရေး တာဝန်ရှိသူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်း၏ စတုတ္ထသက်တမ်းဥက္ကဋ္ဌ ဦးရုံးမှူက မြန်မာ့ကျောက်မျက်ရတနာနေ့အတွက် ဂုဏ်ပြုစကား ပြောကြားသည်။

**စိုက်ခင်း ဧက ၁၀၀ အတွက် ငွေလှူ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက လှူဒါန်းသည့် ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ အတွက် အလှူငွေများကို လက်ခံရယူပြီး အသင်းဥက္ကဋ္ဌအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မြန်မာ့ကျောက်မျက်ရတနာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြသူများနှင့် အသင်းအဖွဲ့များကို ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**ဖွဲ့စည်းပုံစည်းမျဉ်းဆိုင်ရာ ရှင်းလင်း**

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ ဒသမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းအလုပ်အမှုဆောင်အဖွဲ့၏ (၂၀၁၈-၂၀၁၉)ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာအကျဉ်းချုပ်ကိုတင်ပြခြင်း၊ ငွေစာရင်းနှစ်ချုပ်ရှင်းတမ်းရှင်းလင်းခြင်းနှင့် အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်းများကို ဆောင်ရွက်ကြသည်။ **သတင်းစဉ်**




တတိယအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

## စစ်တောင်းနှင့် သောင်ရင်းမြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်း မြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ဖွယ်ရာရှိသည်။

သို့ဖြစ်၍ မဒေါက်မြို့နှင့် မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**





ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။ (သတင်း- ရှေ့ဖုံး) သတင်းစဉ်

# ပညာရေးကဏ္ဍတွင် ဆန်းသစ်တီထွင်ခြင်းသည် အရည်အသွေးရှိသော ပြုပြင်ပြောင်းလဲမှုကို ပိုမိုအားကောင်းစေ

မန္တလေး ဩဂုတ် ၃

**အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီက ကျင်းပပြုလုပ်သည့် အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြား သင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်နိုင်ရေးကို ဦးတည်ရန်အတွက် တက္ကသိုလ်စီမံအုပ်ချုပ်မှု၊ ဖွဲ့စည်းပုံ၊ သင်ရိုးညွှန်းတမ်း၊ သင်တန်းနှင့် သင်ကြားသင်ယူမှုနည်းလမ်း၊ သုတေသနနှင့် သုတေသနဂျာနယ်ထုတ်ဝေခြင်း၊ တက္ကသိုလ်တွင်းအရည်အသွေးအာမခံမှုနှင့် ပညာရပ်ဆိုင်ရာ စံသတ်မှတ်ချက်၊ ကျောင်းသားနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ ဆရာ၊ ဝန်ထမ်းများနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ ဘဏ္ဍာရေးနှင့်စီမံခန့်ခွဲမှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဦးတည်၍ တက္ကသိုလ်စံသတ်မှတ်ချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ညီညီညွတ်ညွတ်ဖြင့် နိုင်ငံ၏ ဂုဏ်ဆောင်တက္ကသိုလ်တစ်ခုအဖြစ် သတ်မှတ်ခံနိုင်ရန် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရည်ရှိသော ဘွဲ့ရလူငယ်မောင်မယ်များ၊ တစ်သက်တာသင်ယူသူများ ပြုစုပျိုးထောင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

**မှန်ကန်သောကျွမ်းကျင်မှု ရှိလာရေး**

ပညာရေးကဏ္ဍတွင် ဆန်းသစ်တီထွင်ခြင်းသည် အဓိကအားဖြင့် အရည်အသွေးရှိသော ပြုပြင်ပြောင်းလဲမှုကို ပိုမိုအားကောင်းစေပါကြောင်း၊ ထိုပြောင်းလဲမှုများတွင် အကျိုးရှိ၍ အရည်အသွေးနှင့် မျှတမှုရှိသော သင်ယူမှုအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန် လိုအပ်ပါကြောင်း၊ မှန်ကန်သောကျွမ်းကျင်မှု ရှိလာစေရေးအတွက် ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ပေးခြင်းသည်လည်း ပညာရေးဖြင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်သော လူ့အဖွဲ့အစည်းကို အားပေးဖော်ဆောင်နေခြင်းဖြစ်ပါကြောင်း၊ စွန့်ဦးတီထွင်ပညာရေးနှင့် သက်ဆိုင်သော သင်ကြားခြင်းနှင့် လက်တွေ့လေ့ကျင့်ခြင်းတို့ဖြင့်သာ စဉ်းစားတွေးခေါ်မှု၊ တီထွင်ဖန်တီးမှု စိတ်ကူးစိတ်သန်းကောင်းမွန်မှုဆိုင်ရာ ကျွမ်းကျင်မှုများကိုလည်း အားကောင်းလာစေနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မတူကွဲပြားသော ယဉ်ကျေးမှု၊ ဆက်သွယ်ပူးပေါင်းမှုများမှ ရရှိလာသော အတွေ့အကြုံများကို ကျောင်းသား ကျောင်းသူများ ပိုမိုသိမြင်နားလည်လာနိုင်မည် ဖြစ်ပါကြောင်း၊ သင်ယူနိုင်မှု အခွင့်အလမ်းကိုလည်း E-learning, open educational resources and massive open online course များဖြင့် အားပေးမြှင့်တင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်နှင့် ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးတို့က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အတွေ့အကြုံရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာလှမိုးက အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က “Teaching for Tomorrow” ခေါင်းစဉ်၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာကျော်စွာစိုးက “Effect of Digitalization on Higher Education” ခေါင်းစဉ်၊ ရတနာပုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က “Internationalization of Higher Education” ခေါင်းစဉ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက “University link for Industry Engagement”ခေါင်းစဉ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက “Comprehensive University” ခေါင်းစဉ်၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာက “Internal Quality Assurance” ခေါင်းစဉ်၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခချုပ် ဒေါက်တာ ဇော်ဝေစိုးက “Research Capacity Building in Universities” ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အုပ်စုငယ်များခွဲ၍ ခေါင်းစဉ်အလိုက်ဆွေးနွေးကြပြီး အဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးရရှိချက်အား ဆွေးနွေးတင်ပြကြသည်။

**ဆောင်ရွက်မည့်အစီအစဉ်များ ချမှတ်**

ယင်းနောက် အတွေ့အကြုံရှင်းလင်းပွဲ တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပါမောက္ခချုပ်များကော်မတီက ကျင်းပသည့် အတွေ့အကြုံရှင်းလင်းပွဲကို ဩဂုတ် ၃ ရက်နှင့် ၄ ရက် နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကျောင်းကျန်းမာရေးလှုပ်ရှားမှု (သွားကျန်းမာရေး)ဆရာ ဆရာမများ ဆင့်ပွားသင်တန်းသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီက ကျင်းပပြုလုပ်သည့် အတွေ့အကြုံရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## (၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်

# ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဆက်လက်ထောက်ခံကြောင်း အာဆီယံက ထပ်လောင်းအတည်ပြု




(၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## သတင်းထုတ်ပြန်ချက်

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၃ ရက်အထိ ကျင်းပပြုလုပ်သည့် (၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။**

ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်တွင် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲ၊ အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာကော်မရှင်အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲတို့သို့ အခြားအာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ အလုပ်သဘောညစာစားပွဲတွင် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရာတွင် မြန်မာနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကိုလေ့လာသည့် အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်များကို အလွတ်သဘော ဆွေးနွေးခဲ့ကြသည်။

**မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ အသိပေး**

ပြည်ထောင်စုဝန်ကြီးက ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားရှိ နေရပ်စွန့်ခွာသူများထံသို့ သွားရောက်ရှင်းလင်းပြောကြားခဲ့သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်၊ အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော်ရေးအတွက် မြန်မာ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့မှ ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းအဖွဲ့တစ်ရပ်ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများ၊ ပြန်လည်ဝင်ရောက်လာသူများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးရာတွင် UNDP ၊ UNHCR တို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ စသည်တို့အပါအဝင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းအသိပေးခဲ့သည်။ ထို့နောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များ အကောင်ထည်ဖော်ရာတွင် ကူညီပံ့ပိုးပေးမည့် Ad Hoc Unit တစ်ခု ယာယီထားရှိရန် အာဆီယံအတွင်းရေးမှူးချုပ်၏ အဆိုပြုချက်ကို သဘောတူညီခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လ ၃၁ ရက်၊ နံနက်ပိုင်းတွင် အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ (ငြိမ်း) အား ပူးတွဲဂါရဝပြုတွေ့ဆုံခဲ့ပြီးနောက် (၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ (၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေးသို့လည်းကောင်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပီရူးနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့လည်းကောင်း၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ရုရှား၊ နယူးဇီလန်နိုင်ငံတို့နှင့် သီးခြားစီကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ်လ ၁ ရက်တွင် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ ဂျပန်၊ အိန္ဒိယ၊ ကနေဒါ၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် သီးခြားစီကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ကနေဒါနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက အစည်းအဝေးတက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**အစည်းအဝေးများသို့ တက်ရောက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ်လ ၂ ရက်တွင် (၂၀) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၂၆)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ သီးသန့်အစည်းအဝေးနှင့် မျက်နှာစုံညီအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ (၉) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် (၂၆)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဖိုရမ်၏ သီးသန့်အစည်းအဝေးတို့တွင် ရခိုင်အရေးကိစ္စသည် သိမ်မွေ့ရှုပ်ထွေးသဖြင့် ပြဿနာအရင်းအမြစ်ကို ဖြေရှင်းရန်လိုအပ်ကြောင်း၊ နေရပ်ပြန်လာသူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင် ဖန်တီးပေးရေးမှာ အရေးကြီးကြောင်း၊ အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာနှင့် ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိသည့်အခြေအနေများကို ကော့ဘဇားသို့ သွားရောက်ရှင်းလင်းပြောကြားခဲ့သည့်အစီအစဉ်ကို ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာတွင် ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလတွင် မြန်မာအစိုးရ ရင်ဆိုင်ကြုံတွေ့နေသည့် စိန်ခေါ်မှုများအနက် တစ်ခုသာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စကို အများက ဘာသာရေးပြဿနာတစ်ရပ်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အာဆီယံအနေဖြင့် မြန်မာနိုင်ငံကို ဆက်လက်ကူညီပံ့ပိုးပေးရန်နှင့် နေရပ်ပြန်ပို့ရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း၊ စသည်ဖြင့် ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြသည်။

**လွတ်လပ်သောစုံစမ်းရေးကော်မရှင် ဖွဲ့စည်း**

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စနှင့် အဖြစ် လွဲမှားစွာပုံဖော်နေကြခြင်းကြောင့် ယင်းကိစ္စကိုသာ ကမ္ဘာက အာရုံစိုက်နေကြခြင်းဖြစ်ကြောင်း၊ အမှန်တကယ်အားဖြင့် ဘာသာရေးဖိနှိပ်မှုပြဿနာလည်း မဟုတ်သကဲ့သို့ လူမျိုးစုတစ်စုအား အဓမ္မနှင်ထုတ်သည့် ကိစ္စလည်းမဟုတ်ကြောင်း၊ ယင်းကိစ္စမှာ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်၍ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ ပါဝင်ပတ်သက်သည့် သမိုင်းကြောင်းနှင့်ချီ၍ ဖြစ်ပေါ်လာသည့် ပြဿနာဖြစ်ကြောင်း၊

*စာမျက်နှာ ၇ သို့*

# ခြင်ကိုစားတဲ့ ဒေါင်းငါး

**စံလွင်(ငါးဦးစီး)**



သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် ဆင်ခြေထောက်ရောဂါများသည် ခြင်ကြောင့်ဖြစ်ပွားသော ကြောက်မက်ဖွယ်ရာရောဂါများဖြစ်ပါ၏။ ကမ္ဘာပေါ်၌ ခြင်မျိုးစိတ်ပေါင်း ၃၅၀၀ ခန့်ရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံရှိ ခြင်အမျိုးအစားများ၌ ခြင်ပုန်း၊ ခြင်ကျားနှင့် ငှက်ဖျားခြင်ဟူ၍ အရပ်အခေါ်အဝေါ်အားဖြင့် ရှိကြသည့်အနက် သွေးလွန်တုပ်ကွေးရောဂါ ပိုင်းရပ်စ်ပိုးများကို သယ်ဆောင်သော ခြင်အမျိုးအစားမှာ ခြင်ကျားဖြစ်သည်။ ထို့နည်းတူ ငှက်ဖျားရောဂါကို ဖြစ်ပွားစေသောခြင်မှာ Anopheles ခြင်မျိုးစိတ်ဖြစ်ကြောင်း မိမိတို့ အထက်တန်းကျောင်းသားဘဝက ဇီဝဗေဒဘာသာရပ်၌ သင်ကြားခဲ့ဖူးသည်။

### ဆိုးရွားသည့် သွေးလွန်တုပ်ကွေးရောဂါ

သွေးလွန်တုပ်ကွေးရောဂါသည် အသက် ၁၅ နှစ်အောက်ကလေးများတွင် ဖြစ်ပွားလေ့ရှိပြီး မြန်မာနိုင်ငံ၌ အသက် ငါးနှစ်မှ ကိုးနှစ်အရွယ် ကလေးများတွင် အဖြစ်များသည်ဟု ဆိုပါသည်။ ထို့အပြင် ကလေးငယ်များတွင်သာမက လူကြီးများ၌လည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးရောဂါသည် တစ်နှစ်ပတ်လုံး ကူးစက်နိုင်ပြီး မိုးရာသီ၌ အများဆုံး ဖြစ်ပွားသည်။ ဆိုးရွားသည့်အချက်မှာ သွေးလွန်တုပ်ကွေးရောဂါသည် ကုသပျောက်ကင်းနိုင်သည့် ဆေးဝါးမရှိသေးဘဲ ကာကွယ်ဆေးမှာလည်း သုတေသနပြုလုပ်ဆဲအဆင့်၌သာ ရှိနေသေးကြောင်း သိရှိရခြင်းပင်။

### သွေးလွန်တုပ်ကွေးကာကွယ်ရေး

အဆိုပါ ဆိုးရွားလှသည့် သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်နှိမ်နင်းရန်အတွက် ပြည်သူလူထုအပိုင်းက ပါဝင်



ဆောင်ရွက်ကြရမည့် လုပ်ငန်း (၄)ရပ်ကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန် အသိပေးထားပါသည်။ ယင်းတို့မှာ-

(၁) မိမိတို့အိမ်တွင်း အိမ်ပြင်ရှိ ရေထည့်ထားသည့် အရာမှန်သမျှကို ဖုံး၊ သွန်၊ လဲ၊ စစ်ဆိုသော ပညာပေးဆောင်ပုဒ်အတိုင်း အဖုံး ဖုံးထားခြင်း၊ ရေသွန်၊ ရေလဲ၊ ရေစစ်ခြင်းတို့ ဆောင်ရွက်ခြင်း၊

(၂) ခြင်များခိုအောင်းနေနိုင်သည့် မိမိနေအိမ်ပြင်ပရှိ စွန့်ပစ်ပစ္စည်းများကို ရှင်းလင်းခြင်း၊

(၃) အိပ်စက်ချိန်တွင် ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ခြင်ကိုက်ခြင်းမှကာကွယ်ရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊

(၄) ရေလှောင်ရန်ခက်ခဲသည့် အုတ်ကန်၊ ရေစည်၊ ရေကန်များ၌ ခြင်လောက်လမ်းသတ်ဆေးခတ်ခြင်း၊ ခြင်လောက်လမ်းများကိုစားသုံးသည့် ငါးမျိုးများ ထည့်သွင်းမွေးမြူခြင်းတို့ ဖြစ်သည်။

ခြင်အမျိုးအစား မျိုးစုံတို့သည် ရေရှိသောနေရာများ၌ ဥချပေါက်ဖွားတတ်ကြရာ ရေမြောင်း၊ ရေကန် စသည့် ရေထုထည်များ၌ ပေါက်ဖွားသည့် ခြင်သားလောင်း(ပိုးလောက်လမ်း)များကို အစာသဖွယ် မက်မက်မောမော စားတတ်သည့် အလှမွေး ဒေါင်းငါးလေးများကို ရေကန်များအတွင်း ထည့်သွင်းပေးခြင်းဖြင့် ခြင်အန္တရာယ်ကို တစ်စိတ်တစ်ပိုင်းအားဖြင့် ကာကွယ်ရာရောက်ပါသည်။

### ဒေါင်းငါး ဆိုသည်မှာ

မြန်မာအခေါ် ဒေါင်းငါး၊ အင်္ဂလိပ်ဘာသာဖြင့် သိပ္ပံအမည်မှာ Poecila reticulate ဖြစ်ပြီး မူရင်း ဒေသမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ နယ်သာလန်နှင့် ဂျမေကာတို့ ဖြစ်သည်။ ခြင်သားလောင်း (ပိုးလောက်လမ်း)များကို စားသုံးသည့် အလေ့အထကြောင့် ခြင်နှိမ်နင်းရန်နှင့် ငှက်ဖျားရောဂါကိုကာကွယ်ရန်အတွက် အရပ်ရပ်သို့ သယ်ယူကြရာမှ ကမ္ဘာအနှံ့အပြားသို့ ဒေါင်းငါးများ ရောက်ရှိပျံ့နှံ့သွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့လည်း ကိုလိုနီခေတ်အတွင်းကပင် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် အင်္ဂလိပ်တို့က သယ်ဆောင်လာရာမှတစ်ဆင့် ဒေါင်းငါးများ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရ၏။ ယင်းငါးမျိုးစိတ်တွင် ငါးအထီး၏ အမြီးသည် ဒေါင်းမြီးသဖွယ် အရောင်စုံ၍ လှပသည့်အတွက် ဒေါင်းငါးဟူ၍ မြန်မာအမည်ပေးလိုက်ခြင်း ဖြစ်ဟန်တူသည်။

ထိုအလှမွေးဒေါင်းငါးလေးများသည် ရေချိုငါးမျိုးစိတ်ဖြစ်သော်လည်း ဆားငန်နှုန်းကို အတော်အတန် ခံနိုင်ရည်ရှိ၍ ရေငန်အတက်အကျရှိသော မြစ်ဝကျွန်းပေါ်ဒေသတို့၌လည်း ရှင်သန်နိုင်သည်။

ဒေါင်းငါးလေးများတွင် အထီးသည် တစ်လခွဲ (ခြောက်ပတ်) သား၌ အရွယ်ရောက်ပြီး အမသည် သုံးလ (၁၂ ပတ်)သား၌ အရွယ်ရောက်ကာ သားပေါက်နိုင်သည်။ ဒေါင်းငါးလေးများသည် ဥဥလေ့မရှိဘဲ အကောင်လိုက်မွေးသောငါးမျိုး ဖြစ်သည်။ ဒေါင်းငါးအမသည် သန္ဓေဆောင်ကာလ ၂၂ ရက်မှ ၂၆ ရက်ရှိပြီး တစ်ကြိမ်လျှင် ပျမ်းမျှ အကောင်ရေ ၃၀ မှ ၆၀ အထိ မွေးလေ့ရှိကာ အများဆုံး ကောင်ရေ ၁၀၀ အထိ သားပေါက်နိုင်သည်။ ငါးအမသည် သားပေါက်ပြီး တစ်လခန့်ကြာလျှင် နောက်တစ်ကြိမ် ထပ်မံ၍ သားပေါက်နိုင်သည်။ ဒေါင်းငါးလေးများ၏ သက်တမ်းမှာ နှစ်နှစ်ခန့်ရှိသည်။

ယင်းဒေါင်းငါးကလေးများ၏ အစာစားသည့် အလေ့အထသည် အစုံစားငါးမျိုးဖြစ်ရာ သဘာဝတွင် ရေပိုးမွှားများ၊ ရေပေါက်ပင်လေးများကို စားသည်။ အထူးသဖြင့် ခြင်သားလောင်း ပိုးလောက်လမ်းများကို အဓိကထား စားကြသောကြောင့် ခြင်နှိမ်နင်း ရေးငါးမျိုးအဖြစ် ကျော်ကြားသည်။

ခြင်များ ဥချသော ခြင်ဥများမှတစ်ဆင့် ပိုးလောက်လမ်းများဖြစ်နေသော ရေပြင်ထဲသို့ ဒေါင်းငါးမျိုးများကို တစ်ကြိမ်ထည့်ပေးထားရုံဖြင့် ယင်းငါးကလေးများက ခြင်နှိမ်နင်းရေးကို သားစဉ်မြေးဆက်အလိုက် စဉ်ဆက်မပြတ် ပြုလုပ်ပေးသွားကြမည်ဖြစ်သည်။ ဤနည်းလမ်းသည် သက်ရှိကို သက်ရှိဖြင့် ပြန်လည်ထိန်းချုပ်သည့် ဇီဝနည်း (Biological Control) ဖြစ်ပါသည်။

စမ်းသပ်ချက်များအရ တစ်လက်မခွဲအရွယ် ဒေါင်းငါးအထီး တစ်ကောင်သည် တစ်ရက်လျှင် ခြင်လောက်လမ်းကောင်ရေ ၃၀ ခန့်ကို စားနိုင်ပြီး နှစ်လက်မခွဲအရွယ် ဒေါင်းငါးအမ တစ်ကောင်လျှင် ခြင်လောက်လမ်းကောင်ရေ ၆၀ ခန့်ကို စားသည်ဟု ဆိုပါသည်။ သို့ဖြစ်ရာ မိမိတို့ရပ်ရွာရှိ နေအိမ်များနှင့် စာသင်ခန်း၊ စာသင်ကျောင်းများ အနီးတစ်ဝိုက်ရှိ သောက်သုံးရေကန်များ၊ ရေနုတ်မြောင်းများ၊ ရေသိုလှောင်ရာတိုင်ကီ၊ အိုးခွက်များ၊ အုတ်ကန်ကြီးများအတွင်း ဒေါင်းငါးလေးများကို ထည့်သွင်းပေးထားသင့်ပါသည်။

### ချိုသာသည့်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်

ဒေါင်းငါးလေးများကို နီးစပ်ရာ အလှမွေးငါးအရောင်းဆိုင်များ၊ အလှမွေးငါး သားဖောက်ရောင်းချသူများ၊ မြန်မာနိုင်ငံအလှမွေးငါးမွေးမြူသူများအသင်းနှင့် အလှမွေးငါးများ လက်ကားရောင်းချသည့် သောကြာနေ့ ဈေးပတ်များတွင် အမျိုးအစားအလိုက် တစ်ကောင်လျှင် ကျပ်ငါးဆယ်၊ တစ်ရာ၊ နှစ်ရာမျှ ချိုသာသည့်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ရေကန်များအတွင်း ဒေါင်းငါးမျိုးထည့်သွင်းမွေးမြူခြင်းဖြင့် ခြင်အန္တရာယ်ကာကွယ်သည့် လုပ်ငန်းစဉ်တွင် Mosquito Control အနေဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။ ။

**"ဒေါင်းငါး၏ မူရင်းဒေသမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ နယ်သာလန်နှင့် ဂျမေကာတို့ ဖြစ်သည်။ ခြင်သားလောင်း (ပိုးလောက်လမ်း) များကို စားသုံးသည့် အလေ့အထကြောင့် ခြင်နှိမ်နင်းရန်နှင့် ငှက်ဖျားရောဂါကိုကာကွယ်ရန်အတွက် အရပ်ရပ်သို့ သယ်ယူကြရာမှ ကမ္ဘာအနှံ့သို့ ဒေါင်းငါးများ ရောက်ရှိ ပျံ့နှံ့သွားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့လည်း ကိုလိုနီခေတ်အတွင်းကပင် ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် အင်္ဂလိပ်တို့က သယ်ဆောင်လာရာမှတစ်ဆင့် ဒေါင်းငါးများ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရ၏။ ယင်းငါးမျိုးစိတ်တွင် ငါးအထီး၏ အမြီးသည် ဒေါင်းမြီးသဖွယ် အရောင်စုံ၍ လှပသည့်အတွက် ဒေါင်းငါးဟူ၍ မြန်မာအမည်ပေးလိုက်ခြင်း ဖြစ်ဟန်တူသည်"**

# မြန်မာနိုင်ငံရှိ ဆိုလာစွမ်းအင်ကဏ္ဍတွင် ထိုင်းကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံရှိ ဆိုလာစွမ်းအင်ကဏ္ဍတွင် ထိုင်းကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

" မြန်မာနိုင်ငံအလယ်ပိုင်းမှာဆို ထိုင်းနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုက ဆိုလာ စွမ်းအင်ပိုင်းကို ဦးစားပေးလာတယ်။ ကျွန်တော်တို့ဆီကို ဆိုလာစွမ်းအင်နဲ့ ပတ်သက်လို့ ထိုင်းကုမ္ပဏီ လေး၊ ငါးခု လောက်က ကျွန်တော်တို့ကို လာဆွေးနွေးတယ်။ ထိုင်းက မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံတဲ့ အဆင့်က အဆင့် ၄ ရှိတယ်။ အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံလောက် ရင်းနှီးမြှုပ်နှံထားတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်း အမေရိကန် ဒေါ်လာ ၈၀ ကျော်ရှိပြီး ယင်း ၈၀ ကျော်ထဲတွင် စင်ကာပူနှင့် တရုတ်ကအများဆုံး ရင်းနှီးမြှုပ်နှံထားပြီး တတိယအများဆုံးမှာ ဟောင်ကောင်ဖြစ်ကာ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံဖြင့် စတုတ္ထအများဆုံး ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ထိုင်းနိုင်ငံမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများသည် သီလဝါစက်မှုဇုန်တွင် ကုန်ထုတ်လုပ်သည့်လုပ်ငန်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဆိုလာစွမ်းအင်လုပ်ငန်းများဖြစ်ကြောင်း ယင်းဦးစီးဌာနမှ သိရသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်ရေးသည် ၂၀၁၉ ခုနှစ် ပထမခြောက်လအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅ ဘီလီယံရရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ပထမခြောက်လအတွင်းက အမေရိကန်ဒေါ်လာ ၂၀ သန်းသာရရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်များတွင် ဖော်ပြထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mrs. Suphatra Srimaitreephithak က ပြောကြားထားသည်။

ထို့ပြင် ၂၀၁၈ ခုနှစ်အတွင်း ထိုင်း-မြန်မာနှစ်နိုင်ငံကြားကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၇ ဒသမ ၆၄ ဘီလီယံ အထိရောက်ရှိခဲ့ပြီး ယခင် ၂၀၁၇ ခုနှစ် ထက် ၁၂ ဒသမ ၅၉ ရာခိုင်နှုန်း မြင့်တက်လာသည်။ ထိုင်းမှ မြန်မာနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်အရေအတွက်သည် ၇ ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်လာသဖြင့် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းသည့် သွင်းကုန်များမှာလည်း ၂၀ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာရာ ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ အထိရှိကြောင်း သိရသည်။

**သူရိန်ကျော်**

# မူခင်းအသိပညာပေး ဟောပြော

**ဗန်းမော်**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဩဂုတ် ၂ ရက်က လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို ရွှေကျီးနားရပ်ကွက်ရှိ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းခွဲ မြဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်ခိုင်က သက်ငယ်မုဒိမ်းနှင့် မုဒိမ်းမှုဖြစ်ပွားခဲ့သည့် မှုခင်းဖြစ်စဉ်များကို ရှင်းလင်းပြသခဲ့ပြီး ရှောင်ကြဉ်ရမည့် အချက်များနှင့် မှုခင်းဖြစ်ပွားရသည့် အဓိကအချက်များကို ရှင်းလင်းပြောကြားကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို သက်ဆိုင်ရာဌာနအလိုက်တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

---

**သီပေါ**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရဲတပ်ဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၁ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပိတောက်ခန်းမဆောင်၌ မှုခင်းအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် တာဝန်ရှိသူတို့က သက်ငယ်မုဒိမ်းဖြစ်ပွားမှုဖြစ်စဉ်များ၊ ကလေးများ လိုက်နာသတိပြုရန်အချက်များ၊ အုပ်ထိန်းသူများ၊ မိဘများသတိပြုလိုက်နာရန် အချက်များ၊ ထူးခြားမှုများတွေ့ရှိပါက သတင်းပေးတိုင်ကြားနိုင်သော အခြေအနေပြစ်မှုများ၊ သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဥပဒေ ပုဒ်မများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

**စိုင်း(သီပေါ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းရှိ စာပေဗိမာန်ပုံနှိပ်စက်ရုံကို လည်းကောင်း၊ အောင်ဆန်းပုံနှိပ်စက်ရုံကို လည်းကောင်း၊ ဂျီတီစီပုံနှိပ်စက်ရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များ ရိုက်နှိပ်နေမှု၊ သိုလှောင်ရုံများနှင့် ပုံနှိပ်လုပ်ငန်းသင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဂျီတီစီပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းသုံးစာအုပ်ရိုက်နှိပ်မှု အချိန်မီပြီးစီးရေး၊ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ဝန်ထမ်းကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ ပုံနှိပ်စက်များကြံ့ခိုင်မှုကောင်းမွန်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အောင်ဆန်းပုံနှိပ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

*စာမျက်နှာ ၅ မှ*

ကိုလိုနီခေတ်ကာလမှ စတင်၍ မြန်မာဘက်သို့ တရားမဝင် အစုလိုက် အပြုံလိုက် ရွှေ့ပြောင်းမှုများ (၃)ကြိမ်ဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ထို့ကြောင့် ယင်းပြဿနာမှာ နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းရမည့်ပြဿနာဖြစ်ကြောင်း၊ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ဘက်သို့ အများအပြား တိမ်းရှောင်ရွှေ့ပြောင်းမှုများ ဖြစ်ခဲ့ရခြင်းမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတို့တွင် အာဆာအကြမ်းဖက်အဖွဲ့က နယ်ခြားစောင့်တပ်ဖွဲ့အမြောက်အမြားကို တစ်ပြိုင်တည်း ချိန်ကိုက်စတင်တိုက်ခိုက်မှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်ကို ကမ္ဘာက မျက်ကွယ်ပြုမထားသင့်ကြောင်း၊ နေရပ်စွန့်ခွာသူအရေအတွက်ကို ဘင်္ဂလားဒေ့ရှ်ဘက်က ၁.၂ သန်းဟု ပြောကြားချက်မှာ ကိန်းဂဏန်းအရ ဖောင်းပွမှုများရှိပါကြောင်း၊ ကိန်းဂဏန်းအမှန်ကို စိစစ်အတည်ပြုရန် လိုအပ်နေသေးဆဲ ဖြစ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပတ်သက်၍လည်း မြန်မာအစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းရေးကော်မရှင် တစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကော်မရှင်အနေဖြင့် ကော့ဘဇားသို့ သွားရောက်စုံစမ်းစစ်ဆေးရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း၊ ပြောကြားခဲ့သည်။

**နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ ဆောင်ရွက်မည်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအတွက် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကတိပြုထားကြောင်း၊ နေရပ်စွန့်ခွာသူများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အမှန်တကယ်နေထိုင်ကြောင်း စိစစ်အတည်ပြုနိုင်သူအားလုံးကို နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရန် အသင့်ရှိကြောင်း၊ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့လျှောက်ထားရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်သောစိစစ်မှုများခံယူရန် လိုအပ်ကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre နှင့် ASEAN-ERAT တို့မှ ကိုယ်စားလှယ်များနှင့် မြန်မာ အဆင့်မြင့်အရာရှိများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားရှိ နေရပ်စွန့်ခွာသူများထံသို့ သွားရောက်ပြီး၊ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းပြခဲ့ကြောင်း၊ ဤအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံတို့နှင့် ပူးပေါင်း၍ နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် ကုလသမဂ္ဂနှင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အစားထိုးရန်အတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ အချင်းချင်းအပြန်အလှန် အားဖြည့်ကူညီရန်အတွက် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

- **နေရပ်စွန့်ခွာသူများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အမှန်တကယ်နေထိုင်ကြောင်း စိစစ်အတည်ပြုနိုင်သူအားလုံးကို နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရန် အသင့်ရှိ**
- **နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ ဆောင်ရွက်မည်**
- **မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံတို့နှင့် ပူးပေါင်း၍ နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင် တစ်ရပ် ဖန်တီးပေးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာ**

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စသည် လွန်စွာသိမ်မွေ့ရှုပ်ထွေးသဖြင့် အသိုက်အဝန်းများအကြား ယုံကြည်မှုနှင့် သဟဇာတရှိမှုကို တည်ဆောက်နိုင်ရေးနှင့် သဟဇာတရှိစွာ အတူတကွ ပေါင်းစည်းနေထိုင်နိုင်ရေးအတွက် အသိပညာပေးရေးကို လုံလောက်သည့် အခြေအနေနှင့် အချိန်ယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံစလုံးအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာမည်ဆိုပါက နေရပ်ပြန်လာရေးလုပ်ငန်းစဉ်ကို ယခင်နည်းတူ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြဿနာကို ဖြေရှင်းရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း၊ မိမိအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ်ဝန်ကြီးအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲကိုလည်း ဆက်လက်ကျင်းပပြုလုပ်သွားရန် သဘောတူညီထားကြောင်း၊ ရခိုင်ပြည်နယ် အရေးကိစ္စကို ဖြေရှင်းရာတွင် အခြေအနေကို ပိုမိုရှုပ်ထွေးသွားစေပြီး၊ အသိုက်အဝန်းများကို ပိုမိုဝေးကွာသွားစေသည့် ပြုမူဆောင်ရွက်ချက်များကို ရှောင်ရှားရန် အရေးကြီးကြောင်း၊ ပြဿနာအတွက် ရေရှည်တည်တံ့သည့်အဖြေရရှိရေးကို လိုလားသည့် မိတ်ဆွေနိုင်ငံများကို မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ရန် ကြိုဆိုကြောင်း၊ ပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် (၁၂) ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်း နိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၀) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၉) ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂) ကြိမ်မြောက် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့လည်း တက်ရောက်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွတ်ဝီနိုင်း၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီး Ine Marie Eriksen Søreide၊ ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Kang Kyung-wha ၊ ဥရောပသမဂ္ဂ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ Federica Mogherini တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားရှိသည့်အခြေအနေ ရှင်းလင်း**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် (၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်ပြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre နှင့် ASEAN-ERAT တို့မှ ကိုယ်စားလှယ်များပါဝင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားရှိ နေရပ်စွန့်ခွာသူများထံသို့ သွားရောက်၍ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည့် အစီအစဉ်ကို လည်းကောင်း၊ မြန်မာနိုင်ငံ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP)တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ သက်တမ်းထပ်မံတိုးမြှင့်ခြင်းကိုလည်းကောင်း ကြိုဆိုထောက်ခံကြောင်း၊ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဆက်လက်ဆွေးနွေးသွားမည်ဟု မျှော်လင့်ကြောင်း၊ ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအား အာဆီယံ၏ ထောက်ခံမှုကို ထပ်လောင်းအတည်ပြုကြောင်း ဖော်ပြထားသည်။

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**
**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်**

---

*ကျောဖုံးမှ*

ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အခု လက်ရှိမှာတော့ မြေဖို့တဲ့လုပ်ငန်းတွေက ၁၀၀ ရာခိုင်နှုန်းပြီးစီးသွားပါပြီ။ ကျန်တဲ့ရေမြောင်းလုပ်ငန်းတွေ၊ လမ်းပိုင်းဆိုင်ရာတွေကိုလည်း သက်ဆိုင်တဲ့ကုမ္ပဏီတွေက ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်''ဟု ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးထူးမင်းသိမ်းက ပြောသည်။

အဆိုပါ မြေဖို့ခြင်းလုပ်ငန်းကို စင်ကာပူနိုင်ငံ နည်းပညာဖြင့် အသုံးပြုထားကြောင်း သိရပြီး ကွန်ကရစ်ရေတားနံရံ ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် မြေသားများမှာ ခိုင်မာမှုရှိကြောင်း သိရသည်။ ယင်းစီမံကိန်းတွင် ရခိုင်ပြည်နယ်အစိုးရက ၃၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီက ၇၀ ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။ ယင်းဖို့မြေစီမံကိန်းမှမြေကွက်များကို တစ်စတုရန်းပေလျှင် ငွေကျပ်သောင်းဂဏန်းမျှဖြင့် ရောင်းချလျက်ရှိပြီး မြေကွက်ဝယ်ယူသူများအား ရခိုင်ပြည်နယ်အစိုးရမှ နှစ် ၃၀ ဂရန်ထုတ်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

စစ်တွေမြို့၏ စီးပွားရေး အလားအလာကောင်းများကြောင့်ပင် စစ်တွေမြို့တွင် အိမ်ခြံမြေဈေးကွက်များလည်း တိုးမြင့်လာခဲ့ကာ မြေဈေးနှုန်းမှာ တစ်စတုရန်းပေလျှင် ငွေကျပ် ၂၀၀၀၀ မှ ၅၀၀၀၀၀ အထိရှိနေကြောင်း စီမံကိန်းတာဝန်ရှိသူများက ဆိုသည်။ ထို့ကြောင့် စစ်တွေမြို့အား မြို့ပြစီမံကိန်းများရေးဆွဲပြီး တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဖို့မြေစီမံကိန်းတွင် စုပေါင်းအိမ်ရာများ၊ လက်လီလက်ကားဈေးကွက်များ၊ အလယ်အလတ်အဆင့်ရှိ ကွန်ဒိုမီနီယံများ၊ သိုလှောင်ရုံနှင့် ပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှုများ၊ ကုန်သွယ်မှုစီးပွားရေးဇုန်၊ ငါးစက်ရုံများ၊ အပန်းဖြေရုပ်ရှင်ရုံများ၊ ပန်းခြံများ၊ ကစားကွင်းများပါရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

ရခိုင်ပြည်နယ်တွင် ပထမဦးဆုံး ဖို့မြေစီမံကိန်းဖြစ်သည့် အဆိုပါ ဖို့မြေစီမံကိန်းကြီး၏ မြေနေရာသည် စစ်တွေဈေးကြီးနှင့် နီးကပ်စွာရှိနေသည့်အပြင် ကုလားတန်မြစ်ကမ်းခြေအနီးတွင် ရှိသဖြင့် အနာဂတ်စစ်တွေမြို့၏ စီးပွားရေးအချက်အချာနေရာအဖြစ် ရှိလာမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။

''ဒီစီမံကိန်းကြီးက လမ်းပိုင်းနဲ့ ရေမြောင်းအပိုင်းတွေကလည်း ပြီးသလောက် ဖြစ်နေပါပြီ။ နောက်တစ်ခုက ကန်ပတ်လမ်းကို ဆက်ခင်းမယ်။ ဒီစီမံကိန်းနေရာက အရင်က ရေပြင်ကြီးပါ။ ဒီလို မြေကွက်ဖော်ထုတ်လိုက်တဲ့အတွက် သန့်ရှင်းတဲ့ မြို့ကွက်သစ်တစ်ခုအနေနဲ့ ပေါ်လာတယ်။ ဒါပြီးစီးသွားတာနဲ့ ဒီနေရာကို လာရောက်ရင်းနှီးမြှုပ်နှံတဲ့သူတွေ ရှိလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ပေါ်ထွက်လာမှာဖြစ်တဲ့တွက် ဒေသအတွက် အများကြီး အကျိုးရှိပါတယ်''ဟု လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ တစ်ဦးဖြစ်သူ ဦးသန်းဇော်လင်းက ပြောသည်။

''ဒီလို မြို့ပြစီမံကိန်းကြီး ဖော်ထုတ်ပေးလိုက်တဲ့အတွက် စစ်တွေမြို့ကလည်း တဖြည်းဖြည်းတိုးချဲ့လာပြီး လုပ်ငန်းလုပ်ချင်တဲ့သူတွေအတွက်လည်း သပ်သပ်ရပ်ရပ်နဲ့ နေရာအကွက်ကောင်းကောင်းမှာနေပြီး လုပ်လို့ရသွားတယ်။ အခု ဖို့မြေနေရာက တိုးချဲ့နေရာသစ်အနေနဲ့ ပိုပြီးလည်း အဆင်ပြေနိုင်ပါတယ်။ တစ်ခုပြောချင်တာက ကျွန်တော်တို့ဆီမှာ စီမံကိန်းတွေတော့ အများကြီးရှိတယ်လို့ သိရတယ်။ သို့သော် စီမံကိန်းတွေရှိနေရုံနဲ့ မပြီးဘူး။ တကယ်လက်တွေ့ကျကျ အကောင်အထည်ဖော်ဖို့ အရေးကြီးပါတယ်။ ဘာပဲပြောပြော ဒီစီမံကိန်းဟာဆိုရင် ကျွန်တော်တို့ ဒေသခံအတွက် အများကြီးအကျိုးရှိမှာဖြစ်လို့ ဝမ်းသာမိပါတယ်''ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးအောင်ကြည်မိုးက ပြောသည်။

**တင်မောင်လွင်၊ အောင်ရဲသွင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံကာတွန်းဆရာများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၃

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံကာတွန်းဆရာများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကာတွန်းပညာ ပြန့်ပွားရေးအတွက် စာတမ်းဖတ်ပွဲများ ပြုလုပ်လိုပါက ခန်းမအခမဲ့အသုံးပြုနိုင်မှု၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် သတင်းစာ၊ စာစောင်များတွင် ကာတွန်းများ ပါဝင်ရေးသားနိုင်မှု၊ ကြေးမုံသတင်းစာတွင် ဆရာဦးအောင်ရှိန်ရေးခဲ့သည့် ကြေးမုံခင်ကဲ့သို့၊ ဆရာ ဦးငွေကြည် ရေးသားသည့် လောကကြီးမှာဗျာ ကဲ့သို့ ကာတွန်းများ ဖော်ပြလိုမှု စသည်ဖြင့် ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသော မြန်မာနိုင်ငံကာတွန်းဆရာများအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတွင် သတင်းကာတွန်းများ ဖော်ပြနိုင်ရေး၊ စာမူခထုတ်ယူမှုအခြေအနေ၊ ကလေးစာပေပွဲတော်များတွင် ကာတွန်းကဏ္ဍ ပါဝင်ရေး၊ လူငယ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြား ကာတွန်းပညာရှင်များ ဖိတ်ကြားရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေး ကာတွန်းပြပွဲများပြသနိုင်ရေး၊ ရွှေသွေးဂျာနယ်တွင် ကာတွန်းပညာရှင်များ ပါဝင်ရေးဆွဲရေးတို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံကာတွန်းဆရာများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**အသင်းဝင်ကာတွန်းဆရာ ၃၀၀ နီးပါးရှိ**

မြန်မာနိုင်ငံ ကာတွန်းဆရာများ အသင်းကို ၂၀၁၆ ခုနှစ် မတ်လမှ စတင် တည်ထောင်ခဲ့ပြီး အသင်းရုံးကို ရန်ကုန် မြို့ပြန်းဆိုးတန်းလမ်းအမှတ်(၁၇၃/၁၇၅) အခန်းအမှတ်(၆၀၁)တွင် ဖွင့်လှစ်ထား ရှိကာ အသင်းဝင်ကာတွန်းဆရာ ၃၀၀ နီးပါးရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ လမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းက Oriental Highway Co,. Ltd မှ BOT စနစ်ဖြင့် ဆောင်ရွက်နေသော မန္တလေး- ပြင်ဦးလွင်- လားရှိုး- မူဆယ်လမ်း( မန္တလေး - ပြင်ဦးလွင် - လားရှိုး) အပိုင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး ဂုတ်ထိပ်တံတားသစ် တည်ဆောက်မည့် လျာထားနေရာသို့ ရောက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ယာယီရှင်းလင်းဆောင်တွင် Oriental Highway Co,. Ltdမှ တာဝန်ရှိသူက ဂုတ်ထိပ်တံတားသစ် တည်ဆောက်မည့် လျာထားနေရာရွေးချယ်ထားရှိမှု၊ တံတားတည်ဆောက်မည့် လုပ်ငန်းစီမံချက်၊ တံတားချဉ်းကပ်လမ်းဖောက်လုပ်မည့် လုပ်ငန်း အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားချဉ်းကပ်လမ်းဖောက်လုပ်ရာတွင် ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး တံတားလျာထားနေရာကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ် ကုန်းစံကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံကျောပိုးအိတ်နှင့် မိုးကာအင်္ကျီများ ထောက်ပံ့လှူဒါန်းသည်။





**အရည်အသွေးပြည့်မီအောင်ဆောင်ရွက်**

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှဆောင်ရွက်သော ကျွဲကုန်း- နားပြိန်း- နောင်ကွမ်-ပုံဝိုးကျေးလက်လမ်းသို့ ရောက်ရှိပြီး လမ်းစခန်းယာယီရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးခင်မောင်သန်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရှေ့ပြေးစီမံကိန်းဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရေး ဦးစားပေးဆောင်ရွက်ရန် လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အရှည် ၂၄ မိုင် ၄ ဖာလုံရှိ ကျွဲကုန်း-နားပြိန်း-နောင်ကွမ်-ပုံဝိုးလမ်းကြီးပြီးစီးသွားပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကျေးရွာအုပ်စုငါးအုပ်စု၊ ကျေးရွာပေါင်း ၁၅ ရွာ၊ အိမ်ခြေ ၁၄၃၅ အိမ်၊ လူဦးရေ ၆၈၈၅ ဦးကို အကျိုးပြုမှာဖြစ်ပြီး ဒေသခံပြည်သူများ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့တွင်း ရပ်ကွက်နေပြည်သူများနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

**မြစ်ကြီးနား ဩဂုတ် ၃**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့တွင်းရှိ ရပ်ကွက်နေပြည်သူများ၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများနှင့် တွေ့ဆုံပြီး စခန်းများအတွင်း မိုးရာသီအခမဲ့ဆေးကုသပေးရေး အစီအစဉ် ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ တပ်ကုန်း(ရာဒါကောင်း-ဘီ) ရပ်ကွက်အတွင်းရှိ မုန်ရာကောင်နှစ်ခြင်းအသင်းတော် ဘုရားကျောင်း၌ ဓမ္မဆရာများ၊ အသင်းသူအသင်းသားများ၊ ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံပြီး ရပ်မိရပ်ဖများက ဘုရားကျောင်းသွားလမ်းနှင့် ကတ္တရာလမ်း ရပ်ကွက်ဗဟိုလမ်းမကို ခင်းကျင်းပေးနိုင်ရေး အတွက် တင်ပြလာမှုများအား ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် ညှိနှိုင်းစီမံဆောင်ရွက်ပေး ခဲ့သည်။



အလားတူ စီတာပူရပ်ကွက် အပိုင်း ၂ အတွင်း ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဓမ္မဆရာများ၊ ရပ်ကွက်နေပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရောရပ်ကွက်အတွင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ရထားသံလမ်းအနီး ရတနာလမ်းတွင် ဝန်ထမ်းအိမ်ရာခြံဝင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအတွင်းရှိ နှစ်ခြင်းခရစ်ယာန်အသင်းတော်ဖွံ့ဖြိုးရေးခြံဝင်းအတွင်းနှင့် ကက်သလစ်အသင်းတော်ဝင်းအတွင်းရှိ တိုက်ပွဲရှောင်စခန်းနေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စခန်းတာဝန်ခံများ၏ လိုအပ်ချက်၊ အခက်အခဲတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က စခန်းနေပြည်သူများ၏ နေထိုင်မှုအဆင်ပြေစေရေး ပံ့ပိုးကူညီပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးက တိုက်ပွဲရှောင်စခန်းနေပြည်သူများ နေရပ်ပြန်လည်နေထိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါစခန်းများအတွင်း ဝိုင်းမော်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇခေါင်ခမ်းရယ်နှင့် အလင်းသစ်မီဒီယာ သာသနာအဖွဲ့တို့ ပူးပေါင်း၍ ဒုတိယအကြိမ် မိုးရာသီအခမဲ့ဆေးကုသရေး အစီအစဉ်တွင် ပါဝင်ကူညီပံ့ပိုးနေသူများနှင့် ဆေးဝါးကုသမှုဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးကာ စခန်းနေပြည်သူများအတွက် စားသောက်ဖွယ်ရာများကို လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# စာရေးဆရာလက်ာရည်ကျော်၏ အိပ်မက်ဖက်အမည်ရှိ စာအုပ်သစ်မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၃**

အတွေးနှင့် အိပ်မက်များကို တစ်မူထူးခြားစွာ ခံစားရေးဖွဲ့ထားသည့် စာရေးဆရာ လက်ာရည်ကျော်(ခ)ဒေါက်တာ ရဲမြင့်ကျော်၏ အိပ်မက်ဖက်အမည်ရှိ စာအုပ်သစ် မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ လှည်းတန်းစင်တာ၌ ကျင်းပသည်။

"ဒီစာအုပ်က ငယ်ငယ်တုန်းက မက်ခဲ့ဖူးတဲ့ အိပ်မက်တွေပေါ်မှာ မူတည်ပြီးတော့ ဇာတ်လမ်းလေးဖြစ်အောင် ဆင်လိုက်တာပါ။ ထိုဇာတ်ကလေးတွေရော၊ တကယ်အဖြစ်အပျက်တွေရော နည်းနည်းပါတယ်။ ၁၉၈၈-၉၀ ခုနှစ် နောက်ခံသမိုင်းကြောင်းလေးတွေ လည်းပါတယ်။ ငယ်ငယ်တုန်းကမက်ခဲ့တဲ့ အိပ်မက်တွေ၊ ဖြတ်သန်းလာခဲ့တဲ့ ခေတ်ကာလ အခြေအနေတွေ၊ လူငယ်လူရွယ်ဘဝတုန်းက ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေ အဲဒီပေါ်မှာ ဆရာရဲ့သုံးသပ်ချက်တွေ ပရိသတ်တွေကိုပေးချင်တဲ့ မက်ဆေ့ချ်တွေ ပေါင်းပြီး ရေးလိုက်တာပါ" ဟု စာရေးဆရာလက်ာရည်ကျော်က ပြောသည်။

အဆိုပါ စာအုပ်တွင်ဆရာ၏ ငယ်ဘဝအိပ်မက်အကြောင်း၊ ဘာသာရေးနှင့် ပတ်သက်သည့် ကံကံ၏အကျိုးပေးပုံ၊ အိပ်မက်ဖက်ဆိုသည့် ခေါင်းစဉ်နှင့်အညီ လက်တွဲဖော်၊ လက်တွဲဖက်ဘဝအကြောင်း စသည်တို့ကိုမူရင်းရေးသားဟန်များမှ ကွဲထွက်ပြီး အတွေးနှင့်အိပ်မက်များကို ပေါင်းစပ်ကာ တစ်မူထူးခြားစွာ ဖန်တီးရေးသားထားသော ဝတ္ထုရှည်စာအုပ်သစ် ဖြစ်သည်။

"ဒီစာအုပ်ရဲ့ခေါင်းစဉ်မှာ အိပ်မက်ကတော့ အိပ်မက်တွေအများကြီး အကြောင်း ထည့်ရေးထားလို့ အိပ်မက်လို့ပေးထားတယ်။ ဖက်ဆိုတာကတော့ လုပ်ဖော်ကိုင်ဖက် ကျောင်းတက်ဖော်၊ ကျောင်းတက်ဖက်၊ သွားဖော်သွားဖက်၊ အိပ်မက်ဖက်ဆိုပြီး ဘယ်သူမှတော့ တွဲမသုံးဘူးလေ။ ဘာလို့လဲဆိုတော့ အိပ်မက်က တစ်ယောက်တည်းမက်တာလေ။ အတူတူမှ မက်လို့မရတာအတူတူမက်လို့ရတဲ့အိပ်မက်တွေများရှိသလားလို့ အဲဒီအမြင်လေးနဲ့ ရေးဖြစ်တာပါ" ဟု ဆရာက ဆက်လက်ပြောသည်။

အိပ်မက်ဖက် အမည်ရှိ ဝတ္ထုရှည်စာအုပ်သစ်သည် သရဖူမဂ္ဂဇင်း၌ အခန်းဆက် ဝတ္ထုအဖြစ်ဖော်ပြခဲ့ပြီး ၁၅ လကြာရေးသားခဲ့သော စာအုပ်ဖြစ်သည်။ ထိုစာအုပ်နှင့် ပတ်သက်ပြီး ဆရာ၏စာဖတ်ပရိတ်တစ်ဦးက "ဆရာရဲ့စာအုပ်တွေ တော်တော်များများ ဖတ်ဖူးပါတယ်။ ဒီစာအုပ်ကတော့ အရင်စာအုပ်တွေနဲ့မတူဘဲ ပုံစံလေးကွဲ နေတာကို တွေ့ရတယ်။ ပန်းချီဆရာတစ်ယောက်ရဲ့ သူ့ကိုလွှမ်းမိုးနေတဲ့ အိပ်မက်တွေ အကြောင်းကို ရေးထားတဲ့အတွက် ပုံစံလေးကွဲထွက်နေတာကို မြင်ရတယ်။ ဒီစာအုပ်ကို ဖတ်လိုက်ရတဲ့အတွက် ရရှိလာတဲ့အသိတစ်ခုကတော့ လူတစ်ယောက်ဟာ ကိုယ်ဝါသနာပါတဲ့ အရာကို ငယ်ငယ်ကတည်းက တစိုက်မတ်မတ်နဲ့ ကြိုးစားဆောင်ရွက်မယ်ဆိုရင် တစ်ချိန်ကျရင် အောင်မြင်လာနိုင်တယ်ဆိုတာ သေချာတဲ့ အသိလေးတစ်ခုကို ရရှိလိုက်ပါတယ်" ဟု ပြောသည်။

ယနေ့ ပြုလုပ်သည့် စာအုပ်သစ် မိတ်သစ်ပွဲသို့ စာရေးဆရာမ ပုညခင်၊ စာရေးဆရာမစိမ့်စမ်းဖြူ၊ သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီး ဒေါက်တာစိုးလွင်၊ နန်းဒေဝီစာပေမှ ထုတ်ဝေသူ ဒေါ်နန်းအိအိဇာတို့ တက်ရောက်၍ အမှတ်တရနှင့် မုဒိတာစကားများ ပြောကြားပြီး စာရေးဆရာလက်ာရည်ကျော်က တက်ရောက်လာသည့် စာဖတ်ပရိသတ်များအား စာအုပ်သစ်နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားခြင်း၊ ပရိတ်သတ်များမှ သိလိုသည်များ မေးမြန်းခြင်းနှင့် အမှတ်တရလက်မှတ်ရေးထိုးခြင်းများ ပြုလုပ်သည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

## ဒလမြို့နယ် ဆိပ်ကမ်းသာယာလှပရေးဆောင်ရွက်

**ဒလ ဩဂုတ် ၃**

ဒလမြို့နယ် ဆိပ်ကမ်းအဝိုင်းပတ်ကမ်းနားနှင့် ကားဝင်းများအတွင်း ကျူးကျော်ဈေးဆိုင်များစနစ်တကျရှိစေရေး၊ မော်တော်ယာဉ်နှင့် သုံးဘီးများ စနစ်တကျရပ်နားရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဒလမြို့နယ်တွင်ဆိပ်ကမ်းအဝိုင်းပတ်နှင့် ကားကြီးဝင်းတွင် ဈေးဆိုင်များစည်းကမ်းမဲ့ရောင်းနေခြင်း၊ လမ်းနယ်ကျော်ဆိုင်ဖွင့်ထားခြင်းနှင်မော်တော်ယာဉ်များ၊ သုံးဘီးများ လူသွားလမ်းပေါ်ရပ်တန့်ထားခြင်းများကြောင့် ခရီးသွားများ သွားလာရခက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် တာဝန်ရှိသူများသည် စည်းကမ်းမဲ့ဈေးရောင်းသူများ၊ ယာဉ်မောင်းများနှင့် တွေ့ဆုံကာလမ်းပေါ်မှ ကျူးဆိုင်များဖယ်ရှားပေးရေး၊ ယာဉ်များအနေဖြင့် သတ်မှတ်နေရာတွင်သာရပ်တန့်ရေးအားရှင်းလင်းပြောကြားခဲ့ပြီး စည်းကမ်းမလိုက်နာပါကတည်ဆဲဥပဒေများဖြင့် အရေးယူမည်ဖြစ်ကြောင်းနှင့် ဒလမြို့နယ် ဆိပ်ကမ်းသာယာလှပရေးနှင့်စနစ်တကျရှိစေရေး ပူးပေါင်းဆောင်ရွက်ကြရန်လည်း ပြောကြားသည်။

**မောင်ယဉ်ဦး(ဒလ)**

# ကာတွန်းပညာရှင်တွေ၊ ကလေးစာပေပညာရှင်တွေ ပူးပေါင်းပါဝင်ကူညီစေချင်တယ်

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များသည်ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။**

**တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အသင်းပညာပြန့်ပွားရေး တာဝန်ရှိသူတို့နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**



ဆရာ အော်ပီကျယ်



ဆရာ မောင်မောင်ဖောင်တိန်



ဆရာ စိုးသော်တာ

**ဆရာ အော်ပီကျယ်**
**(မြန်မာနိုင်ငံ ကာတွန်းဆရာများ အသင်းဥက္ကဋ္ဌ)**

ကာတွန်းဆရာ အသင်းရဲ့အဓိကက အသင်းဝင်မှု၊ မဝင်မှုမဟုတ်ပါဘူး။ ကာတွန်းလောကသား အားလုံးအတွက် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကာတွန်းပညာ တိုးတက်ရေး၊ ကာတွန်းဆရာများရဲ့ ဘဝမြှင့်တင်ရေးအတွက် အဓိက လုပ်ဆောင်ပေးပါတယ်။ နှစ်နှစ်အတွင်းမှာ ကာတွန်းပညာပြန့်ပွားရေးအတွက် လုပ်တာ ၁၂ ကြိမ်ရှိပြီ။ မူပိုင်ခွင့်အပိုင်းကို ဆွေးနွေးတာ သက်သက်နှစ်ပွဲရှိပါတယ်။ ရေဘေးတို့ ဘာတို့ဖြစ်ရင် ရန်ပုံငွေရှာပေးပါတယ်။ ပညာပြန့်ပွားရေးက တတ်နိုင်သမျှ လူငယ်တစ်လှည့်၊ လူကြီးတစ်လှည့်လုပ်ပါတယ်။ လူကြီးကအတွေ့အကြုံများတဲ့အတွက် ပညာများတယ်။ လူငယ်ကခေတ်အမြင်ရှိတဲ့အတွက်တချို့ဆို နိုင်ငံခြားက မာစတာတွေ ဘာတွေရပြီးသားပါ။ သူတို့ရဲ့ အတွေ့အကြုံတွေကို ရှင်းပြတော့ အမြင်နှစ်မျိုးကို တစ်လှည့်စီလုပ်ပါတယ်။

ကာတွန်းဆရာကလည်း အရေးပါတယ်။ အယ်ဒီတာကဏ္ဍကလည်း အရေးကြီးပါတယ်။ အရင်တုန်းက ကလေးစာပေရဲ့အဓိကက ကလေးတွေက အင်မတန်ကို အကောင်းအဆိုးကို လူကြီးတွေထက် ပိုသိတယ်။ ကလေးနားလည်အောင်၊ ကလေးခံစားလို့ရအောင်ရေးဆွဲရတာ တအားခက်တယ်။ အရင်တုန်းက ဆရာကြီးဦးဘကြည်တို့ရေးခဲ့တယ်ဆိုတာ ပညာတွေအများကြီး လေ့လာခွင့်ရခဲ့တယ်။ နိုင်ငံတကာက ကာတွန်းပြတိုက်တွေကို လေ့လာခဲ့တယ်။ စာအုပ်တွေလည်း အများကြီးဖတ်တယ်။ သူတို့ကိုယ်တိုင်လည်းတော်တယ်။ ဒီဘက်ခေတ်မှာ အဲဒီလို ပညာသင်ခွင့်မရခဲ့ဘူး။

နောက်တစ်ခုအရင်တုန်းက ကလေးစာပေကို ဘာသာပြန်တဲ့ဆရာကြီးတွေက စာပေနှံ့စပ်တော့ ကလေးနဲ့လိုက်ဖက်တဲ့ စာပေကိုရွေးပြီး ဘာသာပြန်တယ်။ စကားလုံးရွေးချယ်မှုတွေ သိပ်အရေးကြီးပါတယ်။ ကလေးတွေ နားလည်အောင် လုပ်တဲ့အတွက် ရွှေသွေးဂျာနယ်က အောင်မြင်တာပါ။ အခုခေတ်ကျတော့ အဲဒီလောက် အားမစိုက်နိုင်တော့ အရည်အသွေးကျလာတယ်။ အင်တာနက်ပေါ်မှာ ရွှေသွေးအဟောင်းတွေ ဒေါင်းလုတ်လုပ်တာ အများကြီးပဲ။ အဟောင်းကိုပဲ ခဏခဏပြန်ဖတ်ကြတယ်။ ဖတ်ချင်စရာကောင်းတာကိုး။ အရည်အသွေးမြင့်တာကိုး။ ပုံနှိပ်အရည်အသွေးက အဓိကမဟုတ်ပါဘူး။ ကောင်းအောင်လုပ်ရင်ကောင်းမှာပဲ။ ကောင်းအောင်လုပ်ရမှာ အများကြီးပါ။ တစ်ဦးတစ်ယောက်ချင်း လုပ်လို့ မရတာတွေရှိတယ်။ နိုင်ငံတော်အဆင့်လုပ်မှရမှာမို့ ဒါကိုတင်ပြ တာပါ။

**ဆရာ မောင်မောင်ဖောင်တိန်**
**(အသင်းအတွင်းရေးမှူး)**

ရွှေသွေးဂျာနယ်ဆိုတာ ကလေးတွေဖတ်တဲ့၊ ကလေးတွေကို ရည်ရွယ်တဲ့၊ ကာတွန်းတွေရေးဆွဲထားတဲ့ ကာတွန်းစာအုပ်၊ ကာတွန်းဂျာနယ်ပါ။ အနာဂတ်ကလေးငယ်တွေအတွက် ရှိသင့်ရှိထိုက်တဲ့ ဂျာနယ်တစ်ခုဖြစ်ပါတယ်။ ဒါကို အဓွန့်ရှည်စေချင်တယ်။ အစဉ်အလာရှိတဲ့ ဂျာနယ်တစ်ခုအဖြစ်မကဘူး။ ဈေးကွက်လည်းအောင်မြင်တဲ့၊ စီးပွားရေးအရလည်းအောင်မြင်တဲ့၊ လူလည်း စိတ်ဝင်စားတဲ့ဂျာနယ် ဖြစ်စေချင်တယ်။ ဖြစ်အောင်လို့ ကာတွန်းပညာရှင်တွေ၊ ကလေးစာပေပညာရှင်တွေ ပူးပေါင်းပါဝင်ကူညီစေချင်တယ်။ ပြန်ကြားရေးဝန်ကြီးဌာနဘက်ကလည်း ပိုပြီးဆောင်ရွက်ပေးစေချင်ပါတယ်။

**ဆရာ စိုးသော်တာ**
**(အသင်းပညာပြန့်ပွားရေးတာဝန်)**

ရွှေသွေးဂျာနယ်တို့၊ တေဇတို့ဆိုတာ ငယ်ငယ်ကတည်းက လွှမ်းမိုးခဲ့ပြီး အခုထက်ထိအမှတ်တရ အမြဲတမ်း ဇာတ်လမ်းတွေ၊ လက်ရာတွေ အကုန်လုံး က လွှမ်းမိုးတုန်းပါပဲ။ အဲဒီရွှေသွေးကို အရင်လို ပြန်ဖြစ်အောင်လုပ်မယ်ဆိုတော့ ဝမ်းသာပါတယ်။ ကလေးကာတွန်းဆိုတာ အလွန်အရေးကြီးပါတယ်။ ရွှေသွေးဆိုတာ ကလေးအရွယ်ဖတ်တဲ့ဟာပေါ့၊ ကလေးစိတ်ပညာကို နားလည်တဲ့ ဆရာတွေက ဇာတ်လမ်းရေးရမယ်၊ သရုပ်ဖော်ရမယ်၊ မှားသွားလို့ မရဘူး။

ဇာတ်လမ်းလည်း ကောင်းရမယ်။ ကျွန်တော်တို့ ငယ်ငယ်က လက်ရာဆိုရင်လည်း ကောင်းတယ်။ ဇာတ်လမ်းလည်း အတော်ကောင်းတယ်။ ကလေးပရိသတ်အပေါ်မှာ ဩဇာလည်း ညောင်းတယ်။ ခုခေတ်နဲ့လိုက်ဖက်တဲ့ ဇာတ်လမ်းမျိုးကို ဖန်တီးရမယ်။ လိုက်ဖက်တဲ့ လက်ရာတွေကို ရေးဆွဲ သရုပ်ဖော်ရမယ်။ မျက်နှာဖုံးဆိုရင် တကယ့်ကာတွန်း ပညာရှင်ကြီးတွေကို ခေါ်ပြီး ရေးဆွဲရမယ်။ မြန်မာနိုင်ငံမှာ အရှေ့တောင်အာရှ၊ အာရှအထိ လက်ရာကောင်းတဲ့ လူငယ်တွေ အများကြီး ရှိပါတယ်။ အဲဒီလူငယ်တွေကို အယ်ဒီတာအဖွဲ့ကနေသူလိုချင်တဲ့ဇာတ်လမ်းပေးရမယ်။ သူလိုချင်တဲ့ သရုပ်ဖော်မှုကိုချိန်ပြီး ဟိုဘက်ဒီဘက် မျှမျှတတဖြစ်အောင် ဆွဲခေါ်ရမယ်။ အဓိကဇာတ်လမ်းနဲ့ လက်ရာတသားတည်းကျအောင် ကာတွန်းဆရာကြီးတွေရော၊ လူငယ်တွေရော အကုန်လုံးကို ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်**
**ဓာတ်ပုံ - ရဲထွဋ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာမြေလျော်ကြေး ငွေကျပ် ဘီလီယံ ၂၀၀ ခန့်ရှိနေပြီး မြေဧက ၂၄၀၀၂ ဒသမ ၇၉၁ ဧကကို ပြန်လည်လျော်ကြေးမြေအဖြစ် ပေးအပ်မည်

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကို ပြန်လည်စိစစ် ဆောင်ရွက်ရန်အတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာမြေလျော်ကြေး ငွေကျပ် ဘီလီယံ ၂၀၀ ခန့်ရှိနေပြီး မြေဧက ၂၄၀၀၂ ဒသမ ၇၉၁ ဧကကို ပြန်လည်လျော်ကြေးမြေအဖြစ် ပေးအပ်မည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လယ်ယာမြေဧက ၉၈၂ ဧကအတွက် လျော်ကြေးငွေကျပ် ဘီလီယံ ၂၀၀ ခန့် ပေးဖို့ရှိနေပြီး လျော်ကြေးမြေဧက ၂၄၀၀၂ ဒသမ ၇၉၁ ဧက ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွင်းမှာ မြေယာလျော်ကြေးငွေကျပ် ခုနစ်ဘီလီယံကို လာမယ့်စက်တင်ဘာမကုန်မီ ပေးသွားဖို့ စီစဉ်နေပြီး ၂၀၁၉-၂၀၂၀ ပြည့်နှစ်ဘတ်ဂျက်မှာ ငွေကျပ် ၃၃ ဘီလီယံကို ပေးသွားဖို့ စီစဉ်နေပါတယ်" ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းအတွင်း လယ်ယာမြေနှင့် အခြားသိမ်းဆည်းခံရမှု မြေများကို ပြန်လည်ပေးအပ်ရန် တိုက်တွန်းနိုင်ခဲ့သည့် အခြေအနေရှိခဲ့သော်လည်း အစိုးရမပါဘဲ ပြန်လည်ပေးရန် ခက်ခဲမှုများရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယင်းအမှု တွဲလက်ကျန်များကို စိစစ်ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ယခုအစိုးရသက်တမ်းတွင် ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့တွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဖွဲ့စည်းရာတွင် လွှတ်တော်၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ခဲ့ပြီး ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှုတွဲပေါင်း ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခင်လွှတ်တော် သက်တမ်းအတွင်း ကျန်ရှိခဲ့သည့် သိမ်းဆည်းခံမြေ အမှုတွဲပေါင်း ၂၂၀၂ မှုကို စိစစ်နိုင်ခဲ့ပြီး ဗဟိုကို တိုင်ကြားတင်ပြခဲ့သည့် အမှုတွဲပေါင်း ၂၂၂၅ မှုကိုလည်း စိစစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသို့ သီးခြားတင်ပြလာခဲ့သည့် အမှုတွဲပေါင်း ၁၂၅၂၇ မှုမှ ၆၀၇၇ မှုကို စိစစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ထို့အပြင် လျော်ကြေးငွေများကို ဆက်လက်ပေးချေရာတွင် ၂၀၁၉-၂၀၂၀ ဘတ်ဂျက် ဖြည့်စွက်ဘဏ္ဍာငွေမှ ဆက်လက်တောင်းခံသွားမည်ဖြစ်ပြီး ဝန်ထမ်းများနှင့် ရင်းနှီးမြှုပ်နှံသူစီးပွားရေးလုပ်ငန်းများအတွက် မြေကိုစနစ်တကျ စီမံရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသည့် မီဒီယာသမားများ၏ သိရှိလိုသော မေးမြန်းမှုများကို ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဖြေကြားခဲ့သည်။

**ဇင်လင်းမြင့်**

# “ပုရိသ” ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၈ ရက်မှစတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသသွားမည်

**ရန်ကုန် ဩဂုတ် ၃**

စိန်ဌေး ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်လမ်းပန်းချီ ရွှေအေးကို၊ ဇာတ်ညွှန်း မင်းကိုစိုးညာလက်တော်၊ ဒါရိုက်တာကိုဇော် (အရုဏ်ဦး) ရိုက်ကူးသည့် “ပုရိသ” ရုပ်ရှင်ဇာတ်ကားအထူးပွဲကို ဩဂုတ် ၁ ရက် ညပိုင်းက ရန်ကုန်မြို့ Junction City တွင် ပြသသည်။

အဆိုပါ “ပုရိသ” ရုပ်ရှင်ဇာတ်ကားတွင် ကျော်ရဲအောင်၊ ရဲအောင်၊ ခိုင်သင်းကြည်၊ နေခြည်ဦး၊ ထက်အောင်ရှိုင်း၊ တိုင်ရွှန်၊ ချမ်းမင်းရဲထွဋ်၊ အေးချမ်းမောင်နှင့် နာမည်ကြီးသရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားသည်။



“ပုရိသ” ရုပ်ရှင်ဇာတ်ကားတွင် ထက်မြင့်မိုရ်နှင့် ကောင်းကင်ပြာတို့ နှစ်ဦးသည် မျက်နှာချင်းဆိုင်လိုက်မိသည်နှင့် တစ်ခုမဟုတ်တစ်ခု အမြဲတမ်းပြဿနာတက်လေ့ရှိပြီး အပြိုင်အဆိုင်လုပ်လေ့ရှိသည်။ ချစ်သူရည်းစားထားရာတွင် လည်းကောင်း၊ အိမ်ထောင်ပြုရာတွင်လည်းကောင်း နှစ်ဦးစလုံးက အပြိုင်အဆိုင်လုပ်ကြရင်း အကြောင်းကြောင်းကြောင့် အိမ်ထောင်တစ်ဆက်မှ နှစ်ဆက်၊ နှစ်ဆက်မှ သုံးဆက်အထိဖြစ်ကြရာ လူတစ်ဦးနှင့်တစ်ဦးကြား မနာလိုစိတ်၊ ပြိုင်ဆိုင်လိုစိတ်များ မထားရှိသင့်ကြောင်း၊ ထိုသို့ထားရှိမိပါက မလိုလားအပ်သော အကျိုးဆက်ဖြစ်ရပ်များ ဖြစ်ပွားစေတတ်ကြောင်းကို ဟာသသဘောဖြင့် ပေါင်းစပ်ကာ ပညာပေးအဖြစ် တင်ဆက်ရိုက်ကူးထားသည့် ဇာတ်လမ်း အမျိုးအစားဖြစ်သည်။

အဆိုပါ “ပုရိသ” ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၈ ရက်မှ စတင်ကာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

**မင်းသစ် - MNA**

# ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparis Geophysical Site Survey Contour လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparis Geophysical Site Survey Contour လုပ်ငန်းများကို MV. Java Imperia (Call Sign: POZE) ရေယာဉ်ဖြင့် NW-vertex မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ် ၃၄ ဒသမ ၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၁၃ ဒသမ ၉၉ စက္ကန့်၊ NE-vertex မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ် ၃၃ ဒသမ ၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၀ မိနစ် ၀၁ ဒသမ ၃၆ စက္ကန့်၊ SE-vertex မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၃ မိနစ် ၅၁ ဒသမ ၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၀ မိနစ် ၀၀ ဒသမ ၇၃ စက္ကန့်၊ SW-vertex မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၃ မိနစ် ၅၁ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၁၃ ဒသမ ၄၀ စက္ကန့်တွင် ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသော်လည်း အဆိုပါ လုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ထပ်မံဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# Air KBZ လေကြောင်းလိုင်း၏ ရှစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**Air KBZ ဒုတိယဥက္ကဋ္ဌ ဦးဇွဲထက်သိန်းက ဝန်ထမ်းထူးချွန်ဆုများ ချီးမြှင့်စဉ်။**

ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဩဂုတ် ၃**

Air KBZ လေကြောင်းလိုင်း၏ ရှစ်နှစ်ပြည့်အခမ်းအနားကို ဩဂုတ် ၂ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် Accountable Manager Capt ဦးကျော်ဟန်က အမှာစကား ပြောကြားပြီး Air KBZ ဒုတိယဥက္ကဋ္ဌ ဦးဇွဲထက်သိန်းနှင့် တာဝန်ရှိသူများက ဝန်ထမ်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Air KBZ လေကြောင်းလိုင်းတွင် မေ ၃ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လိုက်ပါစီးနင်းခဲ့သည့် ခရီးသည်များအတွက် ကံစမ်းမဲအစီအစဉ်အား မဲနှိုက်ရွေးချယ်ပေးခဲ့ပြီး တတိယဆု Apple Iphone XS ကို ခရီးစဉ်အမှတ် K7-336 ဖြင့် ရန်ကုန်မြို့မှ မြိတ်မြို့သို့လိုက်ပါသည့် မြိတ်မြို့မှ မမိုးသိင်္ဂီကျော်၊ ဒုတိယဆု Apple Macbook Air ကို ခရီးစဉ်အမှတ် K7-709 ဖြင့် ဟဲဟိုးမြို့မှ မန္တလေးမြို့သို့ လိုက်ပါသည့် တောင်ကြီးမြို့မှ ဦးမျိုးမြင့်၊ ပထမဆု ၂၀၁၇ မော်ဒယ် Ford ကားသစ်ကြီးကို ခရီးစဉ်အမှတ် K7-623 ဖြင့် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ လိုက်ပါသည့် မြစ်ကြီးနားမြို့မှ ဒေါ်သိန်းသိန်းဆွေတို့က ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင် မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် Ticketing Agent များအနက် စွမ်းဆောင်ရည်မြင့်မားသော Agent များကို ရွေးချယ်၍ Best Performance 2019 ဂုဏ်ပြုဆုများကိုပါ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဖိုးသော်ဇင်**

# မြဝတီမြို့၌ မြစ်ရေမြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်အချို့ ရေဝင်ရောက်၍အိမ်ထောင်စုများရွှေ့ပြောင်း

**မြဝတီ ဩဂုတ် ၃**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့သည် သောင်ရင်းမြစ်မှ နယ်နိမိတ်ပိုင်းခြားထားကာ ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ အဆိုပါ သောင်ရင်းမြစ်ရေ၏ စိုးရိမ်ရေအမှတ် ၄၆၃ စင်တီမီတာထက် ကျော်လွန်ပြီး ၅၄၉ စင်တီမီတာသို့ ရောက်ရှိခဲ့သည့်အတွက် အနိမ့်ပိုင်းရပ်ကွက်အချို့ရေများဝင်ရောက်ခဲ့ပြီး အိမ်ထောင်စု ၉၂ စုမှ လူဦးရေ ၃၉၄ ဦး အား ရေဘေးရှောင်စခန်း ဖွင့်လှစ်၍ ရွှေ့ပြောင်းထားရသည်။

အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ် (၅) ရပ်ကွက် အောက်ချိုင့်၊ အမှတ် (၄) ရပ်ကွက်ရှိ ကျောက်ဖျာဂိတ် နေရာနှင့် အမှတ်(၂)ရပ်ကွက် သဲပုံဂိတ်နေရာများသို့ ယမန်နေ့က သောင်ရင်းမြစ်ရေများ တဖြည်းဖြည်းစတင်ဝင်ရောက်ခြင်းဖြစ်ကာ ပြည်သူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေး မှူးနှင့် တာဝန်ရှိသူများက ကျောက်လုံးကြီး ပြန်လည်လက်ခံကြိုဆိုရေးစခန်းသို့ ရွှေ့ပြောင်းပေးခဲ့သည်။

အဆိုပါစခန်းတွင် ရေဘေးရှောင် ပြည်သူများ နေထိုင်စားသောက်ရေးကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် ကြက်ခြေနီဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# သထုံမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ ထိခိုက်ပျက်စီး

**သထုံ ဩဂုတ် ၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ယမန်နေ့ညသုံးနာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စုကိုးခုတို့ရှိ လူနေအိမ် ၈၀ ခန့်၊ စာသင်ကျောင်း လေးကျောင်း၊ ဘုန်းကြီးကျောင်းနှစ်ကျောင်းတို့၌ အမိုးလန်ခြင်းနှင့် သစ်ပင်ပိမိ၍ ထိခိုက်ပျက်စီးခြင်းနှင့် ဓာတ်တိုင်ရှစ်တိုင်ခန့် ပြိုလဲမှုကြောင့် လျှပ်စစ်မီးကြိုးများ ပြတ်ကျခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုနှင့် စပ်လျဉ်း၍ အရေးပေါ်အစည်းအဝေးကို ယနေ့နံနက်က ပြုလုပ်ခဲ့ပြီး လျှပ်စစ်မီး အမြန်ဆုံးပြန်လည်ရရှိရေး၊ ပျက်စီးမှုများနှင့်ပတ်သက်၍ ကူညီထောက်ပံ့ပေးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

**သက်ဦး(သထုံ)**

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မယ် သင်တန်းသစ်ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၃**

မြန်မာအမျိုးသားလေကြောင်း ပျံသန်းမှုဌာန၏ လေယာဉ်မယ်သင်တန်း (၁/၂၀၁၉) ဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လေကြောင်းပညာသိပ္ပံ (CATI) သင်တန်းခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ်ကပ္ပတိန် သန်းထွန်းကိုယ်စား လေကြောင်းပျံသန်းမှု လုပ်ငန်းဌာနမှူးဦးခုပ်ခန့်မုံက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၈ ဦး တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် Boeing Aircraft Type နှင့် ATR Aircraft Type လေယာဉ်အမျိုးအစားနှစ်မျိုးကို အဓိကထား သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် ခရီးသည်များနှင့် အချိန်ကြာမြင့်စွာ ထိတွေ့ဆက်ဆံရသည့် လေယာဉ်မယ်များအနေဖြင့် ခရီးသည်များကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်အတွက် ယခုသင်တန်းတွင် အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရပါက လုပ်ဆောင်ရမည့် Procedure များ၊ First Aid (ရှေးဦးသူနာပြု) လုပ်ဆောင်ချက်များနှင့် အခြားသော ဘာသာရပ်များကို သင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ ထို့ပြင် သင်တန်းကာလအတွင်း အခြားသော လက်တွေ့လေ့ကျင့်မှုများအဖြစ် ထိုင်းနိုင်ငံရှိ TG Training Centre တွင် အရေးပေါ်လက်တွေ့လုပ်ဆောင်ခြင်း (Emergency Drill) များကို သွားရောက်လေ့ကျင့်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



**လေယာဉ်မယ်သင်တန်း (၁/ ၂၀၁၉) ဖွင့်ပွဲ ကျင်းပစဉ်။**

“ညီမက ရေဝတီတိုင်းဒေသကြီး ဟင်္သာတမြို့က ဖြစ်ပါတယ်။ ရွာသားကြီးစီးပွားရေးတက္ကသိုလ်က ကျောင်းပြီးကတည်းက လေယာဉ်မယ်လျှောက်ဖို့ စဉ်းစားခဲ့ပါတယ်။ လေယာဉ်မယ်လုပ်ချင်တာက ငယ်ငယ်ကတည်းက အိပ်မက်တစ်ခုပါ။ အခုလိုသင်တန်း တက်ရောက်ခွင့်ရရှိတဲ့အတွက် ကိုယ့်ရဲ့အိပ်မက်တွေ အမှန်တကယ်ဖြစ်လာလို့ ဝမ်းသာမိပြီး ကိုယ့်လေယာဉ်မှာ လိုက်ပါလာကြမယ့် ခရီးသည်တွေ ဘေးအန္တရာယ်ကင်းရှင်းအောင်၊ ခရီးသည်တွေကို အကောင်းဆုံး ဝန်ဆောင်မှုတွေ ပေးနိုင်အောင်ကြိုးစားသွားပါမယ်” ဟု သင်တန်းသူ မမို့မို့မြင့်မြတ်က ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ၁၉၄၈ ခုနှစ်တွင် Union of Burma Airways (UBA) မှ စတင်မွေးဖွားခဲ့ပြီး ခေတ်အဆက်ဆက် အခေါ်အဝေါ်အမျိုးမျိုးပြောင်းလဲခဲ့ကာ လက်ရှိကာလတွင် နှစ်ပေါင်း ၇၀ ကျော် သက်တမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားမှ သိရသည်။

**အေကေလင်း**

# လှိုင်းဘွဲ့ ချောင်းရေမြင့်တက်လာမှုကြောင့် အိမ်ထောင်စုများ ပြောင်းရွှေ့နေရပြီး ကျောင်းအချို့ပိတ်ထားရ

**လှိုင်းဘွဲ့ သြဂုတ် ၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျချောင်းရေများ စီးဆင်းလာမှု၊ လှိုင်းဘွဲ့ချောင်း မြင့်တက်မှုကြောင့် လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာအုပ်စု ဆိုင်ကလုံးရှဲလ်တာ ကယ်ဆယ်ရေးစခန်းသို့ အိမ်ထောင်စု ၁၁ စု ပြောင်းရွှေ့ပေးခဲ့ပြီး အခြေခံပညာ စာသင်ကျောင်း ကိုးကျောင်း ယာယီပိတ်ထားခဲ့သည်။ မြေနိမ့်ပိုင်းရှိ ရပ်ကွက်အချို့နှင့် မြို့မဈေးအတွင်းသို့ ရေများဝင်ရောက်ခဲ့သဖြင့် ယနေ့ နံနက်ပိုင်းတွင် မြို့မဈေးကို အာဇာနည်လမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



လှိုင်းဘွဲ့မြို့နယ်၌ ချောင်းရေမြင့်တက်မှုကြောင့် ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေကို တွေ့ရစဉ်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အထက တစ်ကျောင်း၊ အလက(ခွဲ)ကျောင်း တစ်ကျောင်း၊ အမက ကျောင်း ခြောက်ကျောင်း၊ မူလွန်ကျောင်း တစ်ကျောင်းကို ယာယီပိတ်ထားခဲ့ရသည်။ ပြောင်းရွှေ့လာသော အိမ်ထောင်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက ဆန်နှစ်အိတ်၊ ဆီတစ်လီတာဘူး ၂၄ ဘူး၊ ငါးသေတ္တာတစ်ဖာတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း၊ အဆိုပါ အိမ်ထောင်စု ၁၁ စုမှာ အမျိုးသား ၃၀ နှင့် အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၅၇ ဦးတို့ ယာယီပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၃-၈-၂၀၁၉ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၈.၄၀ | ၃၄၆၈၆ | ၄.၈၀ | ၂.၄၀ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၂၀ | ၁၉၀၉ | ၁.၀၈ | ၀.၄၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၅၀ | ၅၃၄၂၅ | ၂.၆၅ | ၁.၅၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၀.၅၀ | ၂၄၀၀ | ၁.၀၀ | ၀.၅၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၅ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၁၀ | ၆၄၃၀၉၇ | - | ၂.၁၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၆ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၄၀ | ၃၂၉၉၆၀ | - | ၂.၉၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၇ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၅၀ | ၄၂၂၈ | ၂.၄၅ | ၀.၅၀ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၈ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၉၀ | ၂၅၆၅၅ | ၁.၂၀ | ၀.၉၀ |
| | | ကျော်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၉ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၀.၂၀ | ၁၂၃ | - | ၀.၂၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၁၀ | ရှောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၄.၀၀ | ၁၂၀၃ | ၂.၃၀ | ၁.၀၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၁၁ | တမန်းဒူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၄.၈၅ | ၆၈၂ | - | ၀.၁၀ |
| | | မြေပုံမြို့ | ၁၁.၇၅ | ၇၅ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၁၂ | နန်ကသူရေလှောင်တမံ | ဟသ်ာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၃၀ | ၄၁၁၁၂ | ၀.၅၂ | ၁.၃၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၁၃ | ကညင်ရေလှောင်တမံ | ဟသ်ာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၉၀ | ၁၄၈၅၉၁ | ၀.၂၃ | ၁.၉၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

# သဘာဝဘေးဖြစ်စဉ်များကြောင့် ပြည်သူများ ဘေးလွတ်ရာ ရွှေ့ပြောင်းပြီး ကျောင်းများပိတ်ထားရ

## ညောင်လေးပင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့နှင့် ရွှေကျင်မြို့များ၌ မြစ်ရေများ စိုးရိမ်အမှတ်အထက် ရောက်ရှိနေခြင်းကြောင့် မြေနိမ့်ပိုင်း မြစ်ကမ်းနံဘေးရှိ ကျေးရွာများမှ နေအိမ်များ ပြောင်းရွှေ့ရကြောင်း သိရသည်။

မဒေါက်မြို့ရှိ စစ်တောင်းမြစ်ရေနှင့် ရွှေကျင်မြစ်ရေမှာ မြင့်တက်နေသဖြင့် မြေနိမ့်ပိုင်းနေ အိမ်ထောင်စု ၂၈ စုမှ လူဦးရေ ၁၅၀ ခန့်ကို နီးစပ်ရာဆွေမျိုးများ အိမ်သို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တပ်မတော်သားများက စုပေါင်းကာ အရေးပေါ် ပြောင်းရွှေ့ပေးခဲ့သည်။

တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူးက ပြောသည်။

ယခုရေကြီးမှုကြောင့် ရွှေကျင်မြို့နယ်ရှိ အထက(ခွဲ) ဆုံကုန်းကျောင်း၊ မူ(လွန်) သောင်လည်မောင်းရုံကျောင်း၊ မူ(လွန်) ညောင်ဝိုင်းကျောင်းများအား ယာယီပိတ်ထားရကြောင်း သိရသည်။

**ခင်မောင်လွင် (ညောင်လေးပင်)**

## မရမ်းကုန်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း ယမန်နေ့ ညနေ ၅ နာရီ မှ ည ၁၂ နာရီအထိ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုများကြောင့် သစ်ပင်များ၊ လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတိုင်များ ပြိုလဲခြင်း၊ ချောင်းရေမြောင်းရေများ ကားလမ်းမပေါ် ရေလျှံမှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းကြောင့် မရမ်းကုန်းကိုးမိုင်အနီးရှိ ပြည်လမ်းမကြီးပေါ် သစ်ပင်တစ်ပင် ပြိုလဲနေခြင်းကြောင့် ယာဉ်များအသွားအလာ အခက်အခဲမရှိစေရေးအတွက် ခုတ်ထွင်ရှင်းလင်းမှုများ ဆောင်ရွက်ခြင်း၊ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း သမိုင်းလမ်းဆုံအနီး ဝဲ/ယာ လမ်းဘေးလျှပ်စစ်ဓာတ်မီးတိုင်များ၊ ဆက်သွယ်ရေးတိုင်များ ကျိုးကျခဲ့သဖြင့် သွယ်တန်းထားသောကြိုးများ ပြတ်ကျနေသည်ကို ရှင်းလင်းခြင်း၊ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းမရှိ ကားလမ်းရေလွှမ်းနေသဖြင့် ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များ၊ အနေးယာဉ်များနှင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် မရမ်းကုန်းမြို့နယ် အခြေစိုက် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရွှေကျင်

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ရေနှင့် ရွှေကျင်ချောင်းရေသည် သြဂုတ် ၃ ရက်တွင် စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ခဲ့ရာ မြစ်ကမ်းနံဘေး အနိမ့်ပိုင်းဖြစ်သည့် ဆုံကုန်းသောင်လယ်ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်ရှိ ညောင်ဝိုင်းတို့မှ အိမ်ထောင်စု ၂၈ စုမှ လူဦးရေ ၁၄၀ ကျော်ကို အရေးပေါ် ရွှေ့ပြောင်းခဲ့ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ သိရသည်။

အဆိုပါ အရေးပေါ်ရွှေ့ပြောင်းမှုနှင့်အတူ စာသင်ကျောင်းသုံးကျောင်း ခေတ္တယာယီပိတ်ခဲ့ရပြီး ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်သည့်ပံ့ပိုးမှုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကျင်(ပြန်/ဆက်)**

## ပန်းတနော်

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ယနေ့ ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ထွင့်ချက်ကျေးရွာ၊ အင်းမကြီးကျေးရွာ၊ မအူချောင်းကျေးရွာ၊ ကြက်ကျွန်းကျေးရွာ၊ ရွှေလှေကျေးရွာ၊ ခန္တကဘိုကျေးရွာနှင့် ရွာသာကြီးကျေးရွာတို့၌ စုစုပေါင်း နေအိမ် ၁၈ လုံး အမိုးလန်ပျက်စီးကာ သုံးလုံးပြိုကျခဲ့ကြောင်း သိရသည်။

နေအိမ်ပျက်စီးသွားသည့် အိမ်ထောင်စုဝင်များကို နီးစပ်ရာဆွေမျိုးများ၊ အသိမိတ်ဆွေများ၏ နေအိမ်များတွင် ခေတ္တပြောင်းရွှေ့နေထိုင်နိုင်ရေး၊ နေအိမ်အမိုးများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပတ်ဝန်းကျင်နေအိမ်များရှိ ပြည်သူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## မင်းလှ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ထန်းပင်ကုန်းအုပ်စု ပဒေသာကုန်းကျေးရွာတွင် သြဂုတ် ၃ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ငါးလုံးနှင့် နွားတဲနှစ်လုံးပြိုလဲမှုဖြစ်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်ခံရသည့်နေအိမ်များအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရွာသူရွာသားများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# မန္တလေး၌ ဒုတိယအကြိမ် တောင်သုံးလုံးဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲနှင့် နေကာတောင် တောင်ဆင်းလမ်းကြမ်း စက်ဘီးစီးပြိုင်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ MFR(Mandalay Free Rider) က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် တောင်သုံးလုံးဖိတ်ခေါ် တောင်တက်စက်ဘီးစီးပြိုင်ပွဲနှင့် နေကာတောင် တောင်အဆင်းလမ်းကြမ်း စက်ဘီးစီးပြိုင်ပွဲတို့ကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ တောင်သုံးလုံးဖိတ်ခေါ် 37 ကီလိုမီတာပြိုင်ပွဲမှ သက်တန်းအလိုက် စက်ဘီးပြိုင်ပွဲကို မန္တလေးကျုံးတောင်ဘက် မြို့တော်ခန်းမရှေ့ တာလွှတ်စုရပ်နေရာ၌ နံနက် ၆ နာရီတွင် စတင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အနယ်နယ်အရပ်ရပ်မှ သက်ကြီး၊ သက်လတ်၊ သက်ငယ် အမျိုးသား အမျိုးသမီး ပြိုင်ပွဲဝင် ၉၈၀ ကျော်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို တာဝန်ရှိသူက အချက်ပြသေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးရာ ပြိုင်ပွဲဝင် စက်ဘီးစီးအားကစားသမားများက သက်တန်းအလိုက် အစီအစဉ်အတိုင်း စုရပ်နေရာမှ ၂၆ လမ်း အတိုင်း လမ်း ၈၀၊ ၁၂ လမ်း၊ မန္တလေး တောင်တက်လမ်း၊ တောင်အဆင်းလမ်းမှ မတ္တရာကားလမ်း သံလမ်းအကျော် ညာကွေ့၍ လယ်တောလမ်းအတိုင်း YHBC 3 လမ်းဟောင်း၊ ရန်ကင်းတောင်အတက်လမ်း၊ ရန်ကင်းတောင်အဆင်းလမ်း (မန္တလေး-ပြင်ဦးလွင် ) လမ်းသစ်မုခ်ဦးမှ ရေတံခွန် တောင်သို့သွားသည့် တောလမ်းတစ်လျှောက် တက်လမ်းအတိုင်း အကြိတ်အနယ် ယှဉ်ပြိုင်စီးနင်းကြပြီး ထူးမဘုန်းတော်ကြီးကျောင်း သတ်မှတ်နေရာသို့ မန္တလေးတောင်၊ ရန်ကင်းတောင်နှင့် ရေတံခွန်တောင် အတက်အဆင်းလမ်းတို့ကို ဖြတ်ကျော်၍ စီးနင်းပန်းဝင်ခဲ့ကြသည်။

ထို့နောက် နေကာတောင် တောင်အဆင်းလမ်းကြမ်း စက်ဘီးစီး ပြိုင်ပွဲကို ရေတံခွန်တောင်ဘေးရှိ နေကာတောင်ထိပ်မှ တောင်ခြေအဆုံး သတ်မှတ်ပန်းဝင်နေရာအထိ ပြိုင်ပွဲဝင်စက်ဘီးသမားများက စီးနင်းယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီး ဆုများပေးအပ်ပွဲ ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက သက်တန်းအလိုက် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




**တောင်အဆင်းလမ်းကြမ်း စက်ဘီးစီးပြိုင်ပွဲ ကျင်းပစဉ်။**

ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်ကြည်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ သိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများ မြန်မာ နိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်နှင့် MFR မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

● *ကျောဖုံးမှ*

ဘာရိန်းအသင်းက တရုတ်(တိုင်ပေ)အသင်းကို ၂၅-၂၀ မှတ်၊ ၂၅-၁၉ မှတ်၊ ၂၅-၂၃ မှတ်ဖြင့် သုံးပွဲပြတ်၊ ပါကစ္စတန်အသင်းက ကာတာအသင်းကို ၂၅-၂၂ မှတ်၊ ၂၅-၁၁ မှတ်၊ ၂၅-၂၁ မှတ်ဖြင့် သုံးပွဲပြတ်၊ ဂျပန်အသင်းက ဆော်ဒီအာရေဗျအသင်းကို ၂၅-၁၈ မှတ်၊ ၂၅-၁၀ မှတ်၊ ၂၅-၁၈ မှတ်ဖြင့် သုံးပွဲပြတ် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင် စုစုပေါင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အုပ်စု (က) တွင် မြန်မာ၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ ဟောင်ကောင်၊ အုပ်စု (ခ) တွင် ဂျပန်၊ ကာဇက်စတန်၊ ဆော်ဒီအာရေဗျ၊ ဗီယက်နမ်၊ အုပ်စု (ဂ) တွင် တရုတ်(တိုင်ပေ)၊ ပါကစ္စတန်၊ ကာတာ၊ ဘာရိန်း၊ အုပ်စု (ဃ) တွင် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ နယူးဇီလန်အသင်းတို့ ပါဝင်နေသည်။

အုပ်စုဒုတိယနေ့ကို ဩဂုတ် ၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၁ နာရီတွင် ပါကစ္စတန်နှင့် ဘာရိန်း၊ ဗီယက်နမ်နှင့် ဆော်ဒီအာရေဗျ၊ မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာနှင့် သီရိလင်္ကာ၊ အိန္ဒိယနှင့် နယူးဇီလန်၊ ညနေ ၄ နာရီတွင် ထိုင်းနှင့် တရုတ်၊ ဟောင်ကောင်နှင့် ဩစတြေးလျ၊ ညနေ ၆ နာရီခွဲတွင် ဂျပန်နှင့် ကာဇက်စတန်၊ တရုတ်(တိုင်ပေ)နှင့် ကာတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း**

---

# မလေးရှားနိုင်ငံ ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အားကစားသမားအား ဂုဏ်ပြု

**ရန်ကုန် ဩဂုတ် ၃**

မလေးရှားနိုင်ငံ ကူချင်းမြို့၌ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်များက ကျင်းပခဲ့သော မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားမယ် မေမြတ်နိုးဦးအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အခြေခံ ပညာအထက်တန်းကျောင်း (ဂျမား) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နော်အယ်သီဖောက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုရကျောင်းသူ မေမြတ်နိုးဦးက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သန်လျင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ဂျမား) ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာဆွေနှင့် ဆရာ ဆရာမများက ဂုဏ်ပြုဆုများပေးအပ်ကြသည်။ ယင်းနောက် မေမြတ်နိုးဦးက တိုက်ကွမ်ဒိုအကဖြင့် တက်ရောက်လာကြသူများအား ကပြဖျော်ဖြေခဲ့သည်။

အဆိုပါ မလေးရှားဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် နိုင်ငံ ၂၅ နိုင်ငံ၊ ကလပ်အသင်း ၃၀ ကျော်မှ ကစားသမား ၆၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး သန်လျင်တိုက်ကွမ်ဒိုကလပ်မှ ကစားသမား လေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သန်လျင်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ပြည့်ဖြိုးကျော်က အသက် (၁၂) နှစ်မှ (၁၄)နှစ်အကြား အတိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို လည်းကောင်း၊ သန်လျင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ဂျမား)မှ ဆဋ္ဌမတန်းကျောင်းသူ မေမြတ်နိုးဦးက အသက် (၉) နှစ်မှ (၁၁) နှစ်အကြား အတိုက်ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုကိုလည်းကောင်း ရယူပေးခဲ့ကြကြောင်း သိရသည်။

"ပြိုင်ပွဲမှာ သမီးအကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ မိဘနှစ်ပါးရဲ့အားပေးကူညီမှု၊ ဆရာ ဆရာမတွေရဲ့ ဆုံးမညွှန်ကြားမှုတွေနဲ့ သမီးရဲ့ပြင်ဆင် ကြိုးစားလေ့ကျင့်မှုတွေကြောင့် အခုလို ရွှေတံဆိပ်ဆုကို ရရှိခဲ့တယ်လို့ပဲ သမီးပြောချင်ပါတယ်။ ဒီပြိုင်ပွဲမှာ သမီးအခက်ခဲဆုံး ယှဉ်ပြိုင်ခဲ့ရတာကတော့ ထိုင်းအသင်းနဲ့ အိမ်ရှင်မလေးရှားအသင်းတို့ပါပဲ။ သူတို့က အင်အားလည်းကြီးတယ်။ မျိုးဆက်သစ် အားကစားသမားတွေလည်း များတဲ့အတွက် သူတို့ကို အဓိကထား ယှဉ်ပြိုင်ခဲ့ရပါတယ်" ဟု မေမြတ်နိုးဦးက ပြောသည်။

ယင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် သန်လျင်တိုက်ကွမ်ဒိုကလပ်မှ **အသင်းအုပ်ချုပ်သူ** ဦးစိုးကြည်၊ **နည်းပြ** ဦးဇော်ထွန်းအောင်နှင့် အားကစား သမားလေးဦးပါဝင်သော မြန်မာအားကစားအဖွဲ့သည် ဇူလိုင် ၂၂ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့ကြသည်။ တိုက်ကွမ်ဒို ကစားသမား မေမြတ်နိုးဦးသည် သန်လျင်တိုက်ကွမ်ဒိုကလပ်မှ အားကစားသမားတစ်ဦးဖြစ်ပြီး ယခင်က ပြည်တွင်းတိုက်ကွမ်ဒိုကလပ်ပေါင်းစုံ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုနှင့် အခြားဆုများ ရရှိခဲ့သူဖြစ်ကြောင်း သန်လျင် တိုက်ကွမ်ဒိုကလပ်မှ သိရသည်။

**အာကာစိုး**

---

# ရခိုင်၊ ရောဝတီနှင့် ဟံသာဝတီအသင်း နိုင်ပွဲရရှိ

**ရန်ကုန် ဩဂုတ် ၃**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ဇယားထိပ်ပိုင်းမှ ရခိုင်၊ ရောဝတီနှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ရခိုင်အသင်းက ဒဂုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့ထက်ပင် အဝေးကွင်း၌ ရလဒ်ကောင်းနေသည့် ရခိုင်အသင်းသည် ယခုပွဲတွင်လည်း တန်းဆင်းဇုန်မှ ဒဂုံကို ထပ်မံအနိုင်ယူကာ အဆင့် (၅) အတွင်းဝင်ရန် မျှော်လင့်ချက်ပိုကောင်းလာခဲ့သည်။ ဒဂုံအသင်းသည် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် အားကုန်ထုတ်ကစားခဲ့သော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်သောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ပြီး လက်ကျန်သုံးပွဲတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။



**ဒဂုံနှင့် ရခိုင်အသင်း ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ-ဖိုးသော်ဇင်

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သလို ခြေစွမ်းအရ ကွာခြားမှုမရှိသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ပွဲအစတွင် ဒဂုံအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၂၁ မိနစ်တွင် ညီညီမင်းက ဒဂုံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒဂုံအသင်းသည် ဦးဆောင်ဂိုးကို မထိန်းနိုင်သည့်အပြင် ခံစစ်မှာလည်း အမှားများခဲ့သောကြောင့် ရခိုင်အသင်းကို အခွင့်အရေးများ ပြန်ပေးခဲ့ရပြီး ၂၆ မိနစ်တွင် ချမ်းဦးက ရခိုင်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရန် အားထည့်ကစားလာပြီး ဒဂုံအသင်းသည် ပွဲပြီးခါနီးတွင် သရေရလဒ်ကို ထိန်းနိုင်ရန် ပိုမိုကြိုးပမ်းလာသည်။ ဒဂုံအသင်း၏ ကြိုးပမ်းမှုမှာ ပွဲပြီးခါနီးတွင် အဆုံးသတ်ခဲ့ပြီး မိနစ် ၉၀ တွင် ဇော်သိန်းဝင်းက ရခိုင်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံလမ်းကြောင်းပေါ်တွင်ရှိနေသည့် ရောဝတီအသင်းသည် အိမ်ကွင်း၌ အမှားအယွင်းမရှိ နိုင်ပွဲယူကာ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရောဝတီအသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် မာတူနာနှင့် ၆၉ မိနစ်တွင် တင်ဝင်းအောင်တို့က သွင်းယူခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက စစ်ကိုင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အဆင့် (၄) နေရာအတွက် ဟံသာဝတီအသင်း ရုန်းကန်နေပြီး အိမ်ကွင်း၌ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၃၆ မိနစ်တွင် ညီညီအောင်(၂)၊ ၅၉၊ ၇၃ မိနစ်တွင် ပိုဒါ၊ ၈၇ မိနစ်တွင် ထက်လင်းလင်းတို့က သွင်းယူပြီး စစ်ကိုင်းအတွက် ချေပဂိုးကို ၆၇ မိနစ်တွင် ဒိုနယ်က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၉) ဒုတိယနေ့ကို ဩဂုတ် ၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ရတနာပုံ၊ သုဝဏ္ဏကွင်း၌ Chinland နှင့် ရန်ကုန်၊ မော်လမြိုင်ကွင်း၌ Southern နှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

---

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**မက်ဂွိုင်းယားကို ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိပြီ**

မန်ယူအသင်းသည် လက်စတာစီးတီးအသင်းမှ မက်ဂွိုင်းယား (၂၆နှစ်)ကို ပေါင်သန်း ၈၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုအပြောင်းအရွှေ့ပြီးမြောက်ပါက မက်ဂွိုင်းယားသည် မန်ယူအသင်း၏ သုံးဦးမြောက် ခေါ်ယူမှုဖြစ်လာမည့်အပြင် ကမ္ဘာ့စျေးအကြီးဆုံး နောက်ခံကစားသမားတစ်ဦးဖြစ်လာမည်လည်း ဖြစ်သည်။

**ဇင်းနစ်အသင်းသို့ ပြောင်းရွှေ့သွားသည့် မဲလ်ကွန်**

ဘာရာဇီးတောင်ပံကစားသမား မဲလ်ကွန် (၂၂နှစ်) သည် ပေါင် ၃၆ ဒသမ ၅ သန်းဖြင့် ဇင်းနစ် အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၎င်းသည် ပြီးခဲ့သည့် ရာသီ ဘာစီလိုနာအသင်းတွင် ၂၄ ပွဲ ပါဝင်ကစားပြီး လေးဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။ **အောင်ဇော်**

---

**မြန်မာ့ပင်လယ်ပြင် လှိုင်းကြီးမည်**

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မင်းဘူးမြို့တွင် ဆောက်လုပ်ဆဲအဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် ငါးဦးထိခိုက်ဒဏ်ရာရ

**မင်းဘူး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မင်းဘူး-စကုကားလမ်း မြောက်လှည်းကောက်အနီးတွင် ဩဂုတ် ၃ ရက် နံနက် ၁၁ နာရီခွဲက ဆောက်လုပ်ဆဲ အဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် ငါးဦး (မစိုးရိမ်ရ)ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း သိရသည်။

အိမ်ရှင်ဒေါ်ခင်နွယ်မြင့်၏ ဈေးဆိုင်ခန်းဆောက်လုပ်ဆဲ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံသည် သံဖရိန်များဖြင့် ထောင်မတ်၍ ပထမထပ်ကြမ်းခင်း ကွန်ကရစ်လောင်းနေစဉ် သံဖရိန်များ ခိုင်ခံ့မှုမရှိဘဲ ပြိုကျခဲ့ခြင်းဖြစ်သည်။

ပြိုကျရာမှ ဆင်ဖြူကျွန်းမြို့နေသူ တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းနိုင် (၃၁နှစ်)၊ မင်းဘူး(စကု)မြို့နယ် ကြီးပင်ကန်ကျေးရွာနေသူများ ဖြစ်ကြသည့် အောင်သူ (၃၁ နှစ်)၊ ဌေးအောင် (၄၁ နှစ်)၊ ကိုလင်း(၁)(၃၃နှစ်)၊ ကိုလင်း(၂)(၃၃နှစ်)တို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး အတွင်းလူနာအဖြစ် တက်ရောက်ကုသမှု ခံယူလျက်ရှိကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။



ပြိုကျခဲ့သည့်ဆောက်လုပ်ဆဲအဆောက်အအုံ အပျက်အစီးများအား ဝိုင်းဝန်းရှင်းလင်းကြစဉ်။

**ကျော်စိုးဝင်း(မင်းဘူး)**
**ဓာတ်ပုံ-မျိုးမြတ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၃**

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက မူဆယ်မြို့ ဟိုမွန်ရပ်ကွက် နယ်မြေ (၁၇)နေ ယိန်းခေါ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၀ နှင့် ဘိန်းဖြူ ၁၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီး ကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် စောအောင်မျိုး (ခ)အောင်ကြီး မောင်းနှင်ပြီး မစန်းစန်းရင်နှင့် ဝင်းဇော်ထွန်း(ခ) ဝတုတ်တို့ လိုက်ပါလာသော မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ မြန်မာငွေကျပ် ၈၃၀၀၀နှင့် ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပင်လုံမြို့ရပ်ကွက်(၂) နောင်ပလူးလမ်းရှိ ခွန်မောင်ပုတ်၏ နေအိမ်တွင် ၎င်းအား ဟွန်ဒါဖစ်အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် ဖုန်းတစ်လုံး၊ ဆက်လက်၍ ပင်လုံမြို့ရပ်ကွက်(၄) လမ်းမတော်လမ်းနေ စိုင်းပီး၏နေအိမ်၌ ၎င်းအား ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့အတူ ယင်းနေ့ ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက် ရေထွက်ဦးလမ်းတွင်တွေ့ရှိသူ ကျော်အေးကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ့ရုပ်မြင်သံကြား

**၄-၈-၂၀၁၉ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၉း၄၀ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၁း၃၀ - BBC ခံစားကြည့်
၁၃း၁၀ - မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသောသက်ငယ်မုဒိမ်းမှုအခြေအနေများ
၁၃း၁၅ - "SMM 3rd Asian" Asia World Foundation"Men's U23 Volleyball Championship Live Broadcast" (သီရိလင်္ကာနှင့် မြန်မာ)

**ညပိုင်း**

၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Shan United FC Vs Yadanarbon FC)
၁၈း၂၀ - လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင် "ကမ္ဘာကျော်လက်မှုတူရိယာ စစ်ကိုင်းဂီတာ"
၁၈း၃၅ - " REDD + နှင့် မဟာဗျူဟာ"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင်သခင်မ" (အပိုင်း -၆)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်
၂၀း၃၅ - "သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့်သိကောင်းစရာ ဆွေးနွေးချက်များ"
- "SMM 3rd Asian" Asia World Foundation" Men's U23 Volleyball Championship ပြိုင်ပွဲအစီအစဉ်

# ရန်ကုန်- မြိတ်- ဘုတ်ပြင်း ခရီးစဉ်ပြေးဆွဲသည့် လေယာဉ်တစ်စင်း လေကာမှန်အက်၍ မြိတ်လေဆိပ်တွင် ရပ်နားပြုပြင်ခဲ့ရ

**မြိတ် ဩဂုတ် ၃**

ရန်ကုန် - မြိတ် - ဘုတ်ပြင်းခရီးစဉ်အဖြစ် ပျံသန်းလာသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်သည် မြိတ်လေဆိပ်သို့ ဩဂုတ် ၃ ရက် နံနက် ၉ နာရီခန့်က ပျံသန်းရောက်ရှိလာရာ လေယာဉ်အရှေ့ယာဘက်လေကာမှန် အက်သဖြင့် လေဆိပ်တွင်ရပ်နားကာ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အင်ဂျင်နီယာများက ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လေယာဉ်ကို လေယာဉ်မှူး ဦးနေမျိုးထွဋ် မောင်းနှင်လာပြီး ခရီးသည် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၃ ဦးနှင့် လေယာဉ်ဝန်ထမ်း ငါးဦး လိုက်ပါလာသောလေယာဉ် အမှတ် XY AMJ ခရီးစဉ်အမှတ် UB 337/338 မြန်မာအမျိုးသားလေကြောင်းလိုင်း လေယာဉ်ဖြစ်ကြောင်း သိရသည်။

လေယာဉ် လေကာမှန်အက်ရခြင်းမှာ လေကာမှန်အတွင်းရှိ မှန်အပူပေးသည့် ဝိုင်ယာရှော့ဖြစ်၍ မှန်အက်ရခြင်းဖြစ်ကြောင်း လေယာဉ်မှူး ဦးနေမျိုးထွဋ်ထံမှ သိရသည်။

ယင်းလေယာဉ်ကို မြိတ်လေဆိပ်၌ ညအိပ်ရပ်နားကာ ဩဂုတ် ၄ ရက် နံနက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

**ခိုင်ထူး မြိတ် (ပြန်/ဆက် )**



ရှေ့လေကာမှန်ကွဲအက်မှုကြောင့် မြိတ်လေဆိပ်၌ ရပ်နားပြုပြင်ခဲ့ရသည့် လေယာဉ်ကိုတွေ့ရစဉ်။

# လှည်းကူးမြို့နယ်၌ တောဆင်ရိုင်းနှစ်ကောင်အား မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး

**လှည်းကူး ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၆/၅)အနီး အမြန်လမ်းနှင့် ကပ်လျက်ရှိသည့် သီဟိုဠ်ခြံအတွင်းရောက်ရှိနေသော တောဆင်ရိုင်းနှစ်ကောင်အား ယနေ့နံနက် ၈ နာရီ ၂၂ မိနစ်ခန့်က မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းနှစ်ကောင်အား ဖမ်းဆီးရမိနိုင်ရေးအတွက် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁ ရက်ကစ၍ ခြေရာခံလိုက်လံစစ်ဆေးခဲ့ရာ ဩဂုတ် ၂ ရက် နံနက် ၈ နာရီခန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၆/၅)အနီး သီဟိုဠ်ခြံအတွင်း ရောက်ရှိ ကျက်စားနေခဲ့သည်။ အဆိုပါ တောဆင်ရိုင်းနှစ်ကောင်ကို မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွဏ်း၊ မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဦးသက်ဆွေအောင်၊ ဆင်ဆရာဝန်အဖွဲ့မှ မန်နေဂျာ ဦးဇော်မင်းဦး၊ အရေးပေါ်ဆင်ထိန်းသိမ်းရေးအဖွဲ့မှ ဆင်ခေါင်းဆောင် ဦးစောအယ်ဆေးနှင့် ပူးပေါင်းအဖွဲ့များက မြန်မာ့သစ်လုပ်ငန်းမှ ကွန်ဂျီဆင်သုံးကောင်ဖြင့် ခြေရာခံလိုက်ခဲ့ပြီး ယနေ့ နံနက် ၈ နာရီ ၂၂ မိနစ်ခန့်တွင် မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသည့် တောဆင်ရိုင်းနှစ်ကောင်အား ဖြေဆေးထိုးပြီး ပဲခူးတိုင်းဒေသကြီး မြောက်ဇာမရိ ဆင်ထိန်းကာကွယ်ရေးဘေးမဲ့တောသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**



ကွန်ဂျီဆင်များဖြင့် ဖမ်းဆီးခေါ်ဆောင်လာသည့် တောဆင်ရိုင်းတစ်ကောင်ကို တွေ့ရစဉ်။

# ဘားအံမြို့နယ်တွင် လေပြင်းတိုက်၍ သစ်ပင်လဲပြိုပိမိပြီး သုံးဦးသေဆုံး

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် တောကြီးကုန်းကျေးရွာ၌ ယမန်နေ့ ည ၁၁ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ နေအိမ်ပေါ်သို့ သစ်ပင်လဲပြိုပိမိသဖြင့် လူသုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဦးချိုနားတန်ဘီသ်၏ဇနီးဖြစ်သူ ဒေါ်မလီးသား၊ သမီးဖြစ်သူ မအိုးတနော၊ သားဖြစ်သူ ပီကြေး၊ တူမဖြစ်သူ မလုလုတို့နှင့်အတူ နေအိမ်အတွင်း အိပ်ပျော်နေစဉ် လေပြင်းတိုက်ခတ်၍ နေအိမ်ခြေရင်းရှိလက်ပံပင်လဲကျရာမှ နေအိမ်နှင့်အတူ ၎င်းတို့မိသားစုဝင်များကို ပိမိခဲ့သည်။ ရွာသူရွာသားများက သစ်ပင်ကို ဝိုင်းဝန်းဖယ်ရှားခဲ့သော်လည်း သမီးဖြစ်သူ မအိုးတနောကိုသာ အသက်ရှင်လျက် ပြန်လည်ကယ်ဆယ်နိုင်ခဲ့ပြီး ဒေါ်မလီးသားပါ သုံးဦးမှာသေဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဘားအံမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# အင်းတော်မြို့နယ်တွင် ဆင်ဦးစီးတစ်ဦး ဆင်နင်းခံရ၍ သေဆုံး

**အင်းတော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကလုံကြိုးဝိုင်းအတွင်း၌ ဆင်ဦးစီးတစ်ဦး ဆင်နင်းခံရ၍ သေဆုံးသွားကြောင်း သိရသည်။

ယမန်နေ့ညနေ ၃ နာရီခွဲက လူတစ်ဦးဆင်နင်းသဖြင့် သေဆုံးသွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ အင်းတော်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်အောင်ဦးစီးသောရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အင်းတော်မြို့နယ် ကလုံကြိုးဝိုင်းအတွင်းရှိ အကွက်အမှတ်(၁၉)နေရာတွင်နေထိုင်သူ ဆင်ဦးစီး ဦးမောင်ငယ်သည် ၎င်းဦးစီးရသည့် အမြင့် ရှစ်ပေ ငါးလက်မ၊ အသက် ၃၇ နှစ်အရွယ် ခိုင်ကြည်အမည်ရှိ ဆင်ထီးမှာ မုန်ယို၍ ခြေထောက်ဖြင့်နင်းပြီး အစွယ်ဖြင့်ထိုးသတ်သောကြောင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အမေရိကန်-ရုရှား နျူကလီးယားလက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ် သက်တမ်းကုန်ဆုံး

## တရုတ်နိုင်ငံပါဝင်သည့် သဘောတူစာချုပ်အသစ်တစ်ရပ်ချုပ်ဆိုရန် အဆိုပြု




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားနေစဉ်။

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားတို့အကြား နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်တစ်ရပ်မှာ သက်တမ်းကုန်ဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

INF ဟုခေါ်ဆိုသည့် တာလတ်ပစ် နျူကလီးယားလက်နက် သဘောတူစာချုပ်သည် ဩဂုတ် ၁ ရက်တွင် သက်တမ်းကုန်ဆုံးသွားပြီးနောက် နျူကလီးယားအင်အားကြီးနှစ်နိုင်ငံဖြစ်သည့် ရုရှားနှင့် အမေရိကန်တို့သည် ဒုံးကျည်သစ်များ တီထွင်ရန် စီစဉ်လျက်ရှိရာ လက်နက်ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာတော့မည့် အခြေအနေအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိသည်။

နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်ကို ရုရှားချိုးဖောက်မှုရှိသည်ဟု သံသယရှိသည့်အတွက် ယင်းစာချုပ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် အမေရိကန်အစိုးရက အသိပေးခဲ့သည်။ အပြန်အလှန်အနေဖြင့် ရုရှားကလည်း စာချုပ်တွင်ပါရှိသည့် ကတိကဝတ်များအတိုင်း လိုက်နာမှုကို ရပ်ဆိုင်းတော့မည်ဟု တုံ့ပြန်ခဲ့သည်။

တာလတ်ပစ် နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်ကို ၁၉၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံတို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး စာချုပ်ပါစည်းကမ်းအရ ကီလိုမီတာ ၅၀၀ မှ ၅၅၀၀ အထိ အကွာအဝေးရှိသည့် မြေပြင်အခြေစိုက် ပဲ့ထိန်းဒုံးကျည်များနှင့် ခရုစ်ဒုံးကျည်များကို ထုတ်လုပ်ခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် စမ်းသပ်ပစ်လွှတ်ခြင်းတို့ကို တားမြစ်ပိတ်ပင်ထားသည်။ သဘောတူစာချုပ်အရ အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံတို့သည် နျူကလီးယားဒုံးကျည်ပေါင်း ၂၆၀၀ ကျော်ကို ဖျက်သိမ်းခဲ့ကြသည်။

အမေရိကန်နှင့် ရုရှားတို့သည် တရုတ်နိုင်ငံနှင့် အခြားဒုံးကျည်လက်နက်ပိုင်ဆိုင်သည့်နိုင်ငံများပါဝင်မည့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး သဘောတူစာချုပ် အသစ်တစ်ရပ်ကို အဆိုပြုလျက်ရှိပြီး ယင်းစာချုပ်သစ်နှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် တရုတ်အစိုးရက ငြင်းဆန်လျက်ရှိကြောင်း သိရသည်။


**အေအက်ဖ်ပီ၊ ဆင်ဟွာ**

## တောင်တရုတ်ပင်လယ်အတွင်း၌ စစ်ရေးချဲ့ထွင်နေသည်ဆိုသော စွပ်စွဲချက်များကို တရုတ်ငြင်းဆန်

**ဗန်ကောက် ဩဂုတ် ၃**

တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်း၌ စစ်ရေးချဲ့ထွင်နေသည်ဟူသော စွပ်စွဲချက်များကို လက်မခံကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း တောင်တရုတ်ပင်လယ်အရေးနှင့် စပ်လျဉ်းပြီး ဒေသတွင်းမဟုတ်သည့် အင်အားကြီးနိုင်ငံများထံမှ စွပ်စွဲချက်များကို တုံ့ပြန်သည့်အနေဖြင့် မစ္စတာ ဝမ်ယိက ပြောကြားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။



တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ။

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တောင်တရုတ်ပင်လယ်အတွင်းရှိ အခြေအနေများကို တည်ငြိမ်အောင် ထိန်းသိမ်းထားနိုင်ခဲ့ကြောင်းနှင့် တိုးတက်မှုများရှိနေကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

သို့သော်လည်း ဒေသတွင်းနိုင်ငံများက ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ကြိုးပမ်းရန် လိုလားနေချိန်တွင် ဒေသတွင်းမဟုတ်သည့် အင်အားကြီးနိုင်ငံအချို့သည် တောင်တရုတ်ပင်လယ်အတွင်း၌ ၎င်းတို့အင်အားကို ထုတ်ဖော်ပြသရန်နှင့် တင်းမာမှုများကို ဖန်တီးရန် ဆက်လက်လုပ်ဆောင်နေကြောင်း မစ္စတာ ဝမ်ယိက ဆိုသည်။

ဒေသတွင်းမဟုတ်သည့် အင်အားကြီးနိုင်ငံများသည် တောင်တရုတ်ပင်လယ်အတွင်း၌ တရုတ်နိုင်ငံက စစ်ရေးချဲ့ထွင်နေသည်ဟု ဝေဖန်ပြောဆိုနေသော်လည်း ကမ္ဘာတစ်ဝန်း၌ ၎င်းတို့၏ စစ်အခြေစိုက်စခန်းများကို ရာပေါင်းများစွာအထိ တိုးချဲ့ကာ ၎င်းတို့ပိုင်ဆိုင်သည့် နယ်နိမိတ်ပြင်ပတွင် တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို ချထားခြင်းသည်လည်း စစ်ရေးချဲ့ထွင်သည့် ဆောင်ရွက်မှုပင်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## ဆန်ဖရန်စစ္စကိုလေဆိပ်၌ ပလတ်စတစ်ဘူးများအသုံးပြုပြီးရောင်းချမှု ပိတ်ပင်မည်

**ဝါရှင်တန် ဩဂုတ် ၃**

ဆန်ဖရန်စစ္စကို နိုင်ငံတကာလေဆိပ်၌ ပလတ်စတစ်ဘူးများ အသုံးပြုပြီး ရောင်းချမှုကို ပိတ်ပင်မည်ဖြစ်ကြောင်း အမေရိကန် သတင်းမီဒီယာများက သောကြာနေ့တွင် ဖော်ပြခဲ့သည်။

အသစ်ချမှတ်လိုက်သည့် စည်းကမ်းသည် လာမည့် ဩဂုတ် ၂၀ ရက်တွင် စတင် အသက်ဝင်မည်ဖြစ်ကြောင်း ဆန်ဖရန်စစ္စကို ခရိုနီကယ်သတင်း၌ ဖော်ပြသည်။ ယင်းအစီအစဉ်သည် အမှိုက်သရိုက်စွန့်ပစ်ပစ္စည်းများ စုပုံလာမှု၊ ကာဗွန်ထုတ်လုပ်မှုနှင့် စွမ်းအင်သုံးစွဲမှုပမာဏကို လျှော့ချမည့် ငါးနှစ်ကြာ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

ဆန်ဖရန်စစ္စကိုလေဆိပ်သည် ယင်းပြောင်းလဲမှုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် သတိပြုခဲ့သည့် ပထမဆုံးလေဆိပ်ဖြစ်ကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူ Doug Yakel က ပြောကြားခဲ့သည်။




ပလတ်စတစ်ဘူးများအသုံးပြုပြီး ရောင်းချမှုကို ပိတ်ပင်မည့် ဆန်ဖရန်စစ္စကိုနိုင်ငံတကာလေဆိပ်ကို တွေ့ရစဉ်။

ပလတ်စတစ်ဘူးများ ရောင်းချခြင်းကို ပိတ်ပင်မှုသည် လေဆိပ်အား အသုံးပြုနေသည့် လေယာဉ်များကို သာမက စားသောက်ဆိုင်များ၊ ကဖေးဆိုင်များနှင့် ငွေအကြေးထည့်ရသည့် ဈေးရောင်းစက်များကိုပါ သက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် အပစ်အခတ်ရပ်စဲမှုကို ကုလသမဂ္ဂကြိုဆို

**ဒမတ်စကတ် ဩဂုတ် ၃**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ အပစ်အခတ်ရပ်စဲကြောင်း ဩဂုတ် ၁ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်ကို ကုလသမဂ္ဂက ကြိုဆိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ဩဂုတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲမှု ကြေညာခဲ့ပြီးနောက် ညသန်းခေါင်အချိန်မှစတင်ကာ လေကြောင်းတိုက်ခိုက်မှုများ မရှိတော့သော်လည်း ဆီးရီးယားနိုင်ငံမြောက်ပိုင်း ဟာမာပြည်နယ်တွင် အမြောက်ပစ်ခတ်မှုများရှိနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိကြောင်း ကုလသမဂ္ဂညှိနှိုင်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံးမှ ပြောကြားခဲ့မှုကို ကိုးကားလျက် ဒူဂျာရစ်က ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးဘုတ်အဖွဲ့တည်ထောင်မှုနှင့်အတူ အဆိုပါအပစ်အခတ်ရပ်စဲရေးကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်အလယ်ပိုင်းတွင် လှေနစ်မြုပ်မှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၁၃ ဦးပျောက်ဆုံးနေ

**မနီလာ ဩဂုတ် ၃**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ဩဂုတ် ၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က လှေနှစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးထက်မနည်းသေဆုံးပြီး ၁၃ ဦးပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

သေဆုံးသူများအနက် အမျိုးသမီး ခြောက်ဦးနှင့် အမျိုးသားတစ်ဦးပါဝင်ကြောင်းနှင့် လှေနစ်မြုပ်မှုတွင် လူ ၄၀ ကျော်ကို ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။ Che Che နှင့် Keziah အမည်ရှိ လှေနှစ်စင်းသည် အီလွိုင်လိုရှိ ဖလော်ရာဆိပ်တံတားမှ ဂွီမာရက်စ်ရှိ ဂျောဒန်ဆိပ်ခံတံတားသို့ အကူးတွင် ရုတ်တရက် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လှေနစ်မြုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆို သည်။

လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လှေနစ်မြုပ်ချိန်တွင် လှေနှစ်စင်းပေါ်၌ လိုက်ပါလာသူစုစုပေါင်း ၅၁ ဦးရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်နိုင်ငံ၌ အပူလှိုင်းဖြတ်မှုကြောင့် ခုနစ်ဦးသေဆုံး

**တိုကျို ဩဂုတ် ၃**

ဂျပန်နိုင်ငံ၌ အပူလှိုင်းကျရောက်မှုကြောင့် နိုင်ငံတစ်ဝန်းရှိ စီရင်စုငါးခုတို့မှ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

အပူလှိုင်းကြောင့် သေဆုံးသူများအနက် သုံးဦးမှာ မြောက်ပိုင်း ဟော့ကိုင်းဒိုးစီရင်စုမှဖြစ်ပြီး ယင်းနေရာသည် ပုံမှန်အားဖြင့် ဂျပန်ရှိ အခြားနေရာများထက် ပိုအေးသည့်နေရာဖြစ်သည်ဟု ဆိုသည်။ သေဆုံးသူအများစုမှာ သက်ကြီးပိုင်းပုဂ္ဂိုလ်များဖြစ်ပြီး အပူလျှပ်ကာ သေဆုံးခဲ့ကြခြင်း ဖြစ်သည်။

ငင်းတို့ထဲတွင် ဂျပန်နိုင်ငံအလယ်ပိုင်း တိုယိုမာစီရင်စုမှ ၁၁ လအရွယ်ကလေးငယ်တစ်ဦးပါဝင်ပြီး ၎င်းသည် ကားရပ်နားစဉ် ကားအတွင်း ကျန်နေခဲ့ပြီးနောက် အပူလျှပ်ကာ သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အင်ဒိုနီးရှား၌ ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိသည့် ငလျင်လှုပ်

**ဂျကာတာ ဩဂုတ် ၃**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၌ ပြင်းအား ၇ ဒသမ ၄ ရစ်ချ်တာစကေးရှိ မြေငလျင်တစ်ခု ယမန်နေ့က လှုပ်ခဲ့ပြီးနောက် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ရကြောင်း အမေရိကန်ဘူမိစစ်တမ်းအဖွဲ့က ပြောကြားခဲ့သည်။

ငလျင်သည် အနက်အားဖြင့် ၅၉ ကီလိုမီတာရှိပြီး ဆူမာတြားကျွန်းပေါ်ရှိ တီဟပ်ဘီတန်မြို့မှ ၂၂၇ ကီလိုမီတာအကွာခန့်တွင် လှုပ်ခဲ့သည်။ ငလျင်လှုပ်ပြီးနောက် အင်ဒိုနီးရှားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ပြီး ဘန်တန်ကမ်းခြေဒေသရှိ ဒေသခံပြည်သူများအား ကုန်းမြင့်များဆီသို့ ချက်ချင်းရွှေ့ပြောင်းကြရန် တိုက်တွန်းခဲ့သော်လည်း နာရီအနည်းငယ်အကြာတွင် ထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ငလျင်လှုပ်မှုကြောင့် လေးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ငလျင်လှုပ်မှုကြောင့် မြို့တော် ဂျကာတာ၌ ပြင်းထန်သည့်တုန်ခါမှုများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများမှာ နေအိမ်အဆောက်အအုံများအတွင်းမှ ထွက်ပြေးခဲ့ကြသည်။ ဂျာဗားကျွန်းပေါ်ရှိ ယိုဂျာကာတာ၌လည်း ငလျင်ကြောင့် တုန်ခါမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆူဒန်၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် သဘောတူညီမှုရရှိ

**ကလျာမိုးမြင့်**

ဆူဒန်နိုင်ငံကို လက်ရှိစိုးမိုးအုပ်ချုပ်နေတဲ့ စစ်ဘက်အကြီးအကဲတွေနဲ့ ဆန္ဒပြသူတွေအကြားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားဝင်ကြေညာချက်ထုတ်ပြန်ဖို့ သဘောတူညီချက် အပြည့်အဝရရှိသွားပြီဖြစ်တယ်လို့ အာဖရိကသမဂ္ဂက ဩဂုတ် ၃ ရက်မှာ ပြောကြားလိုက်ပါတယ်။ ဒါဟာ အရပ်သားအုပ်ချုပ်ခွင့်ကို တောင်းဆိုနေကြတဲ့ ဆူဒန်ပြည်သူတွေအတွက် ဝမ်းမြောက်စေမယ့် သတင်းကောင်းတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။



ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် သဘောတူညီမှုရရှိပြီးနောက် ပြည်သူများ ပျော်ရွှင်နေကြသည်ကို တွေ့ရစဉ်။

### အလှည့်ကျအုပ်ချုပ်မယ်

ဒီသဘောတူညီမှုဟာဆိုရင်ဖြင့် နိုင်ငံအတွင်း အရပ်ဘက်နဲ့ စစ်ဘက် ပူးတွဲအုပ်ချုပ်မယ့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဖို့ ရည်ရွယ်ချက်နဲ့ ဇူလိုင် ၁၇ ရက်မှာ လက်မှတ်ရေးထိုးလိုက်တဲ့ အာဏာခွဲဝေရေး သဘောတူစာချုပ်နဲ့ လိုက်လျောညီထွေရှိလှစွာ ထွက်ပေါ်လာခဲ့ပြီးဖြစ်ပြီး ပူးတွဲအုပ်ချုပ်မယ့်အစီအစဉ်အရ အပြောင်းအလဲကာလ သုံးနှစ်မှာ အရပ်သားအစိုးရနဲ့ ပါလီမန်လွှတ်တော်က အလှည့်ကျအုပ်ချုပ်တာကို တွေ့မြင်ရတော့မှာပါ။

ပြီးခဲ့တဲ့ဧပြီလအတွင်း ဆူဒန်စစ်အာဏာသိမ်းခေါင်းဆောင်ဟောင်း အိုမာအယ်လ် ဘာရှီယာကို ဖြုတ်ချခဲ့တဲ့ ဆန္ဒပြလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ ဆန္ဒပြခေါင်းဆောင်တွေနဲ့ လက်ရှိ ဆူဒန်ကို အုပ်ချုပ်နေတဲ့ စစ်ဘက်ကောင်စီတို့အကြား ကြာမြင့်စွာ ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီးနောက်မှာ ဖွဲ့စည်းပုံကြေညာဖို့ သဘောတူညီမှု ရရှိခဲ့တာ ဖြစ်ပါတယ်။

### ကြေညာ

ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြေညာဖို့ နှစ်ဖက်သော ကိုယ်စားလှယ်တွေက လုံးလုံးလျားလျား သဘောတူလိုက်ပြီဖြစ်ကြောင်းကို ဆူဒန်ပြည်သူတွေ၊ အာဖရိကပြည်သူတွေနဲ့ နိုင်ငံတကာ ပြည်သူ့သဘောထားဆန္ဒအဖွဲ့တွေကို ကျွန်ုပ်က ကြေညာလိုက်တယ်လို့ အာဖရိကသမဂ္ဂအဖွဲ့ကြီးရဲ့ကြားဝင်စေ့စပ်ညှိနှိုင်းသူ မိုဟာမက် အယ်လ်ဟာစင် လီဘက်က သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။ သဘောတူညီမှုမှာပါရှိတဲ့ နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်တွေကို ဆောင်ရွက်ဖို့ တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်သွားဦးမှာဖြစ်ပြီး လက်မှတ်ရေးထိုးတဲ့ အခမ်းအနားပြုလုပ်ဖို့အတွက် ဆွေးနွေးဖို့ရှိတယ်လို့ သိရပါတယ်။

### အများအယွင်းမခံတဲ့ အကြောင်းအရာများ

အဲဒီကြေညာချက် ထွက်ပေါ်လာပြီးတဲ့နောက် စောင့်ဆိုင်းနေကြတဲ့ သတင်းထောက်တွေ ဝမ်းမြောက်စွာ ထွက်ပေါ်လာကြပါတယ်။ စစ်ဘက်အကြီးအကဲတွေဟာ ညှိနှိုင်းဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့ရာ ခါတွမ်မြို့ရှိ ခန်းမတစ်ခုကနေ ထွက်သွားခဲ့ပြီး ဆန္ဒပြခေါင်းဆောင်တွေကတော့ သတင်းမီဒီယာတွေရဲ့ မေးခွန်းတွေကို ဖြေကြားဖို့ ကျန်နေခဲ့ကြပါတယ်။

သဘောတူခဲ့ကြတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး မေးမြန်းရာမှာ ဆန္ဒပြခေါင်းဆောင် အီဘရာဟင် အယ်လ်အာမင်က ကျွန်ုပ်တို့အနေနဲ့ အများအယွင်းမခံနိုင်တဲ့ အကြောင်းအရာတွေဖြစ်တဲ့ လုံခြုံရေး၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကိစ္စ၊ အစိုးရဝန်ကြီးများအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်အာဏာကိစ္စတွေသာမက လက်ရှိအုပ်ချုပ်နေတဲ့ အမြင့်ဆုံးကောင်စီနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ သဘောတူညီမှုရခဲ့တယ်လို့ အေအက်ဖ်ပီသို့ ပြောကြားခဲ့ပါတယ်။

### အောင်ပွဲခံ

ဆန္ဒပြသူတွေကို သေဆုံးစေခဲ့တဲ့ အင်အားသုံးနှိပ်ကွပ်မှုတွေ လုပ်ဆောင်ခဲ့တဲ့အတွက် RSF ပြည်သူ့စစ်အဖွဲ့ဟာ မသမာမှုတွေလုပ်ဆောင်ခဲ့တယ်ဆိုပြီး ကာလကြာလုပ်ဆောင်ခဲ့တဲ့ ဆန္ဒပြလှုပ်ရှားမှုတွေအတွင်း ဒီကိစ္စအပေါ် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ RSF အဖွဲ့ရဲ့ အုပ်ချုပ်ရေးအကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်ကြီး မိုဟာမက် ဟမ်ဒန် ဒါဂလိုဟာ လက်ရှိအာဏာရ စစ်ဘက်ကောင်စီ ဒုတိယအကြီးအကဲဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေထုတ်ပြန်ဖို့ ကြေညာချက်ထွက်ပေါ်လာပြီးနောက် ခန်းမအပြင်ဘက်မှာရှိနေကြတဲ့ ဆူဒန်ပြည်သူလူအုပ်ကြီးဟာ ဝမ်းမြောက်ဝမ်းသာနဲ့ အောင်ပွဲခံခဲ့ကြပါတယ်။ ကျေနပ်ပျော်ရွှင်နေကြတဲ့ ဆူဒန်နိုင်ငံရဲ့ အလံကို ဝှေ့ယမ်းခဲ့ကြပြီး ကြွေးကြော်အော်ဟစ်နေကြချိန် အမျိုးသမီးတွေကလည်း အလားတူ အော်ဟစ်ပျော်ရွှင်ခဲ့ကြသလို ကားမောင်းသူတွေကလည်း ၎င်းတို့ရဲ့ ကားဟွန်းတွေကို တီးခဲ့ကြပါတယ်။

ဆန္ဒပြပြည်သူတစ်ဦးဖြစ်တဲ့ ဆိုမီယာ ဆာဒက်က ကျွန်တော်တို့ရဲ့သားသမီးတွေ အသတ်ခံခဲ့ရတာတွေအတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ်ပြန်ပေးနိုင်ဖို့ အရပ်သားအုပ်ချုပ်ခွင့်ကို ကျွန်တော်တို့ စောင့်ဆိုင်းနေခဲ့တာလို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၃ ရက်က စစ်အင်္ကျီဝတ်ဆင်ထားကြတဲ့ လက်နက်ကိုင်လူတစ်စုဟာ ခါတွမ်မြို့ရှိ ဆန္ဒပြပြည်သူတွေ စခန်းချရာနေရာကို အကြမ်းဖက်ဆန်ဆန် စီးနင်းမှုပြုလုပ်ခဲ့ရာမှာ ပြည်သူ ၁၂၇ ဦးထက်မနည်း သေဆုံးခဲ့ရတယ်လို့ ဆန္ဒပြပြည်သူတွေနဲ့ ဆက်စပ်တဲ့ ဆရာဝန်တွေရဲ့ ပြောကြားချက်အရ သိရပါတယ်။

### လျှော့ပေါ့ဖော်ပြ

အာဏာပိုင်တွေဖော်ပြခဲ့တဲ့ သေဆုံးသူအရေအတွက်က ရှိရင်းစွဲထက်လျော့နည်းတဲ့ ဖော်ပြမှုဖြစ်ပြီး ဒီကိစ္စကို RSF အဖွဲ့က လုပ်ဆောင်ခဲ့တယ်လို့ သတင်းဖော်ပြမှုတွေ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ကြာသပတေးနေ့ကလည်း ဆူဒန်ရှိ အွမ်ဒါမန်မြို့က လူထုစုဝေးချီတက်မှုတစ်ခုမှာ ဆန္ဒပြပြည်သူလေးဦး သေနတ်နဲ့ပစ်ခတ်ခံရပြီး သေဆုံးခဲ့တယ်လို့ ဆန္ဒပြလှုပ်ရှားမှုအဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ ဆေးအဖွဲ့ကနေ သိရပါတယ်။

ထောင်နဲ့ချီတဲ့ ဆန္ဒပြပြည်သူတွေဟာ မြောက်ပိုင်း ကော်ဒိုဖန်ရှိ အယ်လ်အိုဘိဒ်မှာ ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုတစ်ခုအတွင်း ကျောင်းသားကလေးငယ်တွေ အသတ်ခံခဲ့ရမှုအတွက် ဆန္ဒဖော်ထုတ်ဖို့ မြို့တော်ခါတွမ်နဲ့ အွမ်ဒါမန်မြို့အပါအဝင် ဆူဒန်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးအချို့ရဲ့ လမ်းတွေပေါ်ကို ချီတက်စုဝေးခဲ့ကြပါတယ်။

### ဖမ်းဆီး

အာဏာရစစ်ဘက်ကောင်စီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး ရှမ်ဆီဒင် ကာဘာရှီက အယ်လ်အိုဘိဒ်မှာ ဖြစ်ပွားခဲ့တဲ့ သတ်ဖြတ်မှုတွေအတွက် RSF အဖွဲ့က ပြည်သူ့စစ်အဖွဲ့ဝင် ကိုးဦးကို ဩဂုတ် ၂ ရက်မှာ ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်ပြီး အဲဒီနေ့ကဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုမှာ အပြစ်ရှိတဲ့သူတွေကို အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်သွားမှာဖြစ်တယ်လို့ အလေးအနက် ပြောကြားခဲ့ပါတယ်။

ဆန္ဒပြပြည်သူတစ်ဦးဖြစ်တဲ့ အာမက်အီဘရာဟင်အတွက်ကတော့ နှစ်ဖက်အဖွဲ့အစည်းတွေအကြား ဖွဲ့စည်းပုံအခြေခံဥပဒေ ထုတ်ပြန်ရေးအတွက် သဘောတူညီမှုရရှိလိုက်ခြင်းဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလကတည်းက ပေါ်ပေါက်ခဲ့တဲ့ စစ်အာဏာသိမ်းခေါင်းဆောင်ဟောင်း ဘာရှီယာကိုဆန့်ကျင်တဲ့ ဆူဒန်ရဲ့ ပုန်ကန်ထကြွမှု အောင်မြင်ကြောင်း သက်သေထူနိုင်လိုက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ယနေ့အောင်မြင်မှုတစ်ရပ်နဲ့အတူ ကျွန်ုပ်တို့ဟာ အရပ်သားအုပ်ချုပ်ရေးလမ်းကြောင်းပေါ် ခြေချနိုင်တော့မယ်လို့ ၎င်းက ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

> “အများအယွင်းမခံနိုင်တဲ့ အကြောင်းအရာတွေဖြစ်တဲ့ လုံခြုံရေး၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကိစ္စ၊ အစိုးရဝန်ကြီးများအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်အာဏာကိစ္စတွေသာမက လက်ရှိအုပ်ချုပ်နေတဲ့ အမြင့်ဆုံးကောင်စီနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ သဘောတူညီမှုရခဲ့”

# မိုးရာသီကာလအတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တာတမံများ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထား

**ဧရာဝတီမြစ်သည် ကချင်ပြည်နယ်မှ မြစ်ဖျားခံစီးဆင်းလာပြီး မြန်မာနိုင်ငံအလယ်ပိုင်း၌ ချင်းတွင်းမြစ်နှင့် ပေါင်းဆုံကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှတစ်ဆင့် ကပ္ပလီပင်လယ်အတွင်းသို့ စီးဝင်သွားသော ရှည်လျားကြီးမားသည့် မြစ်ကြီးတစ်စင်းဖြစ်သည်။ အဆိုပါ ရေဆင်းဧရိယာများတွင် မိုးသည်းထန်စွာရွာသွန်းလျှင် စီးဝင်ရေများပြားပြီး ဧရာဝတီမြစ်ရေမှတ်များ မြင့်တက်ကာ မြစ်ကမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ မြို့၊ ရွာများတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လေ့ရှိသည်။**

မိုးရာသီတွင် မြစ်ရေမြင့်တက်ပြီး မြို့၊ ရွာများ ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်မှ ကာကွယ်ရန်အတွက် ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် ဧရာဝတီမြစ်မှ ခွဲထွက်စီးဆင်းလာသော ငဝန်မြစ်၏ ရေဘေးကာကွယ်ရေးတာဖြစ်သည့် ငဝန်တာကို ၁၈၇၆ ခုနှစ်တွင်လည်းကောင်း၊ ဧရာဝတီမြစ် ရေဘေးကာကွယ်ရေးတာဖြစ်သော ဧရာဝတီ ဟသ်ာတတာကို ၁၈၈၀ ပြည့်နှစ်ကလည်းကောင်း စတင်တည်ဆောက်ခဲ့ပြီး ကျန်ရှိသည့် တာများကိုလည်း ဆက်လက်တည်ဆောက်ကာ ဆည်မြောင်းဦးစီးဌာနမှ ပြုပြင်တည်ဆောက်ထိန်းသိမ်း၍ ကာကွယ်လျက်ရှိသည်။ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ ဧရာဝတီမြစ်ကမ်းဘေး တစ်လျှောက်ရှိသော မြို့၊ ရွာများမှာ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း အမြင့်ဆုံး မြစ်ရေတက်မှုနှင့် ကြုံတွေ့ကာ ရေဘေးအန္တရာယ် ကျရောက်ခဲ့သည်။



ဧရာဝတီမြစ်ရေဘေး ကာကွယ်ရေးတာဖြစ်သော ဟသ်ာတတာကို တွေ့ရစဉ်။

**ရေဘေးကာကွယ်ရေး**

ဧရာဝတီမြစ်ဝှမ်းတွင် တည်ရှိသော ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၂၆ မြို့နယ်ရှိပြီး လူဦးရေ ၆၂ သိန်း ခန့် မှီတင်းနေထိုင်လျက်ရှိကာ စိုက်ပျိုးမြေဧရိယာ ၃၇ သိန်းခန့်ရှိသဖြင့် မြန်မာနိုင်ငံ၏ စပါးကျီဟု တင်စားခြင်းခံရသော တိုင်းဒေသကြီးဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနသည် ဒေသနေပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် စိုက်ပျိုးမြေဧရိယာများအား ရေကြီးနစ်မြုပ်ပြီး ထိခိုက်ပျက်စီးမှု ကာကွယ်ပေးနိုင်ရေးအတွက် ရေဘေးကာကွယ်ရေးတာများကို တည်ဆောက်ပေးခဲ့သည်။

အဆိုပါတာများအနက် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ အရေးကြီးသော ရေဘေးကာကွယ်ရေးတာ ၁၅ ခု အလျား ၄၈၆ ဒသမ ၄၇ မိုင်ကို ဒေသခံပြည်သူများအား ရေဘေးအန္တရာယ်ကျရောက်မှုမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်း၊ လယ်မြေ ဧက ၁၂ ဒသမ ၇ သိန်းကို ထိန်းသိမ်းစီမံလျက်ရှိပြီး ဒေသနေပြည်သူများ၏ ရေဘေးအန္တရာယ် ကျရောက်မှုမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်း၊ လယ်မြေဧကများအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခြင်း၊ ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုခြင်း စသည့်လူမှုဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာသည်။

**အရေးပါသည့် တာရှစ်ခု**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ထိန်းသိမ်းထားရှိသော ရေဘေးကာကွယ်ရေးတာ ၆၄ ခု၊ အလျား ၁၃၂၀ ဒသမ ၆၇ မိုင်ရှိသည့်အနက် အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီ၊ ငဝန်၊ တိုး၊ ပန်းလှိုင်မြစ်တို့၏ မြစ်ရေကြီးမှု အန္တရာယ်ကို ကာကွယ်ထားသည့် တာတမံရှစ်ခုသည် အဓိကအရေးပါပြီး အလျားမိုင် ၄၀၀ ကျော်ဖြင့် မြေဧက ၁ ဒသမ ၁ သန်းကျော်ကို ကာကွယ်ထားသည်။

ဧရာဝတီမြစ် ရေဘေးကာကွယ်ရေးတာများဖြစ်သော ကြံခင်းတာသည် ၆ ဒသမ ၇၅ မိုင်ရှည်လျားပြီး အကျိုးပြုဧကမှာ ၄၅၉၂ ဧက၊ မြန်အောင်တာသည် ၄၈ ဒသမ ၅ မိုင်ရှည်လျားပြီး အကျိုးပြုဧကမှာ ၁၄၂၈၇၄ ဧက၊ ဧရာဝတီ ဟသ်ာတတာသည် ၈၃ ဒသမ ၈၇ မိုင်ရှည်လျားပြီး အကျိုးပြု ဧကမှာ ၃၃၉၃၈၁ ဧက၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာသည် ၄၇ ဒသမ ၃၇၅ မိုင်ရှည်လျားပြီး အကျိုးပြုဧကမှာ ၉၂၆၆၉ ဧကဖြစ်သည်။ ဧရာဝတီမြစ် ရေဘေးကာကွယ်ရေးတာ စုစုပေါင်း ၁၈၆ ဒသမ ၄၉၅ မိုင် ရှည်လျားပြီး စုစုပေါင်း အကျိုးပြုဧကမှာ ၅၇၉၅၁၆ ဧက ဖြစ်သည်။

ငဝန်မြစ်ရေဘေး ကာကွယ်ရေးတာဖြစ်သော ငဝန်တာသည် ၇၃ ဒသမ ၈၆၅ မိုင်ရှည်လျားပြီး အကျိုးပြုဧကမှာ ၃၀၀၃၈၄ ဧကဖြစ်သည်။ ပန်းလှိုင်မြစ် ရေဘေးကာကွယ်ရေးတာဖြစ်သော ညောင်တုန်းတာ (ပန်းလှိုင်မြစ်ခွဲ) သည် ၂၃ ဒသမ ၂၅ မိုင် ရှည်လျားပြီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) သည် ၃၂ မိုင် ရှည်လျားသည်။ ၎င်းညောင်တုန်းတာ၏ စုစုပေါင်း အကျိုးပြုဧကမှာ ၁၀၅၂၂၀ ဧက ဖြစ်သည်။ တာဝပါလွဲ့ကုက္ကိုတာသည် ၂၃ ဒသမ ၂၅ မိုင် ရှည်လျားပြီး အကျိုးပြုဧကမှာ ၁၃၁၆၇ ဧကဖြစ်သည်။ မအူပင်ကျွန်းတာသည် ၆၁ ဒသမ ၇၅ မိုင်ရှည်လျားပြီး အကျိုးပြုဧကမှာ ၁၁၄၈ ဧက ဖြစ်သည်။

နိုင်ငံတော် အစိုးရသည် ဧရာဝတီတိုင်းဒေသကြီးနေ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ ရေဘေးအန္တရာယ်မှ ကာကွယ်ရန် ဆည်တာတမံများ ပြုပြင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသအတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးနှင့် စိုက်ပျိုးရေရရှိရေးတို့အတွက်လည်း ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်း၊ ရေနုတ်မြောင်း၊ ရေသွင်းမြောင်းနှင့် ချောင်းကော၊ မြောင်းကောများ ပြုပြင်တူးဖော်ခြင်း၊ ရေတံခါးများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း ရေးသား တင်ပြလိုက်ပါသည်။ ။

**တင်လှိုင်(မိတ္ထီလာ)**

## ကလိန်အောင်မြို့နယ် ကျေးရွာ ၁၁ ရွာတွင် လျှပ်စစ်မီး တိုးချဲ့ဖြန့်ဖြူးရေး ဆောင်ရွက်

**ကလိန်အောင် ဩဂုတ် ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့အတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာတို့တွင် ဇူလိုင် ၂၇ ရက်မှ စတင်၍ လျှပ်စစ်မီးဓာတ်အား တိုးချဲ့ဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့လျှပ်စစ်မှူးထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကလိန်အောင် မြို့နယ်အတွင်းရှိ သဲချောင်းကျေးရွာမှ သဘွတ်ချောင်း၊ သက်န်းတောကျေးရွာ၊ ကူးတို့တောကျေးရွာ၊ မောင်ငန်းကျေးရွာ၊ တလိုင်းမျှော်ကျေးရွာ၊ ကင်းတောင်ကျေးရွာ၊ ကျွေးကုန်းကျေးရွာ၊ မော်ကြီးကျေးရွာ၊ မိတိုင်တက်ကျေးရွာ၊ ဖားချောင်းအင်းကျေးရွာတွင် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၉ ဒသမ ၂ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ရှစ်လုံး၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၁၆၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး၊ ၁၁/ ၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၆ မိုင်တို့ကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသည် ယခင်က ကျေးရွာအတွင်းရှိ ပုဂ္ဂလိကမီးစက်ငယ်များမှ ဖြန့်ဖြူးပေးသည့် လျှပ်စစ်ဓာတ်အားကို အချိန်ပိုင်းသာ အသုံးပြုခြင်းနှင့် တစ်အိမ်သုံး ဆိုလာများဖြင့်သာ အသုံးပြုနေရခြင်းဖြစ်သည်။

ယခုအခါ လျှပ်စစ်ဓာတ်အား အသုံးပြုလိုသူ ပြည်သူများအား ဌာနမှ သတ်မှတ်ထားသည့် မီတာများအား တပ်ဆင်ပေးခဲ့ပြီး ကံပေါက်ဓာတ်အား ခွဲရုံမှ ဓာတ်အားကွန်ရက်ဖြင့် ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၃၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၃၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၅ ကျပ် | ၉၁၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၅ ကျပ် | ၉၂၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၀၅ ကျပ် | ၈၃၅/၈၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၅/၉၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ ・ ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၈ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၂ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၄ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၇ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ ・ ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၇၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ ・ ၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ ・ ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၁၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၂-၈-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၄၀၀၃ | ၄၄၀၈၆၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၁၅၇၇ | ၅၃၆၁၈၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၂၄၅၀၀ | ၂၄၅၀၀ | ၉၈ | ၂၄၀၁၀၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၉၃၄ | ၂၇၅၅၃၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

www.mdn.gov.mm

# ထူးထူးခြားခြား ဆန်းဆန်းပြားပြား ပိုးကောင်လေးများအကြောင်း

## ကေ-ဂျူဝယ်လ်

## သိမှတ်စရာအဖြာဖြာ (General Knowledge)

**ဒီတစ်ပတ်မှာတော့ ကလေးတို့ကို ဗဟုသုတအနေနဲ့ ထူးခြားဆန်းပြားပြီး စိတ်ဝင်စားစရာကောင်းတဲ့ပိုးကောင်လေးတွေအကြောင်း ပြောပြချင်ပါတယ်။ ကိုယ့်နိုင်ငံထဲမှာလည်း ရှိနေတဲ့ ရေခဲတောင်တွေပေါ်က ရှီးပတီးကောင်လေးတွေ၊ ညအခါ အလင်းရောင်လေးတွေ တလက်လက်နဲ့ ပျံသန်းနေတတ်တဲ့ ပိုးစုန်းကြူးလေးတွေ နဲ့ မရပ်မနား အော်မြည်နေတတ်တဲ့ ပုရစ်ကလေးတွေရဲ့အကြောင်းတွေကို မမက ပြောပြချင်ပါတယ်။**




**ရှီးပဒီး** (Cordyceps Sinensis)

မမတို့နိုင်ငံရဲ့ မြောက်ဘက်အစွန်းက ရေခဲတောင်တွေပေါ်မှာ ရှီးဗဒီးလို့ခေါ်တဲ့ အင်းဆက်ကောင်လေးတွေ ရှိသတဲ့။ တိဗက်၊ နီပေါနဲ့ အိန္ဒိယဘက်က ဟိမဝန္တာ တောင်တန်းကြီးရဲ့အစွယ်အပွား တောင်တန်းတွေပေါ်က ရေခဲဖုံးတဲ့နေရာတွေမှာလည်း သူတို့ရှိပါသတဲ့။ ရှီးပဒီးဟာ ဘောက်ဖတ်လို အကောင်လေးတွေပါ။ ဆောင်းတွင်း ရောက်လို့ အေးသည်ထက် အေးလာပြီဆိုရင် အကောင်လေးတွေကလည်း မြေကြီးထဲကို တိုးတိုးဝင်သွားတော့တာပါပဲ။ ပြီးတော့ သူတို့ကိုယ်လေးတွေမှာ မှိုတစ်မျိုးက ဖြစ်လာပြီးတဲ့နောက် ပိုးကောင်လေးတွေခမျာ သေဆုံးသွားရပါတယ်။ သူတို့ခန္ဓာကိုယ်အပေါ်မှာ အပင်ပေါက်ကလေး ထွက်လာသလို မြေကြီးထဲမှာလည်း မာမာတောင့်တောင့် ဘောက်ဖတ်ကောင်ကလေး ကျန်နေတော့တာပေ့ါ။ အဲဒီလို ပိုးကောင်တစ်ပိုင်း အပင်တစ်ပိုင်းဖြစ်နေတဲ့ အကောင်လေးတွေကို သဘာဝအားဆေးအဖြစ် လူတွေက သုံးစွဲကြတာပေ့ါ။ တချို့က အသက်ရှည်ဆေးတစ်မျိုးလို့တောင် တင်စားကြတာလည်း ကြားဖူးပါတယ်။ သေဆုံးသွားတဲ့အကောင်ကလေးကနေ အပင်ကလေးဖြစ်လာတဲ့ အတွက် စိတ်ဝင်စားစရာကောင်းတာတော့ အမှန်ပါပဲ။ ဆောင်းရာသီကုန်ခါစ ရေခဲတွေအရည်ပျော်တာနဲ့ အညှောင့်လေးတွေကို မြေကြီးတွေမှာ မြင်ရပါတယ်။ ရှီးပဒီးကို ဆောင်းပိုးနွေမြက်လို့လည်း ခေါ်ကြပြီး အဲဒီအချိန်ကတော့ ပိုးကောင်ကလေးကနေ အပင်လေးအဖြစ် လုံးဝပြောင်းလဲသွားချိန်ပေ့ါ။

**ပုရစ်** (Crickets)

တကျစ်ကျစ်နဲ့ မရပ်မနားအော်နေတဲ့ ပုရစ်ကလေးတွေရဲ့အသံကို ကလေးတို့ ကြားဖူးကြမှာပေ့ါ။ ပုရစ်ကလေးတွေကို ကြော်ရောင်းတဲ့ ပုရစ်ကြော်ကိုရော စားဖူးကြသလား။ ပရိုတင်းဓာတ်ကြွယ်ဝလို့ဆိုပြီး ပုရစ်ကြော်ကို စားကြတဲ့သူတွေရှိသလို မြေတွင်းတွေထဲမှာနေကြလို့ တွင်းအောင်းတဲ့အကောင်လေးတွေဆိုပြီး မစားကြသူတွေလည်းရှိတယ်။ မျက်လုံးပြူးပြူးနဲ့ ပုရစ်ကလေးတွေရဲ့အသံက ဆူညံနေတတ်ပေမယ့် စိတ်ဝင်စားစရာတော့ကောင်းပါတယ်။ တရုတ်နိုင်ငံမှာ ပုရစ်လေးတွေကို ကြွေအိုးလေးတွေ၊ ဘူးသီးခြောက်လေးတွေထဲမှာထည့်၊ အစာလေးတွေကျွေးပြီး မွေးခဲ့ကြတာ နှစ်ပေါင်းထောင်ချီကြာခဲ့ပါပြီ။ မူလန်ကာတွန်းကားထဲမှာ ပုရစ်ကလေးကို လှောင်အိမ်လေးထဲ ထည့်ပြီးမွေးထားတဲ့ ဇာတ်ဝင်ခန်းကြည့်ဖူးမှာပေ့ါ။ အာရှနိုင်ငံတွေသာမက အနောက်နိုင်ငံအချို့မှာလည်း ပုရစ်အော်သံလေးတွေကို သဘာဝဂီတအဖြစ် အပန်းဖြေနားထောင်ဖို့ မွေးကြတာ အခုထိရှိပါတယ်။ တကယ်တော့ ပုရစ်လေးတွေ အော်နေကြတာဟာ သီချင်းဆိုတာမဟုတ်သလို အော်နေတာလည်း မဟုတ်ပြန်ပါဘူး။ သူတို့ရဲ့ အတောင်ပံလေးတွေဟာ တဖျတ်ဖျတ်နဲ့ အချင်းချင်း ပွတ်တိုက်ပြီး လေဖိအားကြောင့် အသံတွေအဆက်မပြတ် ထွက်နေကြတာပါ။ ပြီးတော့ ပုရစ်အဖိုတွေသာ အသံပေးကြတာဖြစ်ပြီး ပုရစ်အမလေးတွေကတော့ အသံမထွက်ကြပါဘူးတဲ့။ ပုရစ်လေးတွေကို ဟိုးရှေးရှေးကတည်းက မွေးမြူကြတာ သူတို့အသံလေးတွေ နားထောင်ဖို့အတွက်သာမကဘဲ သူတို့ကို ရန်ဖြစ်ခိုင်းတာလည်း လုပ်ကြသတဲ့။ ပုရစ်နှစ်ကောင်ကို ချပေးပြီး တစ်ကောင်နဲ့တစ်ကောင် တိုက်ကြတာကို




ထိုင်ကြည့်ကြတာပေ့ါ။ သဘာဝပုရစ်ကလေးတွေက ညဘက်မှာ မြေတွင်းထဲကနေ ထွက်လာကြပြီး အစာရှာကြတယ်။ ချစ်သူရှာ၊ အဖော်ရှာကြတယ်။ ပုရစ်လေးတွေကိုတွေ့ရင် သူတို့ရဲ့နားရွက်ကလေးတွေက ဘယ်နားမှာလဲဆိုတာ ရှာကြည့်ကြပါလား။ သူတို့က သိပ်ကိုနားပါးပြီး ထူးခြားတာကတော့ သူတို့နားရွက်ကလေးတွေဟာ သူတို့ ခြေထောက်မှာရှိပါတယ်တဲ့။

**ပိုးစုန်းကြူး** (Fire Fly)

ညညမှာ မှိတ်တုတ်မှိတ်တုတ် အလင်းရောင်လေးတွေနဲ့ ပျံသန်းနေကြတဲ့ ပိုးစုန်းကြူးလေးတွေကို မြင်ဖူးကြမှာပေ့ါ။ အခုအခါမှာတော့ ပိုးစုန်းကြူးကလေးတွေ






အကောင်ရေနည်းလာပြီး ရှားပါးလာတဲ့အတွက် ပိုးစုန်းကြူးချစ်သူတွေက စိတ်မကောင်းဖြစ်နေကြပါတယ်။ သူတို့က သားကောင်တွေကို ဖမ်းတဲ့အခါ၊ ချစ်တဲ့သူကို မိတ်ဆွေဖွဲ့တဲ့အခါ သူတို့ကိုယ်ကနေ အလင်းရောင်လေးတွေ ထွက်လာပါတယ်။ အဲဒီအလင်းရောင်က မီးသီးတို့၊ နေရောင်ခြည်တို့က အလင်းလို အပူဓာတ်လုံးဝမရှိတဲ့ အလင်းသက်သက်ဖြစ်ပါတယ်။ သူတို့ ဗိုက်ကလေးတွေရဲ့ အောက်ပိုင်းကနေ ထွက်လာတဲ့အလင်းရောင်လေးတွေဟာ အဝါဖျော့ရောင်၊ အစိမ်းရောင်နဲ့ ပန်းရောင်ဖျော့ဖျော့လေးတွေရှိပါတယ်။ ပိုးစုန်းကြူးလေးတွေဟာ အောက်စီဂျင်ကို ရယူပြီးတော့ ဇီဝဓာတုဓာတ်ပြုမှုအရ အဲဒီအလင်း ထွက်ပေါ်လာတာပေ့ါ။ အချို့သော ပိုးစုန်းကြူးအမလေးတွေက သူတို့ရှိနေကြောင်း အချက်ပြရင် သူတို့ဝမ်းဗိုက်မှာ အသည်းပုံမီးလေးတွေ လင်းလာတတ်ပါတယ်။ ပိုးစုန်းကြူးအထီးတွေဟာ အမတွေအတွက် အာဟာရမျိုးကွဲပေါင်း ၂၀၀ လောက် ပါတဲ့ ချောကလက်ဘူးလို လက်ဆောင်ကို အမကောင်လေးတွေကို ပေးပါတယ်။ အဲဒီ အာဟာရတွေထဲမှာ သူတို့ရန်သူဖြစ်တဲ့ ပင့်ကူတွေ၊ ငှက်တွေကြောက်တဲ့ ဓာတ်ပစ္စည်းတစ်မျိုးလည်း ပါပါတယ်။ ဒါဟာ ချစ်တဲ့သူတွေကို ကာကွယ်ပေးတတ်တဲ့ ပိုးစုန်းကြူး အထီးလေးတွေရဲ့ ချစ်စဖွယ် အသက်ကယ်လက်ဆောင်လေးပဲပေ့ါ။ ။

## လောကဝတ် (Etiquette)

# ကစားကွင်းတွေမှာ လိုက်နာစရာကောင်းတဲ့ လောကဝတ်လေးတွေ

## မမမေ

ဒီတစ်ပတ်တော့ ကလေးတို့အတွက် ကစားကွင်းတွေသွားတဲ့အခါ သတိပြုစရာကောင်းတဲ့ ယဉ်ကျေးလိမ္မာတဲ့ အပြုအမူလေးတွေကို တင်ဆက်ပေးလိုက်ပါတယ်။ အခုနောက်ပိုင်း ဘယ်မြို့မှာမဆို ကလေးတွေအတွက် ကစားကွင်းတွေ အများကြီးပေါ်ထွက်လာပါပြီ။ ပျော့ပျော့အိအိ



ကစားကွင်းတွေ၊ မြက်ခင်းစိမ်းစိမ်းလေးတွေပေါ်က စီးလျှောတွေ၊ ဒန်းတွေနဲ့ လျှောတွေပါတဲ့ကစားကွင်းတွေနဲ့ ကော်ဘောလုံးတွေအများကြီးထည့်ထားတဲ့ ကစားကွင်းတွေစသည်ဖြင့် အမျိုးမျိုးရှိပါတယ်။

**ခြေအိတ်လေးတွေ ယူကြမယ်**

အဲဒီကိုသွားမယ်ဆိုရင် ပထမဆုံးကတော့ ခြေအိတ်ကလေးတွေပါအောင် ယူသွားကြဖို့ပါပဲ။ ခြေအိတ်ကလေးတွေဟာ ကလေးတို့ခြေထောက်တွေ ညစ်ပေမနေအောင်၊ ကစားကွင်းကြီးလည်း ရေရှည် သန့်သန့်ရှင်းရှင်းရှိအောင် အကူအညီပေးသလို အပေါ်ကိုတက်ပြီးဆော့ကြမယ့် မျောက်လောင်းလေးတွေကိုလည်း ခြေချော်မသွားအောင် ကူညီပေးနိုင်ပါတယ်။

**အချင်းချင်း ကူညီကြမယ်**

ဒုတိယအချက်ကတော့ ကလေးအချင်းချင်း ကူညီကြဖို့ဖြစ်ပါတယ်။ ကစားကွင်းထဲမှာ ကစားနေရင်း ကိုယ့်ထက်အသက်ငယ်တဲ့ ညီလေးတွေ၊ ညီမလေးတွေကို တွေ့တဲ့အခါ ကူညီပြီး ခေါ်သွားပေးမယ်။ သူတို့ကစားနိုင်အောင် ကူညီပေးမယ်ဆိုရင် ကလေးတို့ဟာ အနစ်နာခံတတ်တဲ့ လူကြီးလူကောင်းတွေဖြစ်လာဖို့ အတော်လေး နီးစပ်လာသလို ကလေးတွေကြားထဲမှာလည်း လိမ္မာတဲ့ ကလေးတွေအဖြစ် ရေပန်းစားမှာပေ့ါ။ အချို့ကလေးတွေဟာ ကလေးတွေကိုလည်း မညှာတာဘူး။ အတင်းလုပြီး ကျော်တက်ကြတယ်။ ကလေးအချင်းချင်း တိုက်ခိုက်မိရင်လည်း ပြန်ထူပေးတာမရှိဘူး။ တောင်းပန်တာမရှိဘူးဆိုရင်တော့ အတော်လေးဆိုးတဲ့ကလေးတွေ ဖြစ်မှာပေ့ါနော်။

**ပစ္စည်းတွေကို မဖျက်ဆီးရ**


တတိယအချက်ကတော့ ကလေးတို့ကစားကွင်းထဲမှာရှိတဲ့အရာတွေကို ဖျက်ဆီးတာမျိုး မလုပ်သင့်ပါဘူးတဲ့။ အချို့ကလေးတွေဟာ ဘောလုံးတွေကို ကောက်ပေါက်ကြတယ်။ ထိုင်ခုံတွေကို ကျိုးအောင်ချိုးပစ်ကြသလို၊ ကစားစရာတွေကိုလည်း ဖျက်ဆီးပစ်ကြတာရှိပါတယ်။ ကလေးတို့ ပြုတ်မကျဖို့နဲ့ အသားမနာအောင် ကာရံထားတဲ့ ဖော့တွေ၊ အကာအရံတွေကိုလည်း ချိုးဖျက်တာမျိုး ရှိပါသတဲ့။ ကလေးတို့က ဒါမျိုးကို လုံးဝမလုပ်ကြဖို့ လိုပါတယ်။ ဒါ့အပြင် အဲဒီလိုဆိုးတဲ့ကလေးတွေကို တွေ့ရင်လည်း မလုပ်သင့်တဲ့အကြောင်း ပြောပြဖို့ လိုတာပေ့ါ။






**ကစားကွင်းထဲ မုန့်မစားရ**


စတုတ္ထအချက်ကတော့ ကလေးတို့ဗိုက်ဆာတဲ့အခါ ကစားကွင်းအပြင်ကိုထွက်ပြီး စားသောက်ကြရမှာဖြစ်ပါတယ်။ အချို့ကလေးတွေက မုန့်တွေခိုးယူလာပြီး ကစားတဲ့နေရာမှာ စားတဲ့အတွက် အောက်တွေပြုတ်ကျကုန်တာ၊ ကလေးအချင်းချင်း တိုက်မိတာတွေကြောင့် ညစ်ပတ်ကုန်တာမျိုးဖြစ်ကြတဲ့အတွက် မေမေတို့၊ ဖေဖေတို့တွေ မျက်နှာပျက်ကြရပါသတဲ့။


ဒါကြောင့် ကစားကွင်းတွေကိုမသွားခင် ဒီအချက်ကလေးတွေကို လိုက်နာခြင်းကနေ လိမ္မာပြီး ယဉ်ကျေးတဲ့၊ လောကဝတ်နားလည်တဲ့ ကလေးလေးတွေ ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ဒီလိုလိမ္မာတဲ့ကလေးတွေကို မေမေတို့ ဖေဖေတို့ကလည်း မကြာမကြာ ကစားကွင်းတွေလိုက်ပို့မှာ အသေအချာပါပဲနော်။ ။



HTOO


ASIA HOSPITAL
X-RAY REPORT Form
Name - Ms Khine Cho
Date - 10.7.2019
KHINE CHO
KHIN CHO




ဖိုးသာထူး
ဒါ..ဘာလုပ်မလို့လဲ ဖိုးသာထူး
ကာတွန်းကားကြည့်မလို့ မေကြီး..
မီတာခတွေ ဒီလောက်တက်နေတဲ့ ဥစ္စာ..
လျှပ်စစ်မီးကို ခြိုးခြံချွေတာရမယ်.. မလိုအပ်ဘဲ မသုံးနဲ့
ပန်ကာဆိုလည်း မလိုအပ်ရင် မဖွင့်နဲ့.. တီဗွီဆိုလည်း မလိုအပ်ရင် မကြည့်နဲ့
ဟောတော့ ခုနစ်နာရီတောင် ထိုးပြီးပါပေါ့လား
မေမေ ကြည့်နေကျ ကိုရီးယားကားလေး လာနေပြီ.. ဖွင့်..ဖွင့် မြန်မြန်ဖွင့်ပါဟဲ့
အမျိုးမျိုးပဲ တီ..
နား


ကျော်နီ
ရှယ်ပဲ။
ဘာဖြစ်လို့
အဟင့်...


တောက်တောက်

# တောင်ကြီးမြို့ရှောင်လမ်း ဖောက်လုပ်နေသည့် လမ်းပိုင်းနေရာများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် လမ်းနှင့် ရေနုတ်မြောင်း ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**တောင်ကြီး ဩဂုတ် ၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ တောင်ကြီးတက္ကသိုလ်ကျောင်းရှေ့လမ်းနှင့် အနောက်မြို့ပတ်လမ်းအထိ လမ်းတိုးချဲ့ ပြုပြင်နေမှုနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းပြုပြင်မှု လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဩဂုတ် ၁ ရက် ညနေပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ရှောင်လမ်း ဖောက်လုပ်မည့်နေရာကို သွားရောက်ကြည့်ရှုပြီး လမ်းပိုင်းအလိုက် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်စစ်ဆေးခဲ့သည်။ တောင်ကြီး မြို့ရှောင်လမ်း၏ လင်ကွင်းရွာမှ ထီရီး (မွေးမြူရေးဇုန်)အထိ မြေသားလမ်းကို ဝဿန်အားမာန် ကုမ္ပဏီကလည်းကောင်း၊ လင်ကွင်း-လင်ငယ် လမ်းဆုံမှ လင်ကွင်းရွာအထိ မြေသားလမ်းနှင့် လင်ကွင်းရွာမှ ထီရီး (မွေးမြူရေးဇုန်)အထိ မြေသားလမ်းကို DHK ကုမ္ပဏီလီမိတက်ကလည်းကောင်း၊ ညိုမီးရွာ အဝင်လမ်းဆုံမှ (၄)မိုင်ကွေ့အထိ မြေသားလမ်းနှင့် လင်ကွင်း-လင်ငယ် လမ်းဆုံမှ ညိုမီးရွာအဝင် လမ်းဆုံအထိ မြေသားလမ်းကို ရှမ်းပြည်နယ် လမ်းဦးစီးဌာနကလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းအကျယ်မှာ ပေ ၆၀ မှ ပေ ၁၀၀ အထိ ရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါ လမ်းဖောက်လုပ်မှုအတွက် ကုန်ကျငွေမှာ ကျပ် ၂၃၈ ဒသမ ၉၄ သန်းဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ကယားပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဩဂုတ် ၃**

ကယားပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏(၂/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ ဩဂုတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်က ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ခရီးစဉ်ဒေသ အသီးသီးတို့တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင်များနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ကယားပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

ထို့နောက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများ လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့်ပတ်သက်၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်အကျိုး ဖွံ့ဖြိုးတိုးတက်စေရန် ကော်မတီအဖွဲ့ဝင်များက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည်။ **လွိုင်ကော်သား**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများမှ တိရစ္ဆာန်များအတွက် ဆေးဝါးများပေးအပ်

**ပုသိမ် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားသည့် ဒေသများရှိ တိရစ္ဆာန်များကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေထဲမှ သာမန်အသုံးစရိတ် ခွင့်ပြုငွေဖြင့် ကျပ် ၃၃၁ ဒသမ ၇၇ သိန်း တန်ဖိုးရှိ တိရစ္ဆာန်ဆေးဝါး ၁၅ မျိုးကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များသို့ ဩဂုတ် ၂ ရက်က ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ပုသိမ်မြို့ရှိ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည့် တိရစ္ဆာန်ဆေးဝါးများ ပေးအပ်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း တက်ရောက်၍ ယခုနှစ် မိုးရာသီကာလတွင် ရေကြီးနစ်မြုပ်သည့် ဒေသများမှ ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်သည့် တိရစ္ဆာန်များကို ဆေးဝါးကုသပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် တိရစ္ဆာန်ဆေးဝါးများကို ခရိုင်နှင့် မြို့နယ် ဦးစီးမှူးများထံသို့ ခွဲဝေပေးအပ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နှစ်စဉ် မိုးရာသီကာလတွင် ရေဝင်ရောက်လေ့ရှိသည့် မြို့နယ် ၁၉ ခုမှ တိရစ္ဆာန်များအတွက် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သာမန်အသုံးစရိတ် ခွင့်ပြုငွေကျပ်သိန်း ၄၀၀ ဖြင့် ကျွဲ၊ နွား စပ်စာတောင့် ၄၅ တန်နှင့် ဝက်စာ(အစာနု) ၁၇ တန်တို့ကိုလည်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ခွဲဝေဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ကလေးများအား အပြုသဘော စည်းကမ်းပေးခြင်းနှင့် စိတ်ပညာရှုထောင့်ဆိုင်ရာ နှီးနှောပွဲ ထားဝယ်၌ကျင်းပ

**ထားဝယ် ဩဂုတ် ၃**

ကလေးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ကလေးများအား အပြုသဘောဆောင်သော စည်းကမ်းပေးခြင်းနှင့် စိတ်ပညာရှုထောင့်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပညာရေးကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းတွင် ကလေးများအား အကြမ်းဖက်ခြင်း ပုံစံမျိုးစုံကို ဥပဒေအကြောင်းအရ တားမြစ်ထားသည်ကို တွေ့ရှိနိုင်ကြောင်း၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လူကြီးနှင့်ကလေးများ အကြားတွင် အချင်းချင်း မေတ္တာတရားကို အခြေခံပြီး အပြုသဘောဆောင်သော စည်းကမ်းပေးခြင်းက ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းကို ရပ်တန့်စေမည့် ကောင်းမွန်သော အစားထိုးနည်းလမ်းတစ်ခု ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ဝေါလ်ဗီရှင်မြန်မာမှ ညှိနှိုင်းရေးမှူးချုပ် နော်ဖီးဘီနှင့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ တွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါ်သက်ထားဝင်းတို့က ကလေးငယ်များအတွက် စိတ်ပညာရှုထောင့်အကြောင်း ဆွေးနွေးကာ ဆွေးနွေးပွဲတက်ရောက်သော ထားဝယ်ပညာရေးကောလိပ်မှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ကမ်ပိန်း ပညာပေးဗွီဒီယိုကို ပြသသည်။ ဆက်လက်၍ ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးစိတ်ပညာဌာနမှ ပါမောက္ခ(ငြိမ်း) ဒေါက်တာသိန်းလွင်က အပြုသဘောဆောင်သော ဆုံးမသွန်သင်ခြင်းအကြောင်းကို ဆွေးနွေး၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်မှ ကျေးလက်နေပြည်သူများထံသို့ စွမ်းအားမြှင့်မီးဖို အလုံး ၉၀၀၀ အခမဲ့ ဖြန့်ဝေပေးမည်

**ထန်းတပင် ဩဂုတ် ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းမှ ကျေးလက်ဒေသများတွင် ထင်းသုံးစွဲမှု လျှော့ချရေး၊ သစ်တောပြုန်းတီးမှုများကို ကာကွယ်နိုင်ရေးနှင့် ကာဗွန်ထုတ်လုပ်မှု လျှော့ချရေးတို့အတွက် စွမ်းအားမြှင့်မီးဖို အလုံး ၉၀၀၀ ကို ကျေးလက်နေပြည်သူများထံသို့ ဩဂုတ်လအတွင်းမှ စတင်ကာ အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ(KOICA)နှင့် ကိုရီးယား ရာသီဥတုပြောင်းလဲမှု ဗဟိုဌာန(Korea Climate Change Center)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း လျှပ်စစ်မီး မရရှိသေးသည့် ထင်းကို အဓိကထား သုံးစွဲနေရသော ကျေးရွာများအတွက် ခြောက်နှစ်စီမံကိန်းဖြင့် စွမ်းအားမြှင့်မီးဖိုများကို ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ စီမံကိန်းဆောင်ရွက်ရာတွင် Component of Project Activities(CPA) ၂၉ ခု လျာထားပြီး CPA တစ်ခုတွင် အိမ်ထောင်စု ၁၈၀၀၀ ပါဝင်မည်ဖြစ်ကြောင်း၊ ထန်းတပင်မြို့နယ်အနေဖြင့် ၀ ဒသမ ၅ CPA ဖြစ်၍ အိမ်ထောင်စု ၉၀၀၀ ပါဝင်ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးရန် ကျေးရွာအုပ်စု၊ ကျေးရွာနှင့် အိမ်ထောင်စုများ လျာထားရာတွင် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်း၏ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအုပ်စု ၃၅ စုမှ ကျေးရွာခွဲပေါင်း ၁၁၄ ရွာအပေါ် စိစစ်၍ ဩဂုတ်လအတွင်းမှ စတင်ကာ အိမ်ထောင်စုပေါင်း ၉၀၀၀ ထံသို့ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးစိုးနိုင်ထံမှ သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

# ကောလင်းမြို့နယ်နှင့် ကနီမြို့နယ်မှ သစ်တောများ၌ ဝါးမျိုးစုံ ဧက ၆၀၀ ကို သုံးနှစ်အတွင်း စိုက်ပျိုးသွားမည်

**မုံရွာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကောလင်းမြို့နယ်ရှိ မုတ်ဝ ကြိုးဝိုင်းပြင်ပ ကာကွယ်တောအတွင်း ဝါးမျိုးစုံ ဧက ၂၀၀ နှင့် ကနီမြို့နယ်ရှိ မျှိုင်း ကြိုးဝိုင်းအတွင်း ဝါးမျိုးစုံ ဧက ၄၀၀ တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာ ကာလအတွင်း ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း အမျိုးအစားအဖြစ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှူး ဦးသန်းစိုး၏ ပြောကြားချက်အရ သိရသည်။

ပုဂ္ဂလိက စက်မှုကုန်ကြမ်းစိုက်ခင်း အမျိုးအစားအဖြစ် စိုက်ပျိုးမည့် ဝါးစိုက်ခင်းများကို သဘာဝအလျောက် သစ်တောများ ပြန်လည်မဖြစ်ထွန်းနိုင်သည့်နေရာများ၊ ကြိုးဝိုင်းအတွင်းမှ တောနိမ့်တောပျက်များနှင့် လုံးပတ် နှစ်ပေအထက် သစ်ပင် အနည်းဆုံး ၁၀ ပင် မရှိသော နေရာများတွင် သစ်တောဦးစီးဌာနနှင့် ပုဂ္ဂလိက ဝါးစိုက်ပျိုးရေးတောင်သူများ ပူးပေါင်းစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

ကနီမြို့နယ် မျှိုင်းကြိုးဝိုင်းအတွင်း၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဧက ၂၀၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဧက ၂၀၀ ကို ဝါးစိုက်တောင်သူ ဦးစိန်လင်းပါ လေးဦးက စိုက်ပျိုးသွားမည်ဖြစ်ကာ ဝါးအမျိုးအစားအနေဖြင့် ဝါးပိုးဝါး၊ မျှစ်ချိုဝါး၊ မျှင်ဝါးနှင့် ကြသောင်းဝါးတို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ကောလင်းမြို့နယ် မုတ်ဝ ကြိုးဝိုင်းပြင်ပကာကွယ်တော၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဧက ၄၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဧက ၈၀ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဧက ၈၀ တို့ကို ဝါးစိုက်တောင်သူ ဦးသန်းထွန်းပါ လေးဦးက စိုက်ပျိုးသွားမည်ဖြစ်ပြီး အမျိုးအစားများအနေဖြင့် ဝါးပိုးဝါး၊ တင်းဝါး၊ သနပ်ဝါး၊ သိုက်ဝါးနှင့် မျှင်ဝါးများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# မြိတ်မြို့ ကန်တော်မင်္ဂလာရေကန်ပတ်လမ်းတွင် LED မီးများ တပ်ဆင်

**မြိတ် ဩဂုတ် ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၏ သမိုင်းဝင် ကန်တော်မင်္ဂလာရေကန် (ကန်ပေါင်)ပတ်လမ်း အရှည် ပေ ၃၇၀၀ တွင် LED မီးတိုင်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီက စိုက်ထူလျက်ရှိကြောင်း သိရသည်။

ကန်ပတ်လမ်း၌ စိုက်ထူနေသော လမ်းမီးတိုင်များမှာ အောက်ခံ ကွန်ကရစ်နှင့် သံတိုင်အမျိုးအစား မီးတိုင်များဖြစ်ပြီး LED မီးလုံးများမှာ ၅၀ ဝပ် မီးလုံးများဖြစ်ကာ မီးတိုင်တစ်တိုင်လျှင် မီးလုံးနှစ်လုံးစီ တပ်ဆင်လျက်ရှိကြောင်း၊ ရေကန်ပတ်လမ်းတစ်လျှောက်တွင် မီးတိုင်များကို ပေ ၃၀ ခြားလျှင်တစ်တိုင် စိုက်ထူလျက်ရှိပြီး မီးတိုင်ပေါင်း ၁၂၃ တိုင် စိုက်ထူသွားမည်ဖြစ်ကြောင်း၊ မီးကြိုးများကို မြေအောက်သွယ်တန်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မီးကြိုးသွယ်တန်းမှုနှင့် မီးလုံးတပ်ဆင်ခြင်းကို မြိတ် စိမ်းလန်းစွမ်းအင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း၊ မီးတိုင်တစ်တိုင်လျှင် တန်ဖိုး ကျပ်ရှစ်သောင်းဖြစ်ပြီး လက်ရှိအချိန်အထိ စေတနာရှင် အလှူရှင်များ လှူဒါန်းထားသည့် LED မီးတိုင် ၁၀၀ ခန့် ရရှိထားပြီးဖြစ်ကြောင်း၊ မီးလုံးတပ်ဆင်ပြီးစီးမှုအနေဖြင့် လက်ရှိအချိန်အထိ တိုင်ပေါင်း ၄၀ တွင် LED မီးလုံးများ တပ်ဆင်ပြီးဖြစ်ကာ ကျန်ရှိသော မီးလုံးများကိုလည်း ဆက်လက်တပ်ဆင်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။



ကန်တော်မင်္ဂလာရေကန် ပတ်လမ်းပေါ်ရှိ လမ်းမီးတိုင်တစ်တိုင်၌ LED မီးများ တပ်ဆင်နေစဉ်။

"မီးလင်းရန်ကိစ္စနဲ့ပတ်သက်ပြီး မြိတ်စိမ်းလန်းစွမ်းအင်ကုမ္ပဏီမှ တာဝန်ရှိတဲ့သူတွေကို အကူအညီ တောင်းထားပါတယ်၊ အဓိကက ကန်ရဲ့ပတ်လည်မှာ ညအချိန်မှာလည်းပဲ လင်းထိန်ပြီး မြို့သူမြို့သားများ နားနေတဲ့ နေရာလေးတစ်ခုဖြစ်စေရန်အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ကန်ရဲ့ပတ်လည်မှာ မီးလင်းထိန်နေမယ်ဆိုရင် မည်သူမဆို လာရောက်အပန်းဖြေ အနားယူနိုင်အောင် ရည်ရွယ်ပြီး ဆောင်ရွက်တာပါ"ဟု မြိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက ပြောသည်။

ကန်တော်မင်္ဂလာရေကန်သည် နှစ်ပေါင်း ၂၀၀ သက်တမ်းရှိ သမိုင်းဝင်ရေကန်တစ်ခုဖြစ်ပြီး ရေကန်စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့မိမြို့ဖများ၊ ပြည်သူများ၊ စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ ရေကန်တူးဖော်ရေးကော်မတီနှင့် ဆပ်ကော်မတီ ၁၅ ခု ဖွဲ့စည်းပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ ရေကန်ပြုပြင်တူးဖော်မှုများ ဆောင်ရွက်ခဲ့ကြသည်။

ကန်တော်မင်္ဂလာ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ ရေကန်ဘေးရေမြောင်းကောင်းမွန်ရေးနှင့် ပြည်သူများ အနားယူ အပန်းဖြေမည့် လျှောက်လမ်းနှင့် ရေကန်မြေထိန်းနံရံ ကျောက်တန်းစီခြင်း လုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးနိုင်ရန် မြိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြတောင်းခံထားကြောင်းလည်း သိရသည်။

**ခိုင်ထူး(မြိတ်)**

---

## ခေါင်လန်ဖူးမြို့နယ်၌ လူဦးရေစာရင်းအချက်အလက် ကောက်ယူပြုစုခြင်းဆိုင်ရာ သင်တန်းဖွင့်

**ခေါင်လန်ဖူး ဩဂုတ် ၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်၌ လူဦးရေစာရင်းအချက်အလက် ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဩဂုတ် ၂ ရက်က ခေါင်လန်ဖူးမြို့နယ်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနန်ဟီးဒီးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးဖုန်ဂါရမ်က လူဦးရေစာရင်းအချက်အလက် ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူးက လူဦးရေ စာရင်းများ စိစစ်ခြင်းနှင့် စံနှုန်းသတ်မှတ်ခြင်း၊ ယာယီ အိမ်ထောင်စုလူဦးရေစာရင်း ပြုစုခြင်းဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့သည်။

သင်တန်းသို့ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ စုစုပေါင်း ၁၃၀ တက်ရောက်ခဲ့ကြသည်။ ခေါင်လန်ဖူးမြို့နယ်အတွင်းမှ ရပ်ကွက် လေးခုနှင့် ကျေးရွာအုပ်စု ၂၃ စု၌ လူဦးရေစာရင်းများကို ဩဂုတ် ၃ ရက်မှ စတင်၍ တစ်ပြိုင်တည်း ကွင်းဆင်းကောက်ယူနေပြီဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

---

## ကျပ်သိန်း ၃၀၀၀ နီးပါးကုန်ကျမည့် YBS ယာဉ်ရပ်နားကွင်း လှိုင်သာယာ၌ တည်ဆောက်

**ရန်ကုန် ဩဂုတ် ၃**

ကျပ်သိန်း ၃၀၀၀ နီးပါး ကုန်ကျမည့် YBS ယာဉ်ရပ်နားကွင်း တစ်ခုကို လှိုင်သာယာမြို့နယ် တမာကုန်းရှိ မြေ ၁ ဒသမ ၈၃၆ ဧကပေါ်တွင် တင်ဒါအောင်မြင်ထားသည့် ပြေအောင်ကုမ္ပဏီက တည်ဆောက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ တွဲဖက် အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"ကျွန်တော်တို့ လျာထားချက်က အဲဒီဧရိယာ အပြင်မှာ ရပ်နေတဲ့ YBS ကားအားလုံးကို ဒီဝင်းထဲကို ထည့်နိုင်အောင်နဲ့ အဲဒီဧရိယာမှာ ကျွန်တော်တို့က ဖြစ်နိုင်ရင် CNG ပံ့ပိုးမှုအတွက်ပါ လျာထားပြီးတော့ တည်ဆောက်နေပါတယ်၊ ဒါပေမယ့် အဲဒါကတော့ လျာထားချက်ပါ၊ ဒီဘက်က ယာဉ်ရပ်နားကွင်း တည်ဆောက်ရေးအတွက် ပြေအောင်ကုမ္ပဏီက တင်ဒါအောင်ပြီးသွားပါပြီ၊ မြေရှင်းနေပါပြီ၊ အဲဒီနားမှာရှိတဲ့ ကျွန်တော်တို့ယာဉ်တွေအားလုံး အသုံးပြုနိုင်အောင် စီမံပါ့မယ်၊ အဲဒါအပြင် ယာဉ်ရပ်နားကွင်းကို မှီပြီးတော့ ကျွန်တော်တို့ YBS လုပ်ငန်း တိုးတက်ရေးအတွက်ကိုလည်း ကျွန်တော်တို့ လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးလှအောင်က ပြောသည်။

YRTA အနေဖြင့် ယခုနှစ်အတွင်း လှိုင်သာယာမြို့နယ်၌ YBS ယာဉ်ရပ်နားကွင်း တည်ဆောက်နေသည့်အပြင် ပုဇွန်တောင်မြို့နယ်၌လည်း ကျောင်းကားရပ်နားကွင်းတစ်ကွင်း တည်ဆောက်ရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။ ထို့အပြင် YBS ယာဉ်ရပ်နားကွင်းများ ဆက်လက်တည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များ၌လည်း မြေနေရာများ ရှာဖွေလျက်ရှိကြောင်း သိရသည်။

"YRTA အနေနဲ့ အစိုးရရဲ့ဘတ်ဂျက်နဲ့ သွားတာမဟုတ်ပါဘူး၊ ကျွန်တော်တို့ YRTA ရဲ့ စီမံခန့်ခွဲမှုက ရရှိတဲ့ငွေကိုပဲ အချိုးကျခွဲဝေပြီး ဆောင်ရွက်ရတာ ဖြစ်ပါတယ်၊ အခု ဒဂုံတက္ကသိုလ်အရှေ့က ယာဉ်ရပ်နားကွင်းကြီးဆိုရင် သိန်းများစွာ ကုန်ပါတယ်၊ အဲဒီတော့ YBPC ကုမ္ပဏီမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြေကို ရှယ်ယာထည့်ဝင်တယ်၊ YBPC က ဆောက်တယ်၊ ထောက်ကြန့်မှာရှိတဲ့ ယာဉ်ရပ်နားကွင်းဆိုရင် YBPC က မြေဝယ်ပါတယ်၊ YBPC က တည်ဆောက်ပါတယ်၊ အဲဒီကုမ္ပဏီကြီးတွေအနေနဲ့ လက်ရှိအစိုးရက ပါထားတဲ့အတွက် သူတို့က တည်ဆောက်နိုင်တယ်၊ ကျန်တဲ့အပိုင်းတွေမှာ ကျွန်တော်တို့ ဆက်လက်ပြီးတော့ မြေနေရာရှာခြင်း၊ ယာဉ်ရပ်နားကွင်း တည်ဆောက်ခြင်းကတော့ တဖြည်းဖြည်းသွားနေပါတယ်"ဟု ဦးလှအောင်က ဆက်ပြောသည်။

YRTA အနေဖြင့် YBS ယာဉ်ရပ်နားကွင်းများ တည်ဆောက်ရာတွင် မြေနေရာအခက်အခဲ ရှိနေပြီး လှိုင်သာယာမှ ယာဉ်ရပ်နားကွင်းနေရာမှာလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ မြေငှားရမ်းကာ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ယာဉ်ရပ်နားကွင်း မလုံလောက်သောကြောင့် YBS ယာဉ်များ လမ်းဘေးတွင် ညအိပ်ရပ်နားနေရခြင်းများ ရှိနေသဖြင့် လမ်းမကြီးအချို့တွင် ယာဉ်ကြောကျပ်မှုများ၊ ယာဉ်မတော်တဆမှုများလည်း ကြုံတွေ့နေရကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

**ငြိမ်းငြိမ်း**

---

## ပန်းတောင်းမြို့နယ်၌ ကျေးရွာအလယ်တန်းကျောင်းကို အထက(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**ပန်းတောင်း ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဒန့်ဒလွန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် ဩဂုတ် ၂ ရက်က အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခရိုင် ပညာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ လက်ထောက်ညွှန်ကြားရေးမှူးက ပညာရေး ပြုပြင်ပြောင်းလဲမှုများနှင့် စနစ်သစ်ပညာရေးအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်း၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး အထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်သည့် အထိမ်းအမှတ် အလံများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

**သင်းသင်းအေး(ပြန်/ဆက်)**

---

## မြင်းခြံမြို့နယ်အတွင်းမှ ကျေးရွာ ၅၆ ရွာကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိ

**မြင်းခြံ ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းမှ လျှပ်စစ်မီးလင်းရန် ကျန်ရှိနေသေးသော ကျေးရွာ ၅၆ ရွာကို လျှပ်စစ်မီး အမြန်ဆုံးရရှိအောင် မြင်းခြံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးက အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

မြင်းခြံမြို့နယ်တွင် ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာအုပ်စု ၆၄ စုနှင့် ကျေးရွာပေါင်း ၁၈၄ ရွာရှိရာ ရပ်ကွက်အားလုံးမှာ လျှပ်စစ်မီး ရရှိနေပြီး ကျေးရွာများအနက် ၁၂၈ ရွာမှာ လျှပ်စစ်မီး ရရှိနေကာ ၅၆ ရွာသာ ကျန်ရှိခြင်းဖြစ်သည်။ ထိုရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်လည်းကောင်း ၊ Private Finance Initiative(PFI)စနစ်ဖြင့်လည်းကောင်း၊ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP) အစီအစဉ်ဖြင့်လည်းကောင်း အကောင်အထည်ဖော်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြလင်းဝေထံမှ သိရသည်။

မီးလင်းရန်ကျန်သော ကျေးရွာ ၅၆ ရွာအနက် ၁၇ ရွာ၌ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်လည်းကောင်း၊ ကျေးရွာ ၂၀ ၌ PFI စနစ်ဖြင့်လည်းကောင်း၊ ကျေးရွာ ၁၉ ရွာ၌ NEP စနစ်ဖြင့်လည်းကောင်း မီးလင်းရေးလုပ်ငန်းများဖြစ်သည့် ဓာတ်တိုင်ထူခြင်း၊ လိုင်းဆွဲခြင်း၊ ထရန်စဖော်မာများ တပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။ (၁၄၇)



ကျေးရွာတစ်ရွာ၌ မီးလင်းရေးအတွက် တပ်ဆင်ထားပြီးသော ထရန်စဖော်မာတစ်လုံး

---

## တရားမဝင် ယစ်မျိုးလုပ်ငန်းများ ပပျောက်ရေး ခိုင်ကမ်းမြို့၌ ပညာပေးဆွေးနွေး

**ခိုင်ကမ်း ဩဂုတ် ၃**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခိုင်ကမ်းမြို့ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်အတွင်း တရားမဝင် ယစ်မျိုးလုပ်ငန်းများပပျောက်ရေးနှင့် ကာကွယ်တားဆီးရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်က မြို့အုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးလှမျိုးက ယစ်မျိုးဆိုင်ရာလုပ်ငန်းများကို ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်အောင် မည်သို့ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် စခန်းမှူးက တရားမဝင် ယစ်မျိုးလုပ်ငန်းများ လုပ်ကိုင်နေသူများအား ဥပဒေအရ မည်သို့ အရေးယူနိုင်ပုံများကို တက်ရောက်လာသူများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ယစ်မျိုးလုပ်ငန်း အမျိုးမျိုးကို လုပ်ကိုင်နေကြသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက သိရှိလိုသည့် ယစ်မျိုးဥပဒေအကြောင်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ ယခုဆွေးနွေးပွဲအပြီးတွင် တရားမဝင် ယစ်မျိုးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေသူများအား ဝန်ခံကတိရေးထိုးစေခြင်း အပါအဝင် ဥပဒေအတိုင်း အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ကမ်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ အထက်ပိုင်းဒေသရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် CUSTOMER များကိုအပြည့်အဝ ဝန်ဆောင်မှု ပေးအပ်ရန် မန္တလေးမြို့တွင်BUSINESS CENTER ဖွင့်လှစ်

ရိုးမဘဏ်သည် မြန်မာနိုင်ငံအထက်ပိုင်း ဒေသရှိ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊တောင်သူလယ်သမား ဦးကြီးများ၊ လုပ်ငန်းရှင်များ နှင့် တစ်ဦးချင်းဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများကို အပြည့်အဝ ဝန်ဆောင်မှုပေးအပ်နိုင်ရန် အတွက် ဇူလိုင်လ (၁၈) ရက်နေ့က အမှတ် (ဃ/၂-၂၈)၊ အမှတ်(၄) ရပ်ကွက်၊ ၆၂ လမ်းနှင့် မနော်ဟာရီလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ တွင် Business Center ကို ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အဆိုပါ Business Center တွင် ကြီးထွားစ စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေနိုင်မည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင် အကြံပေးမှုများ ၊ လုပ်ငန်း အမျိုးအစား တစ်ခုချင်းစီအလိုက် အထူး သီးသန့် လျှောက်ထားရယူနိုင်မည့် အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းသုံး ငွေကြေးဝန်ဆောင်မှုများ ၊ လယ်ယာလုပ်ငန်းသုံး ချေးငွေ ၊ ရာသီပေါ်ချေးငွေ ၊ လုပ်ငန်းသုံး စက်ပစ္စည်း ယန္တရားများ ဝယ်ယူနိုင်မည့် အငှား ဝယ်ယူစနစ် ချေးငွေ၊ ရိုးမဘဏ် အိမ်ရာချေးငွေ နှင့် အခြားသော ဘဏ္ဍာရေး နှင့် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများစွာကို တစ်နေရာတည်း၌ မြန်ဆန်စွာ ဝန်ဆောင်မှု ရယူနိုင်မည် ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ အကြမ်းဖျင်း (၉၈) ရာခိုင်နှုန်းသည် အသေးစား နှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖြစ်ပြီးတိုင်းပြည်၏စီးပွားရေးကဏ္ဍတိုးတက်မှုသည်SMEလုပ်ငန်းများ တိုးတက်မှုအပေါ် မူတည်သည်။ ယင်း SME လုပ်ငန်းများ၏ တိုးတက်မှုအား အဟန့်အတားဖြစ်စေမည့် ငွေကြေးအရင်းအနှီး လိုအပ်ချက်များအား ရိုးမဘဏ်က ချေးငွေဝန်ဆောင်မှုများဖြင့် ပိုင်းဝန်း ဖြည့်ဆည်းပေးလျက် ရှိပါသည်။ ရိုးမဘဏ်သည် မြန်မာနိုင်ငံ တစ်ဝန်းတွင် အသေးစား နှင့် အလတ်စား လုပ်ငန်းများ အားထားရသည့် ဘဏ်တစ်ဘဏ်လည်း ဖြစ်ပြီး အသေးစား နှင့် အလတ်စား လုပ်ငန်း အရွယ်အစားမှ တစ်ဆင့် နိုင်ငံတစ်ဝန်း နှင့် အာဆီယံ ဒေသအတွင်းသို့ ဖြန့်ကြက်နိုင်သည့် အထိ ရေရှည် ဖွံ့ဖြိုး တိုးတက်နိုင်အောင် ကူညီလုပ်ဆောင်ပေးနိုင်ရန် ရိုးမဘဏ်က ရည်ရွယ်ထားသည်။ အထူးသဖြင့် မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအတွက် အဓိက အချက်အချာကျသော နေရာတွင် ရပ်တည်နေပြီး လတ်တလော နှစ်များတွင် ဘဏ္ဍာရေးဆိုင်ရာ၊ လူနေထိုင်မှုဆိုင်ရာ နှင့် စီးပွားရေးဆိုင်ရာ အခန်းကဏ္ဍများတွင် အလျင်အမြန် တိုးတက်ပြောင်းလဲနေသည်ကို တွေ့မြင်ရပါသည်။

ရိုးမဘဏ် အနေနှင့်လည်း ၎င်းတိုးတက် ပြောင်းလဲမှုတွင် အခန်းကဏ္ဍ တစ်ခုအဖြစ် ပါဝင်ရန် ဆန္ဒပြင်းပြလျက်ရှိသည့် အတွက် မန္တလေးမြို့ နဲ့ မြန်မာနိုင်ငံ အထက်ပိုင်းရှိ အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လိုအပ်နေသော ချေးငွေလိုအပ်ချက်များ နှင့် အခြားသော ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို လက်ကမ်း ကူညီရန် ရိုးမဘဏ် Business Center က အသင့်ရှိနေပြီ ဖြစ်ပါသည်။



**Naing Aye Lynn**
Head of Branches
Sales and Service Division
+95(9) 790 86 9995
naingayelynn@yomabank.com

မြန်မာ့စီးပွားရေးမှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသရဲ့ အခန်းကဏ္ဍက တဖြေးဖြေးအရေးပါလာပြီး မန္တလေးမြို့က ဒီတိုးတက်မှုရဲ့ အခရာ အဖြစ်ရှိနေတယ်လို့ ကျွန်တော်တို့ သိရှိနားလည်ထားပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံအထက်ပိုင်း Business Center ကို မန္တလေးမှာ အခုလိုဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ တိုးပွားလာတဲ့ ဒေသတွင်း အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေနဲ့ ကော်ပိုရိတ် လုပ်ငန်းတွေရဲ့ ငွေရေးကြေးရေးလိုအပ်ချက်တွေကို အထောက်အပံ့ပေးခြင်း၊ ခေတ်မီဆန်းသစ်ပြီး သင့်တင့်လျောက်ပတ်တဲ့ ငွေကြေးထောက်ပံ့မှုဖြင့် စိုက်ပျိုးရေးကဏ္ဍလိုအပ်ချက် တွေကို ဖြည့်ဆည်းပေးခြင်း၊ Hire Purchase နဲ့ အိမ်ရာချေးငွေအစီအစဉ်တွေကတစ်ဆင့် အိမ်ရာပိုင်ဆိုင်မှုတိုးတက်လာစေဖို့ တစ်ဦးချင်း ချေးငွေ ထုတ်ပေးခြင်း စတာတွေကို ဒီ Business Center ကအဓိက ဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုတွေက တစ်ဆင့် မြန်မာနိုင်ငံအထက်ပိုင်းနဲ့ မန္တလေး ဒေသမှာရှိတဲ့ စီးပွားရေးလုပ်ငန်း အရွယ်အစားမရွေးနဲ့ ဘဏ်ဝန်ဆောင်မှုရယူသူ အားလုံးနဲ့ အတူ ပူးပေါင်းဆောင်ရွက်ပြီး ဒေသတွင်း စီးပွားရေး အခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်နိုင်မယ်လို့ ကျွန်တော်တို့ အပြည့်အဝ ယုံကြည်ပါတယ်။




YOMA BANK
The Responsible Bank.



**Samantha@Hsu Thet Htoon**
Head of SME
Sales & Services Division
95(9)765602011, +95(9)43031521
samantha.htoon@yomabank.com

ကျွန်မကတော့ အသေးစား နှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နဲ့ စနစ်တကျ လည်ပတ်နိုင်စေရန် လိုအပ်တဲ့ ငွေကြေးအရင်းအနှီးကို လုပ်ငန်းကဏ္ဍမျိုးစုံအတွက် ချေးငွေ သိန်း ၁ သောင်းအထိ ဝန်ဆောင်မှု ပေးနေသော ရိုးမဘဏ်၏ SME ဘဏ်လုပ်ငန်းကို ဦးဆောင်နေတဲ့ ဒေါ်ဆုသက်ထွန်း @ ဒေါ်ဆမာန်သာထွန်း ဖြစ်ပါတယ်။ လက်ရှိမှာ ရိုးမဘဏ်အနေနဲ့ အသေးစားနှင့်အလတ်စား စီးပွားရေးကဏ္ဍ တိုးတက်စေရန် ချေးငွေပုံစံ အမျိုးမျိုးအား လုပ်ငန်းကဏ္ဍအမျိုးမျိုးအတွက် ရည်ရွယ်ကာ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်း ချေးငွေအမျိုးအစားများကတော့ (၁) လုပ်ငန်းတိုးချဲ့ရန်နှင့် လုပ်ငန်း လည်ပတ်ရန် အတွက် အာမခံနှင့် ချေးယူနိုင်သော SME Express ချေးငွေ (၂)လုပ်ငန်းတိုးချဲ့ရန်နှင့် လုပ်ငန်းလည်ပတ်ရန် အတွက် အာမခံတန်ဖိုး၏ အပြည့်အဝ ချေးယူနိုင်သော SME Express Higher LTV ချေးငွေ (၃)လုပ်ငန်းလည်ပတ်မှုတွင်အသုံးပြုသော ဘဏ္ဍာရေးဆိုင်ရာ ဘဏ်စာရင်းများအားအပေါ် ထပ်ဆောင်းပေးသည့် Transactor ချေးငွေ (၄)လုပ်ငန်း၏ ရရန်ရှိ/ပေးရန်ရှိ စာရင်းများ အပေါ် ထုတ်ချေးပေးသည့် Payable/Receivable Financing ချေးငွေ (၅) မြေနှင့်အဆောက်အဦးအပြင် ကုန်ပစ္စည်းများအား လက်ရောက်အပေါင်ယူကာ ထုတ်ချေးပေးသည့် လက်ရောက် အပေါင်ချေးငွေ Pledge ချေးငွေ နှင့် အခြားသော လုပ်ငန်း လည်ပတ်ရန် ချေးငွေအမျိုးအစားများ ဖြစ်ပါတယ်။ ထိုချေးငွေဝန်ဆောင်မှုတွေကို ရိုးမဘဏ်ရဲ့ ဘဏ်ခွဲတွေမှာရှိတဲ့ ချေးငွေဆိုင်ရာ အထူးကျွမ်းကျင် ဝန်ထမ်း SME Specialists တွေနဲ့ ရိုးမဘဏ် ရုံးချုပ် နဲ့ Business Center များမှာ ရှိတဲ့ ချေးငွေဆိုင်ရာ အထူးကျွမ်းကျင်ဝန်ထမ်း SME Hunters တွေက အချိန်နှင့်တပြေးညီ ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။ ချေးငွေဝန်ဆောင်မှုတွေကို အချိန်ကြန့်ကြာမှု မရှိစေရန် စံနှုန်းများ သတ်မှတ်ပြီး အမြန်ဆုံးဝန်ဆောင်မှု ပေးလျက်ရှိတာကြောင့် လူကြီးမင်းတို့ရဲ့ ချေးငွေလျှောက်ထားမှုတွေကို လိုအပ်တဲ့ စာရွက်စာတမ်းတွေ ပြည့်စုံသည့်အချိန်မှ စပြီး အများဆုံး ရုံးဖွင့်ရက် (၁၄) ရက်အတွင်း ရရှိနိုင်မှာ ဖြစ်ပါတယ်။



**Gerald Loh**
Head of Corporate Banking
+95-9752398373
geraldloh@yomabank.com

ကျွန်တော်ကတော့ Gerald Loh ဖြစ်ပါတယ်။ အနည်းဆုံးမြန်မာကျပ်ငွေ ၁ ဘီလီယံ ချေးငွေရယူနိုင်တဲ့ အသေးစားနှင့် အလတ်စား ပြည်တွင်း လုပ်ငန်းတွေကစပြီး နိုင်ငံတစ်ဝန်းမှာ ရုံးခန်းတွေရှိပြီး အရောင်း ဝန်ဆောင်မှု ဘီလီယံကျော်ရှိတဲ့ လုပ်ငန်းကြီးတွေအထိ မတူကွဲပြား တဲ့ customer တွေကို ဝန်ဆောင်မှုပေးနေတဲ့ ရိုးမဘဏ်ရဲ့ ကော်ပိုရိတ် ဘဏ်လုပ်ငန်းကို ဌာနဦးစီးမှူးတစ်ယောက်အနေနဲ့ ကြီးကြပ် ရပါတယ်။ ကျွန်တော်တို့အဓိက ဝန်ဆောင်မှု ပေးတာတွေကတော့ ချေးငွေနဲ့ တခြားငွေကြေး ဆိုင်ရာပစ္စည်းတွေ၊ ဘဏ္ဍာရေးနဲ့ ငွေကြေး လည်ပတ်မှုစီမံခန့်ခွဲခြင်း ဝန်ဆောင်မှု၊ စက်ပစ္စည်း အငှား ဝယ်ယူခြင်း၊ ကုန်သွယ်မှုငွေရေးကြေးရေးနဲ့ ကုမ္ပဏီရှင်တွေ အတွက် ဝန်ဆောင်မှု စတာတွေပါဝင်ပါတယ်။

ရိုးမဘဏ်ရဲ့ မြန်မာနိုင်ငံအထက်ပိုင်း Business Center ကို ၂၀၁၉ခုနှစ်၊ ဇူလိုင်လကတည်းကစပြီး မန္တလေးမြို့မှာ ဖွင့်လှစ်လည်ပတ် လျက်ရှိပါတယ်။ ဒီ Business Center မှာ စီးပွားရေးအလား အလာကောင်းတွေရှိနေတဲ့ မန္တလေးမြို့ အခြေစိုက်စီးပွားရေးလုပ်ငန်း တွေရဲ့ လုပ်ငန်းတိုးတက်ရေးမှာ တစ်ဖက်တစ်လမ်းကနေ ငွေရေး ကြေးရေးဆိုင်ရာ ဝန်ဆောင်မှုတွေ ပေးစွမ်းနိုင်ဖို့ ရည်ရွယ်ပြီး အတွေ့အကြုံရင့် ကော်ပိုရိတ်ဘဏ်လုပ်ငန်း ကျွမ်းကျင်သူတွေက ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။ အကျိုးဆက်အနေနဲ့ သတင်းကောင်း ကတော့ အလားအလာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ရင်းနှီးမတည်ငွေ မရှိခြင်းနဲ့ လုပ်ငန်းအတွက် ဘဏ်ကတစ်ဆင့် ငွေကြေးထောက်ပံ့မှု ရရှိနိုင်ချေနည်းခြင်းစတာတွေကြောင့် စီးပွားရေး အခွင့်အလမ်းတွေ ရပ်တန့်သွားတာမျိုး မရှိနိုင်တော့ပါဘူး။

မန္တလေးမြို့ရဲ့ တိုးတက်မှုအရှိန်အဟုန်ကို စီးမျောရင်း ကျွန်တော်တို့ရဲ့ ဒေသတွင်း ကော်ပိုရိတ်ဘဏ်လုပ်ငန်း ဆောင်ရွက်မှုတွေက အဲဒီဒေသမှာရှိတဲ့ စီးပွားရေးအသိုက်အဝန်းအတွက် စီးပွားရေး လုပ်ငန်း ဆောင်တာတွေကို တဖြေးဖြေး အရှိန်မြှင့်တင်ပေးမှာ ဖြစ်သလို ဒေသတွင်း လူမှုအသိုက်အဝန်းရဲ့နေထိုင်မှု အဆင့်အတန်း ကိုလည်း တိုးတက်လာအောင် ကူညီလုပ်ဆောင် ပေးနိုင်မှာ ဖြစ်ပါတယ်။ ရိုးမဘဏ် ကော်ပိုရိတ် ဘဏ်လုပ်ငန်းဝန်ဆောင်မှု တွေကို ရယူဖို့ မြန်မာနိုင်ငံအထက်ပိုင်းဒေသနဲ့ မန္တလေးမြို့မှာရှိ လုပ်ငန်းရှင်တွေကို ဖိတ်ခေါ် ချင်ပါတယ်။



**Kyaw Naing Oo**
Head of Business Financing
Business Financing Department
+95 (9)250689484,
+95 (9)765602036
kyawnaingoo@yomabank.com

လက်ရှိမှာ ကျွန်တော်က ရိုးမဘဏ်ရဲ့ စိုက်ပျိုးရေး နှင့် မွေးမြူရေး ချေးငွေဌာနကို ဦးစီးတာဝန်ယူထားပါတယ်။ ကျွန်တော်တို့ ရိုးမဘဏ်မှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းကဏ္ဍမှာ ပါဝင်သူ အားလုံးအတွက် ရာသီပေါ် ချေးငွေ၊ ရရန်ရှိ အကြွေးအတွက် ကြိုတင် ထုတ်ချေးငွေ ၊ ပေးရန်ရှိအကြွေးအတွက် ကြိုတင် စိုက်ထုတ် ချေးငွေ နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မှ ကုန်စည်ပစ္စည်း အာမခံ ချေးငွေများကို ချေးငွေသက်တမ်း ၆ လ ၊ ၉ လ မှ ၁ နှစ်အထိ ချေးယူနိုင်တဲ့ ချေးငွေတွေကို ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကုန်စည်ပစ္စည်း အာမခံ ချေးငွေမှလွဲ၍ အခြားသော ချေးငွေများကို အပေါင်ပစ္စည်းထားရှိရန်မလိုဘဲ ချေးယူနိုင်တဲ့ ဝန်ဆောင်မှု တွေလည်း ရှိပါတယ်။

မန္တလေးမှာရှိတဲ့ ရိုးမဘဏ်ရဲ့ Business Center မှာ Product တစ်ခုချင်းစီကို တာဝန်ယူထားတဲ့ဘဏ်ရဲ့ ကျွမ်းကျင်ဝန်ထမ်းတွေက လူကြီးမင်း ရဲ့ လယ်ယာ စီးပွားရေး လုပ်ငန်းဆိုင်ရာ အခက်အခဲ တွေကို နားထောင်ပေးပြီး လိုအပ်ချက်နဲ့ ကိုက်ညီမယ့် ချေးငွေ ဝန်ဆောင်မှုတွေ ကူညီလျှောက်ထားပေးခြင်း ၊ လုပ်ငန်းတိုးတက် အောင် ကူညီအကြံပေးဆောင်ရွက်ပေးခြင်း စတာတွေအပြင် လာရောက်တဲ့ Customer တွေရဲ့ အကြံပြုချက်တွေကို ဂရုပြုပြီး ဈေးကွက်လိုအပ်ချက်နဲ့ ကိုက်ညီမယ့် ဝန်ဆောင်မှုတွေ ပေးအပ် လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ အဓိက ဝင်ငွေဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍက ရရှိတာဖြစ်ပြီးလယ်ယာလုပ်ငန်းကို အခြေပြုတဲ့ စီးပွားရေးလို့လည်း ပြောလို့ရပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်းဒေသနဲ့မန္တလေးမြို့မှာရှိတဲ့ လုပ်ငန်းတော်တော်များများဟာ လယ်ယာလုပ်ငန်းကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်တာကြောင့် ဒီဒေသရဲ့ စီးပွားရေး ဖွံ့ဖြိုးမှု အတွက် လယ်ယာစီးပွားရေးလုပ်ငန်း ငွေကြေးဝန်ဆောင်မှုက အဓိကအခန်းကဏ္ဍက ပါဝင်ပါတယ်။ မြန်မာနိုင်ငံ အထက်ပိုင်း ဒေသမှာရှိတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းကဏ္ဍမှာ ပါဝင်သူ အားလုံးအတွက် အထောက်အကူဖြစ်စေမယ့် လုပ်ငန်းလည်ပတ်ငွေ၊ လယ်ယာလုပ်ငန်းသုံး ချေးငွေ ၊ ရာသီပေါ်ချေးငွေ အမျိုးမျိုးကို ရိုးမဘဏ်ရဲ့ မန္တလေးမြို့မှာ ဖွင့်လှစ်လိုက်တဲ့ Business Center မှာ အလွယ်တကူ ရယူနိုင်မှာ ဖြစ်ပါတယ်။ လူကြီးမင်းရဲ့ လုပ်ငန်း လိုအပ်ချက်တွေကို အကောင်းဆုံး ဖြည့်ဆည်း လုပ်ဆောင်နိုင်ဖို့ ရိုးမဘဏ်ရဲ့ Business Center ကို လာရောက်စုံစမ်းဖို့ ဖိတ်ခေါ်ပါရစေ။



**Zarni Linn**
Head of Sales (Hire Purchase)
+95 9 262770707
zarnilin@yomabank.com

ရိုးမဘဏ်က လက်လီငွေကြေးဝန်ဆောင်မှုကို ဒီဂျစ်တယ် စနစ်နဲ့ လုပ်ဆောင်နိုင်အောင် ကူးပြောင်းနေတဲ့ ဖန်တီးမှု အားကောင်းတဲ့ ဘဏ်တစ်ခုဖြစ်တာကြောင့် ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်တာက ဒီအငှားဝယ်ယူစနစ်ချေးငွေကို Digital Portal ပေါ်ကတစ်ဆင့် ဝန်ဆောင်မှုပေးဖို့ ဖြစ်ပါတယ်။ ရိုးမဘဏ်ရဲ့ အငှားဝယ်ယူစနစ် ချေးငွေနဲ့ မော်တော်ယာဉ် ၊ လယ်ယာသုံး စက်ပစ္စည်းများ၊ စက်ယန္တရား၊ မော်တော်ဆိုင်ကယ်နှင့် အခြားသော ဆက်စပ်ပစ္စည်းများ အစရှိတဲ့ ပစ္စည်းတွေကို မိမိဝင်ငွေနဲ့ အဆင်ပြေဆုံးဖြစ်မယ့် ချေးငွေ ကာလကို ရွေးချယ်ပြီး ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ Customer တွေရဲ့ အငှား ဝယ်ယူစနစ်နဲ့ လျှောက်ထား ဝယ်ယူမှုတွေကို အကောင်းဆုံး နဲ့ အမြန်ဆုံး ဝန်ဆောင်မှုပေးနိုင်အောင် အထူး သီးသန့် အဖွဲ့ ဖွဲ့စည်း ထားပြီး အချိန်နဲ့ တပြေးညီ ဝန်ဆောင်မှုပေးလျက် ရှိပါတယ်။ ဘဏ်ရဲ့ အခွင့်ရ အရောင်းကိုယ်စားလှယ် အများစုက မန္တလေး နဲ့ မြန်မာနိုင်ငံ အထက်ပိုင်းဒေသက ဖြစ်တဲ့အတွက် အခုလို မြန်မာနိုင်ငံရဲ့ ဒုတိယမြောက် စီးပွားရေးအရ အချက်အချာကျတဲ့ မန္တလေးမြို့မှာ ဒီလိုမျိုး ဘဏ်ရဲ့ စီးပွားရေးစင်တာရှိတာဟာ အားလုံးအတွက် အကောင်းဆုံး ဖြစ်မယ်ဆိုတာ ယုံကြည်ပါတယ်။ ရိုးမဘဏ်က မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံသားတစ်ဦးချင်းစီတိုင်းကို ဆန်းသစ်ဖန်တီးထားတဲ့ ဘဏ္ဍာရေးနဲ့ ငွေကြေး ဝန်ဆောင်မှု ပေးအပ်ခြင်းတွေနဲ့အတူ ဒီဂျစ်တယ် ဘဏ်စနစ်သို့ ဦးတည် လျှောက်လှမ်းနေတဲ့ မြန်မာနိုင်ငံရဲ့ အကောင်းဆုံး ဘဏ်တွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် လူကြီးမင်းရဲ့ လုပ်ငန်း လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ အမျိုးမျိုးသော ဘဏ်လုပ်ငန်း ဝန်ဆောင်မှု တွေကို ရယူဖို့ မြန်မာနိုင်ငံ အထက်ပိုင်းဒေသအတွက် မန္တလေးမြို့မှာ ဖွင့်လှစ် လိုက်တဲ့ ရိုးမဘဏ် Business Center က အကောင်းဆုံးဖြစ်မှာပါ



**May Myat Phyu Sin**
Home Loan Manager
+95 9 765 160955
maymyatphyusin@yomabank.com

ဒီ Business Center မှာ အိမ်ရာချေးငွေ ဝန်ဆောင်မှုကိုလည်း ရယူနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ထပ်ခါစ ကြင်စဦးဇနီးမောင်နှံတွေပဲဖြစ်ဖြစ်၊ တစ်ဦးချင်း ဝယ်ယူသူတွေပဲ ဖြစ်ဖြစ် အိမ်ရာချေးငွေ ဝန်ဆောင်မှု နဲ့ ပတ်သက်တဲ့ အသေးစိတ်တွေကို ဘဏ်ရဲ့ Home Loan Specialistတွေ နဲ့ အေးအေးဆေးဆေး ညှိနှိုင်းတိုင်ပင်ပြီး ဝန်ဆောင်မှု ရယူနိုင်မှာပါ။



**Thwe Ni Oo**
Regional Manager(5)
+95 9 2052650
thwenioo@yomabank.com

မန္တလေးမြို့မှာ ရိုးမဘဏ်က အခုလို စီးပွားရေး လုပ်ငန်းတွေအားလုံး အတွက်အဆင်ပြေစေမယ့် ငွေကြေးဝန်ဆောင်မှု Business Center ကိုဖွင့်လှစ်လိုက်ပြီ ဖြစ်တာကြောင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသ မှာရှိတဲ့ လုပ်ငန်းရှင်တွေ လုပ်ငန်းတိုးချဲ့ဖို့ လိုအပ်တဲ့ ငွေကြေး ဆိုင်ရာဝန်ဆောင်မှုတွေကို အလွယ်တကူ အဆင်ပြေစွာနဲ့ ဝန်ဆောင်မှု ရယူနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီ Business Center မှာ တစ်ဦးချင်း အတွက်ရော ကော်ပိုရိတ် လုပ်ငန်းဆိုင်ရာ အတွက်ပါ မြန်ဆန်စွာနဲ့ အကောင်းဆုံး ဝန်ဆောင်မှုပေးမယ့်ဘဏ်ရဲ့ ကျွမ်းကျင် ဝန်ထမ်းတွေက အသင့်ရှိနေပါပြီ။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသမှာ ဖွင့်လှစ်လိုက်တဲ့ ဒီစီးပွားရေးစင်တာဟာ ဒေသခံ စီးပွားရေး လုပ်ငန်းရှင်တွေ ဘဏ်ဝန်ဆောင်မှုကို အလွယ်တကူ ရယူလိုသူတွေ အတွက် တကယ့်ကို အဆင်ပြေစေမယ့် နေရာတစ်ခု လည်းဖြစ်ပါတယ်။ ဒါကြောင့် လူကြီးမင်းရဲ့ လုပ်ငန်းကို ချဲ့ထွင်ဖို့ ဒါမှမဟုတ် လုပ်ငန်း အတွက် ပြီးပြည့်စုံတဲ့ ငွေကြေး ဝန်ဆောင်မှုတွေ ရယူဖို့ ရိုးမဘဏ်ရဲ့ ဒီ Business Center ကို လာရောက်ဖို့ သတင်းပါးပါရစေ။

ထို့ကြောင့် လူကြီးမင်းလုပ်ငန်းအတွက် လိုအပ်သော ချေးငွေ ဝန်ဆောင်မှုများ နှင့် ဘဏ်လုပ် ဝန်ဆောင်မှုများကို မန္တလေးမြို့ရှိ Business Center တစ်နေရာတည်းတွင် အကောင်းဆုံး နှင့် အမြန်ဆုံး ရယူရန် ဖိတ်ခေါ်လိုက်ရပါသည်။

လူကြီးမင်း၏ လုပ်ငန်းအတွက် ချေးငွေဝန်ဆောင်မှု နှင့် အခြားသောငွေကြေးဝန်ဆောင်မှု အသေးစိတ်ကို သိရှိလိုပါက ဖော်ပြပါ
သက်ဆိုင်ရာ ဌာန တာဝန်ခံများ နှင့် ရိုးမဘဏ် Call Center - ၉၆၆၂ (သို့မဟုတ်) ၀၉ ၇ ၉၆၆၂ ၉၆၆၂ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်နု(ခ)ဒေါ်လု

**မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်**

**အသက်(၇၀)**

မြစ်ကြီးနားမြို့၊ ဆွမ်ပရာဘွမ်နေ (ဦးကာလူ-ဒေါ်လမ့်ထုလွှော်)တို့၏ ချစ်လှစွာသောသမီး၊ မြစ်ကြီးနားမြို့နေ (ဦးချစ်ရွှေ-ဒေါ်ရီရီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၈လမ်း၊ အမှတ် ၁၇၁၊ အခန်း ၇နေ ဦးချာလီရွှေ၏ချစ်လှစွာသောဇနီး၊ (ဦးကိုကိုမောင်-Chief Officer)၊ ဂျယ်နီ(ခ)ဒေါ်ချိုချိုသက်တို့၏ ချစ်လှစွာသောမိခင်သည် ၃-၈-၂၀၁၉ရက် (စနေနေ့) ညနေ ၄း၅၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၄-၈-၂၀၁၉ရက် မွန်းလွဲ၁ နာရီတွင် ရေဝေးစွန်နီ ကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဘို

**အသက်(၈၁)နှစ်**

သူငယ်ချင်း ဗိုလ်မှူးချုပ် မျိုးအောင်လတ်-ဒေါ်ငွေငွေစိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁-၈-၂၀၁၉ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၆)EP-EC သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Genius Coffee ၏မိခင်ကြီး ဒေါ်မြင့်မြင့်စိန် အသက် (၇၅)နှစ်သည် ၁-၈-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Genius ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Genius Coffee ၏မိခင် ဒေါ်မြင့်မြင့်စိန် အသက် (၇၅)နှစ်သည် ၁-၈-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မလေးလေးမြင့်နှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မလေးလေးမြင့်၏ အချစ်ဆုံးသူငယ်ချင်းများ**
**မခင်သန္တာထွန်း၊ မစန္ဒီသန်း၊ မမြကေခိုင်၊ မနီနီခိုင်**

---

## ဦးစောလှ

**မန်နေဂျာ(ကုန်လုပ်ငန်းဌာန)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေကူးဘူတာရုံလမ်း၊ အမှတ် ၄၄နေ ဦးဦးစောမြ-ဒေါ်ဖြူမတို့၏သား၊ (ဦးသန်းနိုင်-ဒေါ်ခင်စော)တို့၏သားသမက်၊ ဒေါ်နိုင်နိုင် စော၏ချစ်လှစွာသောခင်ပွန်း၊ မအေးချမ်းမြင့်၊ မမျိုးသင်္ဂီကျော်၊ မအေးသီရိကျော်တို့၏ချစ်လှစွာသောဖခင်၊ ဦးအေးကျော်-(ဒေါ်ခင်ပြုံးရီ)၊ ဒေါ်ကျော့ခင်တို့၏ညီ/မောင်၊ ဦးစောမြအောင်၊ ဒေါ်မြစိန်-ဦးကျော်ဆန်းဦး၊ ဦးမောင်မောင်ဝင်း၊ ဒေါ်မဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးသန်းဝင်း၊ ဦးဘိုဝင်း၊ ဒေါ်မိမိအေး၊ ဦးကျော်ဇေယျ၊ ဦးမောင်မောင်အေးတို့၏အစ်ကိုသည် ၃-၈-၂၀၁၉ ရက်(စနေနေ့) မွန်းလွဲ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၉ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြသဇင်လမ်း၊ အရာထမ်းအိမ်ရာ၊ အခန်း၁၀၃ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၉ရက်(သောကြာနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပုဇွန်တောင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးနွေဦးကို

B.E(Civil), RIT(1996 Batch)
M.Sc(Construction Project Management @ Herriot Watt University)
SUR BANA JURONG PTE LTD,Singapore
AE(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း၊ အမှတ် ၁၀၈နေ (ဦးစံ)-ဒေါ်တင်တင်မြတို့၏သား၊ ဦးလင်တွာဘ-ဒေါ်ကျင်မွေး တို့၏သားသမက်၊ စင်ကာပူမြို့နေ ဒေါ်သင်းသင်းခိုင်၏ခင်ပွန်း၊ မအိန္ဒြာဖြိုး၊ မနွေးနွေးဖြိုးတို့၏ဖခင်၊ စင်ကာပူမြို့နေ ဦးဇော်မင်း အောင်-ဒေါ်မိုးစံသူတို့၏အစ်ကို၊ မအိန္ဒြာခင်၊ မထက်သီရိတို့၏ ဘကြီး၊ ဦးကျော်သီဟ၊ ဦးရဲမင်း-ဒေါ်သင်းသင်းအောင်တို့၏ ညီ/မောင်၊ ဦးထိန်လင်း၏အစ်ကို၊ ဦးစံကြည်-(ဒေါ်ခင်လှ)၊ (ဦးစံကြိုင်)-ဒေါ်မြင့်မြင့်ကြည်၊ (ဒေါ်ဆန်း)၊ ဦးအုန်းဟန်-ဒေါ်နုနုရီ၊ ဦးအုန်းရှိန်-ဒေါ်ထွေးထွေးတို့၏တူသည် ၁-၈-၂၀၁၉ရက် (ကြာသပတေးနေ့) ည၇း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၉ရက် မွန်းလွဲ ၃း၄၅နာရီတွင် စင်ကာပူမြို့၊ မန်ဒိုင်(Mandai)သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**

## ဒေါ်တင်တင်ဦး(ခ)ဘေဘီ

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ မဥ္ဇူ ၃ လမ်း၊ အမှတ် ၃၄နေ (ဦးဘဦး-ဒေါ်ခင်သက်ဝေ) တို့၏သမီး၊ (ဦးဆိပ်-ဒေါ်သိန်းမြ) တို့၏ချွေးမ၊ ရာသက်ပန်အသင်းဝင် ဦးကျော်စိုး၏ ဇနီးသည် ၂-၈-၂၀၁၉ရက်(သောကြာနေ့) နံနက်၃း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

**အမှုဆောင်အဖွဲ့**

---

## ဒေါ်ခင်မြင့်

**အငြိမ်းစား-စစ်သမီး**
**(တပ်မတော်မှတ်တမ်းရုံး)**

**အသက်(၇၈)နှစ်**

မြိတ်မြို့နေ (ဦးဖေသိန်း-ဒေါ်ဟန်နွဲ့)တို့၏ချွေးမ၊ လက်ပံတန်းမြို့နေ (ဦးထွန်းရွှေ-ဒေါ်ညို) တို့၏သမီး၊ အမှတ်၁၇၀/၂၊ R(4)နေ (ဗိုလ်မှူးအုန်းမောင်)၏ဇနီး၊ (ဒုဗိုလ်ခင်မောင်အုန်း)၊ ဦးဝင်းသောင်း၊ (ဒုဗိုလ်မှူးကြီးခင်မောင်ဇော်)-ဒေါ်နီနီလွင်ရွှေ၊ ဒေါ်မေသီအုန်းတို့၏မိခင်၊ မောင်ဖုံဇော်ဆက်လွင်ရွှေ၊ မောင်ထွန်းထွန်းလင်း၊ မအေးချမ်းကြူးကြူးမေ တို့၏အဘွားသည် ၂-၈-၂၀၁၉ရက် (သောကြာနေ့) ည ၈း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်ဆန်းဝင်း

**(ဖောင်တော်သီ)**
**B.A(History)**
**ရုံးအုပ်(ငြိမ်း)၊ အထည်(၇)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄/၇၆၅၊ တကောင်းလမ်းနေ (ဦးဇော်ဖေ-ဒေါ်သန်း)တို့၏သမီး၊ ဒေါ်သန်းတင်အောင်၊ ဒေါ်ခင်သိန်းဝင်းတို့၏ညီမ၊ ဦးဇော်သိန်းလွင်၊ ဦးဇော်ဝင်းထင်-ဒေါ်နွဲ့နွဲ့ရီ၊ (ဦးအောင်ဆန်းထွဋ်)-ဒေါ်ခင်ဆန်းရီ(ခ)ဘေဘီ၊ ဦးဇော်ဝင်းအောင်-ဒေါ်ဦးဦးမြ၊ ဦးအောင်ကျော်ဦး-ဒေါ်အေးအေးမော်တို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၂-၈-၂၀၁၉ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## သမားတော်ကြီး ဦးမောင်ညဏ် (ဩသဓဆေးတိုက်)

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ(ငြိမ်း)**
**တိုင်းရင်းဆေးကောင်စီဝင်(ငြိမ်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၇လမ်း၊ အမှတ် ၁၄၅၊ ဩသဓဆေးတိုက်နေ (ဦးမောင်ရွှေ-ဒေါ်သောင်းကြည်)တို့၏သား၊ (ဦးဗျောက်ဝ-ဒေါ်မယ်ဟန်)တို့၏သားသမက်၊ (ဒေါ်နွဲ့ဝင်း)၏ခင်ပွန်း၊ ဒေါ်အုံးကြည်၏မောင်၊ (ဦးယုတင်-ဒေါ်သိန်း)၊ ဦးဝမ်စိန်-ဒေါ်မြင့်တို့၏အစ်ကို၊ ဦးစိန်ဦး-ဒေါ်မြင့်မြင့်ကြည်၊ ဆရာဦးနေဝင်းအောင်-ဆရာမ ဒေါ်မြင့်မြင့်ဝင်း(အထက-၄၊ ပုဇွန်တောင်)၊ (ဆရာဦးငွေအောင်)-ဒေါ်မြမြဝင်း၊ ဆရာဦးငွေဝင်း-ဒေါ်နှင်းအိအိခိုင်၊ ဦးသိန်းဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဦးသီဟ-ဒေါ်ခင်နီလာမင်း၊ ဦးသီလ-ဒေါ်နှင်းနှင်းအေး (နေပြည်တော်ယာဉ်မောင်းသင်တန်းကျောင်း)၊ ဦးအောင်ဇေယျာတင်-(ဆရာမဒေါ်ခင်မိုးအေး)၊ ဦးထင်ကျော်-ဒေါ်ဥမ္မာတို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းဇော်ဦး-မသော်တာဝင်း၊ ဗိုလ်ကြီးမောင်မောင်ကျော်၊ မမြတ်သင်္ဂီ၊ မောင်ညဏ်ပိုင်စိုးအောင်(ခ)ဘုန်းမြင့်အောင်၊ မောင်လှမြင့်ဦး၊ မောင်ခန့်ထူးအောင်၊ မောင်အောင်ကောင်းမြတ်၊ ဗိုလ်လောင်းကျော်ဆန်း၊ မအင်ကြင်းမွှေး၊ မောင်စိုးလင်း၊ မောင်ကံကောင်း၊ မောင်ထက်ပိုင်စိုး၊ မောင်ပွင့်ကောင်းတို့၏အဘိုး၊ မိမိလေး၏ဘိုးဘိုးကြီးသည် ၂-၈-၂၀၁၉ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**တိုင်းရင်းမြန်မာသမားတော်ကြီး ဆရာကြီး**

## အဘ ဦးမောင်ညဏ်

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၇လမ်း၊ အမှတ် ၁၄၅နေ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ(ယခင်)အဖွဲ့ဝင်၊ နိုင်ငံတော် တိုင်းရင်း ဆေးအကြံပေး(ယခင်)အဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်း(ဗဟို)(ယခင်)ဥက္ကဋ္ဌ အဘ ဦးမောင်ညဏ် ဩသဓဆေးတိုက် သည် ၂-၈-၂၀၁၉ရက် မွန်းလွဲ ၁၂း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန် ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**တိုင်းရင်းဆေးတက္ကသိုလ်ကျောင်းသားဟောင်းများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**တိုင်းရင်းမြန်မာသမားတော်ကြီး ဆရာကြီး**

## အဘ ဦးမောင်ညဏ်

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၇လမ်း၊ အမှတ် ၁၄၅နေ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ(ယခင်)အဖွဲ့ဝင်၊ နိုင်ငံတော် တိုင်းရင်းဆေးအကြံပေး (ယခင်)အဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်း(ဗဟို)(ယခင်)ဥက္ကဋ္ဌ အဘ ဦးမောင်ညဏ် (ဩသဓဆေးတိုက်) သည် ၂-၈-၂၀၁၉ရက် မွန်းလွဲ ၁၂း၂၀ နာရီတွင် နေအိမ်၌ကွယ်လွန် ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ရုပ်ပျိုတိုင်းရင်းဆေးမိသားစု(ရွှေဘိုမြို့)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## သမားတော်ကြီး ဦးမောင်ညဏ် (ဩသဓဆေးတိုက်)

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ(ငြိမ်း)**
**တိုင်းရင်းဆေးကောင်စီဝင်**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၇လမ်း၊ အမှတ် ၁၄၅နေ (ဒေါ်နွဲ့ဝင်း)၏ခင်ပွန်း၊ သမားတော်ကြီး ဦးမောင်ညဏ် (ဩသဓဆေးတိုက်) မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ(ငြိမ်း)၊ တိုင်းရင်းဆေးကောင်စီဝင် သည် ၂-၈-၂၀၁၉ရက် တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသာရင်ဆေးတိုက်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## သမားတော်ကြီး ဦးမောင်ညဏ် (ဩသဓဆေးတိုက်)

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ(ငြိမ်း)**
**တိုင်းရင်းဆေးကောင်စီဝင်**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၇လမ်း၊ အမှတ် ၁၄၅နေ (ဒေါ်နွဲ့ဝင်း) ၏ခင်ပွန်း၊ သမားတော်ကြီး ဦးမောင်ညဏ် (ဩသဓဆေးတိုက်) မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ(ငြိမ်း)၊ တိုင်းရင်းဆေးကောင်စီဝင် သည် ၂-၈-၂၀၁၉ရက် တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ငွေငွေခိုင် မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

---

## ဦးသန်းဝင်း (တောင်ကြီး၊ ဟဲဟိုး) B.E(MECH)-1975

**အထွေထွေမန်နေဂျာ၊ကုန်ထုတ်(ငြိမ်း)**
**မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၃လမ်း၊ တိုက်(၅)၊ တတိယထပ်နေ (ဦးအုန်းမောင်-ဒေါ်သန်းရင်) တို့၏သား၊ ဒေါက်တာမောင်မောင်သန်း-ဒေါ်စန်းမြင့်သန်း (UK)၊ (ဒေါ်အေးမြင့်)၊ (ဒေါ်လှမြင့်)၊ ဦးနေဝင်း-ဒေါ်ချစ်ချစ်တို့၏ညီ/မောင်၊ နီလာသန်း၊ သီဟသန်း၊ နေတက်ထွန်းတို့၏ဦးလေးသည် ၃-၈-၂၀၁၉ရက်(စနေနေ့) နံနက် ၄း၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှမြခိုင် (စစ်တွေ/သန်လျင်)

**အသက်(၈၁)နှစ်**

သန်လျင်မြို့၊ အေးရိပ်ငြိမ်လမ်း၊ အမှတ် (၄/၁၀၃)၊ မြို့ဟောင်းအလယ်ရပ်ကွက်နေ (ဦးသာဇံလှ-ဒေါ်စောသာဖြူ)တို့၏သမီး၊ (ဦးမြသာဦး-ဒေါ်ကြာဝင်းဖြူ)တို့၏ သမီးချွေးမ၊ (ဦးသာထွန်း) သန်လျင်ရေနံချက်စက်ရုံ(ငြိမ်း)၏ဇနီး၊ ဦးထွန်းမြ-ဒေါ်စံပယ်၊ ဦးစောရွှေသိုက်-ဒေါ်မိမိခိုင်၊ ဒေါ်သီတာခိုင်(Aluminium Empire Co.,Ltd)၊ ဦးမောင်မောင်ထွေး-ဒေါ်သင်္ဂီနိုင်(စွမ်းအားGas ဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ (ဦးဦးသာကျော်-ဒေါ်မစိန်လှ)တို့၏ညီမ၊ (ဦးမောင်ကြီး)-ဒေါ်မသိန်းနု၊ (ဦးဝေဖြူ-ဒေါ်အောင်ကြွခံ)၊ (ဦးသာထွန်းအောင်)-ဒေါ်ဦးသိန်းယဉ်တို့၏ အစ်မ၊ မယွန်းရွှေခိုင်၊ မထူးမြတ်ရွှေ၊ မောင်ရှင်းသန့်၊ မမေမိုး စက်တို့၏ အဘောင်ရှင်သည် ၁-၈-၂၀၁၉ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၉ရက်(စနေနေ့) ညနေ ၃ နာရီတွင် သန်လျင် အမိုးနီသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးကြည်ဝင်း B.Sc(Botany)

**ဒု-စက်ရုံမှူး(ငြိမ်း)-စက်မှု(၁)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း ၄၀(အထက်)၊ အမှတ် ၂၆၄(သုံးလွှာ)နေ (ဦးသန်းမောင်-ဒေါ်ကြည်) တို့၏သား၊ ဒေါ်သန်းသန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန္တာခိုင်(I.W.T)၊ ဒေါ်လတ်လတ်ခိုင်(I.W.T)တို့၏ဖခင်သည် ၃-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၄း၄၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးလှတင်

**ပြည်နယ်တရားလွှတ်တော် တရားသူကြီး၊ ချင်းပြည်နယ်(ငြိမ်း)**
**ဗိုလ်မှူး(ငြိမ်း)၊ ကြည်း/၁၇၈၁၄၊ OTS(၆၅)**

**အသက်(၆၈)နှစ်**

သုံးဆယ်မြို့နေ (ဦးဗလစိန်-ဒေါ်သန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကျွန်းချောင်း/ကွမ်းခြံ ၃လမ်း၊ တိုက်(၉/၁၅)၊ အခန်း ၂၀၄နေ ဒေါ်တင်တင်ဝေ၏ခင်ပွန်း၊ ဒေါ်ထားထားအောင်(လ/ထ ကထိက- ကွန်ပျူတာတက္ကသိုလ်-တောင်ငူ)၊ ဦးသန်းထိုက်အောင် (အထက်တန်းရှေ့နေ)၊ ဒေါ်ဆွေဆွေအောင်(အထက်တန်းရှေ့နေ)၊ မောင်တင်ရဲလင်း (Site Engineer)၊ ဗိုလ်စိုးမိုးထက်(လားရှိုးမြို့)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၉ရက်(သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၉ရက်(ကြာသပတေးနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ဆွေဆွေထား

**အသက်(၆၆)နှစ်**

ရေနံချောင်းမြို့၊ ရွာသစ်ရပ်နေ ဦးသောင်းတင်-ဒေါ်အုန်းသန်းတို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးဗိုလ်-ဒေါ်သောင်းသောင်းတို့၏သမီးချွေးမ၊ ပြင်ဦးလွင်မြို့၊ မြနန္ဒာရပ်ကွက်၊ အမှတ်(စီစီ-၅၁/၅၂)နေ ရဲအုပ်ဦးနေဦး (ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မိတ္ထီလာမြို့၊ အမှတ်(၁)ရှေ့တန်းအခြေချ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်နေ ဗိုလ်မှူးမြင့်ဇော်ဦး-ဒေါ်ခိုင်ဇာမွန်၊ ပြင်ဦးလွင်မြို့နေ ဦးညီညီဇော်(ဝင်းရတနာ ကားအသင်း)-ဒေါ်အေးသောင်း(စွယ်စုံ ကပက)၊ ဦးအောင်သိုက်-ဒေါ်ဝါဝါခိုင် (အထက-၂) တို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၈-၂၀၁၉ရက်(သောကြာနေ့) ညနေ ၆း၅၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃-၈- ၂၀၁၉ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ဆွေဆွေထား

**အသက်(၆၆)နှစ်**

သူငယ်ချင်း ဗိုလ်မှူးမြင့်ဇော်ဦး-ဒေါ်ခိုင်ဇာမွန်တို့၏မိခင် ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ဆွေဆွေထား သည် ၂-၈-၂၀၁၉ရက် ညနေ ၆း၅၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။

အနိစ္စကောင်းရာသုဂတိလားပါစေ။

**OTS(102) ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

## ဒေါ်ဆွေဆွေမြင့်

**လ/ထ ညွှန်ကြားရေးမှူး(CARTC)**
**သုံးဆယ်မြို့**

**အသက်(၅၈)နှစ်**

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ သရက်လေးပင်ရပ်နေ (ဦးသိန်းဖေ-ဒေါ်စိန်ပု)၊ အနောက်လမ်းသစ်လမ်းနေ (ဦးကောင်းဆွယ်-ဒေါ်သိန်းမှင်)တို့၏ မြေး၊ (ဦးကျော်ဦး-ဒေါ်သန္တာဝင်း)၊ ဒေါ်နွဲ့နွဲ့အေး(၄က်ဖျားတိုက်ဖျက်ရေး)တို့၏ ညီမ၊ ဦးနန်းဝင်း-ဒေါ်မြမွန်မွန်ဦး၊ ဦးအောင်ကျော်ဇော-ဒေါ်ပိုးအိဖြူတို့၏အဒေါ်၊ မထက်သဉ္ဇာဦး၊ မောင်ဩကောင်းခတို့၏ဘွားလေး၊ သရက်လေးပင်ရပ်နေ ဦးမောင်မောင်မြင့် (ဒေါ်တင်တင်)တို့၏သမီးသည် ၂-၈-၂၀၁၉ရက် နံနက် ၁၁း၁၁နာရီ တွင်ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ပေါက်တန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

သင့်သွေးဖြင့် အသက်ကယ်ပါ

**(၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်**

**ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဆက်လက်ထောက်ခံကြောင်း အာဆီယံက ထပ်လောင်းအတည်ပြု**

စာ ➢ ၅

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၃**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ



မြေဖို့မြေယာဖော်ထုတ်ရေးစီမံကိန်းမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-မောင်သွင်

# စစ်တွေမြို့အရှေ့ဘက်၌ ဆောင်ရွက်နေသော ဧက ၉၀ ခန့်ရှိ မြေဖို့မြေယာဖော်ထုတ်ရေးစီမံကိန်းမှ မြို့ပြနေရာသစ်တစ်ခု ပေါ်ထွက်လာတော့မည်

**စစ်တွေ ဩဂုတ် ၃**

ရခိုင်ပြည်နယ် စစ်တွေမြို့၏ အရှေ့ဘက် ကုလားတန်မြစ်အနောက်ဘက်ခြမ်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံမှ BXT International ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ဧက ၉၀ ခန့်ရှိ မြေဖို့မြေယာဖော်ထုတ်ရေးစီမံကိန်းမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သဖြင့် မြို့ပြနေရာသစ်တစ်ခုအဖြစ် ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီဖို့မြေစီမံကိန်းဟာဆိုရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ ခွင့်ပြုထားတဲ့ လုပ်ငန်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာ ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းစာချုပ်ချုပ်ပြီး ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ပါတယ်။ နေရာကတော့ ကုလားတန်မြစ်ဘေးမှာဖြစ်ပြီး မြေအကျယ်အဝန်းကတော့ ဧက ၉၀ ခန့် ဖြစ်ပါတယ်။ အဓိကတော့ မြေဖို့လိုက်ပြီးတော့ မြို့ကိုတိုးချဲ့လိုက်တဲ့သဘော ဖြစ်ပါတယ်။ အသစ်ပေါ်ထွက်လာတဲ့ ဒီစီမံကိန်းမြေပေါ်မှာ သက်ဆိုင်ရာကုမ္ပဏီကနေ အကွက်ရိုက်ပြီးတော့ အခြေခံအဆောက်အဦတွေ ဆောက်လုပ်တာတွေ၊ လမ်းဖောက်လုပ်တာတွေ၊ လိုအပ်တဲ့ လျှပ်စစ်မီးသွယ်တန်းတာတွေနဲ့ အကွက်နယ်နိမိတ်သတ်မှတ်တာတွေကို သက်ဆိုင်ရာ ကုမ္ပဏီကနေ

*စာမျက်နှာ ၇ ကော်လံ ၁* ❄

# အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ ပထမနေ့တွင် မြန်မာအသင်း နိုင်ပွဲစတင်ရရှိ

ရန်ကုန် ဩဂုတ် ၃

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၉ အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ မြန်မာအသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။**



မြန်မာနှင့် ဟောင်ကောင်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ကိုကိုစိုးညွန့်

အိမ်ရှင် မြန်မာအသင်းသည် ဟောင်ကောင်အသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ခဲ့ရပြီး သုံးပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဟောင်ကောင်အသင်းကို ၂၅-၂၀ မှတ်၊ ၂၅-၂၂ မှတ်၊ ၂၅-၂၂ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟောင်ကောင်အသင်းသည် မြန်မာအသင်းကို လက်ရည်တူ လိုက်ကစားနိုင်သော်လည်း မြန်မာအသင်းက ပွဲငယ်ပြီးခါနီးတွင် အမှတ်များဆက်တိုက် ရယူနိုင်ခဲ့သောကြောင့် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

အခြားပွဲများတွင် ကာဇက်စတန်အသင်းက ဗီယက်နမ်အသင်းကို ၂၅-၂၂ မှတ်၊ ၂၅-၁၈ မှတ်၊ ၂၅-၁၅ မှတ်ဖြင့် သုံးပွဲပြတ်၊ ထိုင်းအသင်းက နယူးဇီလန်အသင်းကို ၂၂-၂၅ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၅-၁၇ မှတ်၊ ၂၅-၁၀ မှတ်ဖြင့် (၃-၁)ပွဲ၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ●

## တရုတ်-အာဆီယံ ယူ-၁၂ ပြိုင်ပွဲတွင် မြန်မာအသင်း တစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထား

**ရန်ကုန် ဩဂုတ် ၃**

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တရုတ်-အာဆီယံ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက တရုတ်နိုင်ငံ၌ ကျင်းပရာ မြန်မာအသင်း တစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် ပထမနေ့တွင် နှစ်ပွဲကစားခဲ့ပြီး နံနက်ပိုင်းတစ်ပွဲ၊ ညနေပိုင်းတစ်ပွဲ ယှဉ်ပြိုင်ကစားရသည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲတွင် ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် တတိယပွဲအဖြစ် ဩဂုတ် ၄ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု(ခ) ၌ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ မြန်မာ ယူ-၁၂ အသင်းသည် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) မှ ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး အာဆီယံထိပ်သီးအသင်းများနှင့် တွေ့ဆုံနေသောကြောင့် အတွေ့အကြုံကောင်းများရရှိမည့် ပြိုင်ပွဲလည်းဖြစ်သည်။

အုပ်စုပွဲများမှာ ဩဂုတ် ၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရသည့် နှစ်သင်းစီမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။